


Scanned with ACE Scanner




Scanned with ACE Scanner

ချစ်သူ ၀၁၆၀
ငြိမ်းချမ်းရေး ကွက်သစ် စာအုပ်ဆိုင်

ထက္ကသိုလ်သီဟအောင်

# သခင်မွှမား

(ပထမပိုင်း)

Scanned with ACE Scanner

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

Scanned with ACE Scanner

တစ်ရက်ဖတ်ခ(        )ကျပ်
ရေစို စုတ်ပြဲ ပျောက်ဆုံး ပျက်စီးလျှင်
စာအုပ်တန်ဖိုးပေးလျော်ရမည်၊
ရက်တိုးခများလျှော့ပေးမည်မဟုတ်ပါ

အတိတ်ဟောင်း၊ အဖြစ်ဟောင်း၊

---

မြောက်ပိုင်းဒေသ....

မြောက်ပိုင်းဒေသသည် အေးချမ်းသာယာ၍၊

ရိုးသား ပွင့်လင်းသူများ၊ စိတ်သဘောထား ဖြူစင်သူများ နေထိုင်ကြသည့် အရပ်ဒေသ ဖြစ်၏၊

သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည့် မိုးကြိုးဓားသမား ထောင်းစု နေထိုင်ရာ အရပ်ဒေသလည်းဖြစ်သည်၊

တစ်နည်းအားဖြင့်....

ဤအရပ်ဒေသသည် ကောင်းစုံတို့ မိသားစု နေထိုင်ရာ ဘူမိနက်သန် နေရာဒေသပင် ဖြစ်တော့သည်၊

* * *

မိုးကြိုးခေါ ကောင်းစု....

မိုးကြိုးခေါ ကောင်းစုသည် သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားနေသော ထိပ်တန်း သိုင်းသမားတစ်ဦးပင် ဖြစ်၏။

ကောင်းစု၏ ခေါသိုင်းကွက်ကို သိရှိသူ သိုင်းလောကတွင်မရှိပါ။

အကြောင်းမှာ....

ကောင်းစု၏ ခေါသိုင်းကွက်ကို သိရှိသောသူသည် လူသေအလောင်း ဖြစ်သွားတတ်သည်ပင်။

မိုးကြိုးခေါ ကောင်းစုကို အနက်ရောင် သိုင်းလောကသားတို့က ဖိန့်ဖိန့်တုန်အောင် ကြောက်လန့်ကြ၏။

အကြောင်းမှာ....

သူသည် အမျိုးအကျိုး၊ သိုင်းလောကအကျိုး သည်ပိုးနေသည့် အဖြူရောင် သိုင်းသမား တစ်ယောက် ဖြစ်နေခြင်းကြောင့်ပင်။

ထို့ကြောင့်....

မကောင်းမှု ပြုလုပ်နေသော အနက်ရောင် သိုင်းလောကသားတို့သည် မိုးကြိုးခေါ ကောင်းစုကို ဖိန့်ဖိန့် တုန်အောင် ကြောက်သည်မှာ မဆန်းပါချေ။

ကောင်းစု၏ ခေါကြောင့် သေဆုံးသွားရ သူတို့သည် အနက်ရောင် သိုင်းလောကသားတို့ ဖြစ်ကြသည်မဟုတ်ပါလော။

* * *

ကောင်းစုသည် သိုင်းလောကသို့ ကျင်လည်ကျက်စားရင်းမှ မြောက်ပိုင်းဒေသသို့ ရောက်ရှိလာခဲ့၏။

ရိုးသားဖြူစင်သော ကျင်းကျင်းဆိုသည့် မိန်းကလေးနှင့် တွေ့ဆုံ၍ အေးချမ်း သာယာသော ဘဝကို တည်ဆောက်ခဲ့မိသည်။

တစ်နည်းအားဖြင့်....

မိုးကြိုးခါး ကောင်းစုသည် သိုင်းလောကကို ကျောခိုင်း၍ မြောက်ပိုင်းဒေသ၌ ဇာတ်မြုပ် နေထိုင်ခဲ့ခြင်းပင် ဖြစ်တော့သည်။

ကောင်းစုသည် ကောင်းဖု ဆိုသော သားတစ်ဦး ရရှိခဲ့ချိန်အထိ အေးချမ်းစွာ နေထိုင်ခဲ့ရ၏။

သို့သော်...

ပြည်မသို့ ခရီးထွက်ရန် အကြောင်းဖန်လာခဲ့၏။

ထိုသို့....

ခရီးထွက်ရန် အကြောင်းဖန်လာခြင်းသည် အေးချမ်းသာယာသော ကောင်းစု၏ဘဝကို မုန်တိုင်းပမာ ဝင်ရောက်မွှေနှောက်ခဲ့ခြင်းပင် ဖြစ်လေတော့သည်။

* * * *

Scanned with ACE Scanner

# အရှုံးသမား

---

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံက စည်းချက်ကျကျ ထွက်ပေါ်လာ၏။

အဖြူရောင် ဝတ်စုံ ဝတ်ဆင်ထားပြီး ရုပ်ရည်ခန့်ညားသော လူရွယ်သည် မြင်းလှည်းကို ဓရစိုက်၍ မောင်းနှင် လာလေသည်။

မြင်းလှည်းပေါ်၌ ခရမ်းရောင် ဝတ်ဆင်ထားသော မိန်းမပျို တစ်ဦးနှင့် ကလေးငယ် တစ်ယောက်တို့ လိုက်ပါလာကြသည်။

မိန်းမပျိုသည် ဤမြို့ရွာ လှပသူ ဖြစ်၏။

သဘောမနောကောင်းပြီး ခပ်အေးအေး နေတတ်သူလည်း ဖြစ်ပုံရ၏။

ကလေးမှစမူ....

မိန်းမပျိုနှင့် လူရွယ်တို့ နှစ်ဦး၏ ရုပ်ရည်ကို အမွေရထားသူ ဖြစ်၏။

ကလေးငယ်သည် မြင်းလှည်း ပြတင်းပေါက်မှနေ၍ ပတ်ဝန်းကျင်ကို ကြည့်ရှုရင်း လိုက်လာစရာမှ မိန်းမပျိုဘက် လှည့်ကာ မေးလိုက်၏၊

'မေမေ....ဦးလေး မုယုဆီကို မရောက်သေးဘူးလားဟင်'

မိန်းမပျိုက ပြုံးလိုက်၏

'ရောက်ခါနီးပါပြီ သားရဲ့ ဟော....ပြေစရင်း ဆိုရင်း ဟိုမှာ မြင်နေရပြီ'

မလှမ်းမကမ်းရှိ ခြံဝင်းတစ်ခုကို ညွှန်ပြ၍ ပြောလိုက်လေသည်။

ကလေးငယ်က ခြံဝင်းကြီး၏ ခမ်းနား ထည်ဝါပုံကို သဘောကျသွား၏။

'ဦးလေး မုယုက ဒီမှာ နေတာကိုး၊ ခြံဝင်းကြီးက အကြီးကြီးနော်၊ ဒါဆို ဦးလေး မုယုက တော်တော် ချမ်းသာမှာပဲနော်'

မိန်းမပျိုက ခေါင်းညိတ်လိုက်၏။

'ချမ်းသာတာပေါ့ သားရယ်'

'ဦးလေး မုယုကို မုန့်တွေ အများကြီး ဝယ်ကျွေးခိုင်းရမယ်'

ကလေးငယ်က ကြုံးဝါးလိုက်၏၊

သူမက ရယ်လိုက်သည်။

ထိုစဉ်...

'ဟေး....ဟေး'

လူရွယ်သည် မြင်းများကို အော်ဟစ်၍ ခြံဝင်းရှေ့တွင်ရပ်လိုက်၏။

မြင်းလှည်းပေါ်မှ ပေါ့ပါးစွာ ခုန်ဆင်းလိုက်ချိန်၌ မိန်းမပျိုနှင့် ကလေးငယ်တို့တလည်း ဆင်းလာကြ၏။

လူရွယ်က သူတို့ကို ပြုံးပြရင်း....

'မုယုက လူတစ်မျိုး ညီမရဲ့၊ ဘယ်သူမဆို သူ့ဆီကို ရောက်လာရင် စီးလာတဲ့ မြင်းဖြစ်ဖြစ်၊ မြင်းလှည်းဖြစ်ဖြစ် ခြံဝင်းအပြင်မှာ ထားခဲ့ပြီး ခြံဝင်းထဲကို လမ်းလျှောက်လာမှ ကြိုက်တယ်...

'နို့မဟုတ်ရင် မြင်းနဲ့လာတဲ့လူ၊ မြင်းလှည်းနဲ့ လာတဲ့လူ၊ လမ်းလျှောက်လာရတဲ့ လူ အမျိုးမျိုးကွဲပြားကုန်မယ်၊ သူ့ဆီလာရင် ဘယ်သူမဆို တစ်ပြေးညီ ဆက်ဆံတာ၊ ဆင်းရဲ ချမ်းသာ ခွဲခြားတာ မဟုတ်ဘူး....

'ဒါနဲ့ပဲ ဘယ်သူမဆို ခြံဝင်းထဲကို လမ်းလျှောက် ဝင်လာကြပါလို့ စည်းကမ်း သတ်မှတ်ထားတာ'

မိန်းမပျို ပြုံးလိုက်သည်။

'အင်း....ဖြစ်ရမယ်၊ အစ်ကိုမုယုတာ တကယ့်လူ[illegible]စ် ယေစက်ပါပဲ'

လူရွယ်က ပြုံးရွှင်သောမျက်နှာဖြင့်....

'လာ....ညီမ၊ သွားကြရအောင်၊ ကဲ....သားက ဖေဖေ့ဆီကိုလာ'

ပြောပြီး ကလေးကိုချီသိုက်သည်။

ရှေ့မှနေ၍ ခြံဝင်းထဲသို့ ဝင်သွားသည်၊

လူမကလည်း အတုပ်ကလေးဆွဲကာ ဝင်သွားၿ၏၊

ခြံဝင်းတံခါးမကြီးမှသည် အဆောက်အအုံ ရှေ့သို့တိုင် ကျောက်ဖြူပြားများ ခင်ထားသည်၊

ကျောက်ပြားလမ်း တစ်ဖက်တစ်ချက်တွင် သစ်ပင်ပန်းပင် များရှိသည်။

သာယာလှပသော ပန်းခြံတစ်ခုအဖြစ် ဖန်တီးထားခြင်း ဖြစ်သည်။

ခြံထဲသို့ရောက်သောအခါ လူငယ်ခြေလှမ်း ရပ်တန့်သွား သည်။

'ဒိုး....အမှိုက်သရိုက်တွေ ပွနေပါလား'

လူရွယ်က တီးတိုးရေရွတ်လိုက်မိသည်။

မှန်ပေသည်။

ကျောက်ဖြူ လမ်းတစ်လျှောက်တွင်သစ်ရွက်ခြောက်များ ရှုပ်ပွနေသည်။

တစ်ချိန်က သာယာလှပတန့်ရှိခဲ့သော ပန်းခြံမှာ ပြုပြင် ထိန်းသိမ်းမည့်သူမရှိ၍ မြက်ပင် ပေါင်းပင်များ ဖုံးအုပ်ကာ ချုံတောကြီးပမာရှိနေ၏၊

အထူးခြားဆုံးမှာ....

အဆောက်အအုံကြီးသည် အပ်ကျသံ ကြားရလောက် အောင် တိတ်ဆိတ်နေပြီး လူသံ သူသံ မကြားရခြင်းဖြစ်သည်။

Scanned with ACE Scanner

'အံ့အားသင့်စရာဘဲ၊ မုယာလောက်အသန့်ပြန့် ကြိုက်တဲ့လူ မရှိဘူး၊ ခြံထဲကို ရောက်တဲ့လူတိုင်း မချီးကျူးဘဲ မနေနိုင်ဘူး၊ အခုတော့ ဘယ်လိုဖြစ်သွားတာပါလိမ့်'

လူရွယ်က မအောင့်နိုင်သဖြင့် ရေရွတ်လိုက်သည်။

မိန်းမပျိုက လူရွယ်၏လက်မောင်းကိုကိုင်ဆော....

'အစ်ကို....ကျွန်မတို့ ဒီခြံ မှားဝင်လာမိကြတာလားရှင်'

လူရွယ် ခေါင်းခါယမ်းလိုက်သည်။

'မမှားနိုင်ဘူး၊ ဒါ...မုယာခြံပဲ၊ အစ်ကို ကောင်းကောင်း သိတယ်'

'ဒါဖြင့်'

'မုယာ ဘာကြောင့် ဒီလောက်တောင် ပြောင်းလဲသွားရတာလဲ၊ အကြောင်းတော့ရှိမယ်၊ လာ....ညီမ'

လက်တစ်ဖက်က ကဆေးကိုကိုင်ရင်း ကျန်လက်တစ်ဖက်က မိန်းမပျိုလက်ကိုဆွဲကာ ကျောက်ပြားလမ်းအတိုင်း ခပ်သုတ်သုတ် လျှောက်လာ၏။

အဆောက်အအုံအနီးသို့ ရောက်သောအခါ နောက်ထူးခြားမှုတစ်ခုကို တွေ့လိုက်ရပြန်လေသည်။

အဆောက်အအုံကြီးမှာ ခမ်းနားထည်ဝါလွန်းသည်။

သို့သော်....

ပြုပြင်ထိန်းသိမ်းမှု မပြုလုပ်သဖြင့် ဖုန်များ ပင့်ကူအိမ်များတက်ကာ ညစ်ထေးထေးဖြစ်နေသည်။

ပြတင်းပေါက်များနှင့်တကွ တံခါးမကြီးလည်း ပိတ်ထားသည်ကို တွေ့လိုက်ရခြင်းဖြစ်လေသည်။

Scanned with ACE Scanner

လူရွှယ်ဇာ်မျက်နှာတွင် စိုးရိမ်ပူပန်သည့်အသွင် ဖြစ်ပေါ်လာလေသည်။

'သူနှင့်မတွေ့တာ တစ်နှစ်ကျော်ကျော်ရှိဦးမယ်၊ ပြောင်းတဲ့သွားလိုက်တာ မယုံနိုင်စရာဘဲ'

သူက တိုးတိုးရေရွတ်လိုက်သည်။

မိန်းမပျိုက အဆောက်အအုံအား အကဲခတ်ကြည့်ရင်း ပြောလေသည်။

'တံခါးပိတ်ထားတယ် လူမရှိဘူးထင်တယ်'

သူတို့သည် ရတနာခေးယုနှင့် တွေ့ရန် ခရီးဝေးမှလာခဲ့ရခြင်းဖြစ်သည်။

ယခု....

မုယုအား ဘယ်လိုတ်ရှာရမှန်းမသိ ဖြစ်နေ၏။

အမှန်ဆိုလျှင်....

လူရွယ်သည် ရတနာခေးမုယုနှင့် အလွန်ရင်းနှီးသည့် သွေးသောက်မိတ်ဆွေတစ်ယောက်ဖြစ်ပါသည်။

စင်စစ်....

လူရွယ်သည် မိုးကြိုးခေးကောင်းစုပင် ဖြစ်နေပေတော့သည်။

* * *

Scanned with ACE Scanner

တစ်ချိန်က ရတနာဓားမယုနှင့် မိုးကြိုးဓားကောင်းစုတို့သည် လှုမ်းလျှမ်းတောက် ကျော်ကြားသော ဓားသမားများ ဖြစ်သည့်အပြင် ညီရင်းအစ်ကိုတမျှ ချစ်ခင်ကြသော သူငယ်ချင်းမိတ်ဆွေများလည်းဖြစ်သည်။

ကောင်းစုသည် ကျင်းကျင်းနှင့် လက်ထပ်ခဲ့ပြီး မြောက်ပိုင်းဒေသ၌ တာတိမြုပ်နေထိုင်ခဲ့ပြီး နောက်တွင် သိုင်းလောကတွင် ယခင်ကလိုကျင်လည်ကျက်စားနိုင်ခြင်း မရှိတော့ပါ။

ရတနာဓားမယုနှင့်လည်း တတွဲတွဲ မလုပ်နိုင်တော့ပါ။

နှစ်ယောက်သားလှချင်းကွဲသွားသလိုမိုးကြိုးဓားကောင်းစု၏ အမည်သည်လည်း သိုင်းလောက၌ တဖြည်းဖြည်းမှုန်မှိန်သွားလေသည်။

မည်သို့ဆိုစေ....

ရတနာဓားမယုသည် ကောင်းစု၏အပေါ် ခင်မင်ရင်းနှီးသည့်အလျောက် မြောက်ပိုင်းသို့ရောက်လျှင် ကောင်းစုထံသို့ ဝင်ဖြစ်အောင်ဝင်ပြီး လည်ပတ်တတ်သည်။

သူနေထိုင်ရာ ထိုကျိုသို့လည်း လာရောက်လည်ပတ်ရန် အကြိမ်ကြိမ် ဖိတ်ခေါ်သည်။

မယုက မကြာခဏရောက်လာတတ်၍ ကောင်းစု၏ဇနီးသည် ကျင်းကျင်း၊ သားဖြစ်သူ ကောင်းဖုတို့နှင့်ပါ ခင်မင်ရင်းနှီးနေပြီဖြစ်သည်။

ယခု....

ကောင်းစုသည် ဇနီးကျင်းကျင်း၊ သားကောင်းဖုတို့ကို ခေါ်ကာ မယုထံ လာရောက်လည်ပတ်ခြင်းဖြစ်သည်။

Scanned with ACE Scanner

ရတနာ့ခေးမုယုဏ် အကျင့်စရိုက်ကို ကောင်းကောင်းကြီး သိထားသောကောင်းစုံသည် မုယုဏ်ခြံဝင်းအတွင်းမှ အဖြစ်အပျက်များကြောင့် အံ့အားသင့်ခြင်းမက အံ့အားသင့်နေမိပါတော့သည်။

မုယုအကြောင်းတွေးနေရာမှ....

'အစ်ကိုကြီး၊ မုယုမရှိဘူးထင်တယ်၊ ကျွန်မတို့ပြန်ကြပါစို့လားဟင်'

'ခဏနေဦး၊ ညီမ'

ပြောပြောဆိုဆို အိမ်တံခါးမကြီးကို အကဲခတ်ကြည့်လိုက်သည်။

တံခါးပိတ်ထားသည်မှာ မှန်သည်။

သို့သော်....

သော့ခတ်ထားခြင်း မရှိချေ။

ကောင်းစုံက လက်နှစ်ဖက်ဖြင့် တွန်းကြည့်လိုက်၏။

ထိုအခါ....

'ကျွီ'

တံခါးရွက်များ ပွင့်သွားလေတော့သည်။

သူမမှာ စိုးရိမ်သွားသည့်အလား နောက်သို့ခြေတစ်လှမ်း ဆုတ်လိုက်လေသည်။

ကောင်းစု ချထားခဲ့သည့် သားဖြစ်သူထောင်းဖုကိုလည်း လက်ဆွဲထားလိုက်သည်။

ကောင်းစုံမှာ သူတို့သားအမိနှစ်ယောက်ကို အမှုမထားနိုင်အားသေးပါ။

တံခါးများကို ပိတ်ထားကြသဖြင့် အမှောင်လွှမ်းနေသည့် အဆောက်အဦးတွင်သို့ လှမ်းဝင်လိုက်ရင်း….

'မုယာ….မုယာ'

ဘုန်း၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မုယာအသံ မကြားရပါ။

နေ့ညမပြတ် စည်သည်များဖြင့် စည်ကား၍ နေခဲ့သော မုယာ၏အဆောက်အဦးကြီးသည် ချောက်ချားဖွယ် ကောင်းအောင် တိတ်ဆိတ်၍နေသည်။

ကောင်းစု စိုးရိမ်စိတ် ဝင်ဝင်လာသည်။

မုယာ တစ်စုံတစ်ခု ဖြစ်နေပြီဟုလည်း ထင်မှတ်လာလေ၏။

ထို့ကြောင့်….

'ညီမ အပြင်မှာပဲ စောင့်နေ'

သူမကိုပြောကာ အဆောက်အဦးအတွင်းဘက်သို့ သတိကြီးစွာထားပြီး ဝင်သွားသည်။

'အစ်ကို သတိထားနော်'

သူမက စိုးရိမ်တကြီး သတိပေးလိုက်သည်။

ကောင်းစုသာ ခေါင်းညိတ်ပြရင်း အတွင်းဘက်သို့ လှမ်းဝင်သွားလေသည်။

သူက ခေါ်မယူလာခဲ့သည်ကို နောင်တရလိုက်မိလေသည်။

ကျင်းကျင်းနှင့် အိမ်ထောင်ကျပြီးကတည်းက ခေါ်မကိုင်ဘဲ နေခဲ့သည် မဟုတ်ပါလား။

မုယာထံသို့ လာရောက်လည်ပတ်ခြင်းဖြစ်၍ ခေါ်ယူလာစရာလည်း မလိုပေ။

သူကိုယ်သူ သိုင်းသမား တစ်ယောက်ဟုပင် မေ့နေပြီ ဖြစ်သည်။

ယခုလို ထူးခြားမှုနှင့် ဆုံလိုက်ရသောအခါမှ သိုင်းသမား စိတ် ပြန်ပေါ်လာခြင်း ဖြစ်သည်။

ကောင်းစု သတိထားလိုက်သည်နှင့် မိမိသည် သိုင်းသမား တစ်ယောက် ဖြစ်သွားသည်။

လက်တစ်ဖက်က ခုခံကာကွယ်ရန် ရင်ဝ၌ အကာအကွယ် ပြုထားလိုက်ပြီး၊ ကျန်လက်တစ်ဖက်က တိုက်ခိုက်ရန် အသင့် ပြင်ထားလိုက်လေသည်။

ထို့နောက်....

တစ်လှမ်းချင်းလှမ်း၍ အတွင်းဘက်သို့ ဝင်သွားလေ၏။

မုယု၏ အဆောက်အဦးကြီးက အဆောင်ဆောင် အခန်းခန်းဖြင့် ကြီးမားကျယ်ဝန်းလှသည်

တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ရှာလျှင် အချိန်အတော် ကုန်မှ တစ်အိမ်လုံးနှံ့မည် ဖြစ်သည်။

ကောင်းစုက မုယုအားတွေ့လိုစိတ် ပြင်းပြနေသည်။

ထို့ကြောင့်....

မတွေ့တွေ့အောင်ရှာဖို့ ဆုံးဖြတ်လိုက်သည်။

ကျင်းကျင်းနှင့် အိမ်ထောင်မကျမီက ဆိုလျှင် မုယု၏အိမ်သည် သူ့အတွက် စားအိမ်သောက်အိမ် ဖြစ်ခဲ့ပါသည်။

တံခါးမရှိ ဓားမရှိ ဝင်ထွက် သွားလာခဲ့ဖူး၍ အိမ်ခန်းများ၏ ဖွဲ့စည်းပုံအနေအထားကို ကောင်းစွာ သိထားခဲ့ပါသည်။

Scanned with ACE Scanner

မုယူသည် အိမ်၌နေလျှင်....

စာဖတ်ခန်း၊ အိပ်ခန်းနှင့် သီးသန့်ခန်း၊ ထိုသုံးနေရာတို့ကို အသုံး အများ၊ ဖြစ်သည်၊

ဤအိမ်၌ မုယူရှိနေမည်ဆိုလျှင်....

ထိုနေရာ သုံးနေရာ၌ တစ်နေရာ ရှိရမည်ဖြစ်၏။

ကောင်းစု အနည်းငယ်စဉ်းစား၍ စာဖတ်ခန်းကို ဦးစွာ ရှာရန် ရွေးချယ်လိုက်၏၊

မုယူသည် စာဖတ်ခန်းသို့ဝင်လျှင်....

ထမင်းမေ့ ဟင်းမေ့၊ ခေါ်မကြား အော်မကြား၊

လောကကြီးတစ်ခုလုံးကို မေ့နေတတ်သူလည်း ဖြစ်၏၊

မုယူသည် စာဖတ်ဝါသနာသူလည်း ဖြစ်သည် မဟုတ်ပါ လား၊

ကောင်းစုသည် စာဖတ်ခန်းသို့ ဦးတည်လိုက်လျှင် သူ၏ နှာခေါင်းထဲ၌ ထူးခြားသောအနံ့အသက်တစ်ခုကို ရရှိလိုက် သည်၊

ကောင်းစု မျက်မှောင်ကြုတ်သွားသည်၊

နှာခေါင်း တရှုံ့ရှုံ့ဖြင့် သေသေချာချာ ရှူရှိုက်လိုက် သည်၊

တစ်ဆတ်တည်းပင်....

ထိုအနံ့သည် စာဖတ်ခန်း၏ဘေးဘက် မုယူအနားယူလေ့ ရှိသော အခန်းထဲမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သတိပြု မိလိုက်သည်၊

ချက်ချင်းပင် အနားယူအခေါင်သို့ ခြေဦးလှည့်လိုက်မိ ပါသည်။

အနားယူအခေါင်ရှေ့သို့ ရောက်လျှင် အနံ့အသက်မှာ ပို၍စူးရှ ပြင်းထန်လာလေ၏။

ထိုအနံ့အသက်မှာ အခြားတော့ မဟုတ်ပါ။

အရက်နံ့ပင် ဖြစ်သည်။

မုယုရော ကောင်းစုပါ အရက်ဆိုလျှင် ဝေးဝေးမှ ရှောင် သူများ ဖြစ်ပါ၏။

အရက်လုံးဝမသောက်ကြသဖြင့် အရက်ဆိုလျှင် ဝေးဝေး မှပင် ရှောင်ကြသူများ ဖြစ်ပါသည်။

အရက် လုံးဝမသောက်ကြသဖြင့် အရက်နံ့ဆိုလျှင် ချက် ချင်း သိနေခြင်း ဖြစ်သည်။

အရက်မသောက်သော မုယု၏ အိမ်ထဲ၌ အရက်နံ့များ တထောင်းထောင်း ထနေသည်မှာ အဘယ်ကြောင့်ပါနည်း။

ကောင်းစုံသည် အနားယူဆောင်ရှေ့သို့ရောက်လျှင် ခြေ လှမ်း ရပ်လိုက်၏။

စိတ်ကိုတည်ငြိမ်အောင် စုစည်းထားလိုက်သည်။

အဆောင်တံခါးကို စိုက်ကြည့်ကာ နားစွင့်လိုက်လေ၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

ထူးခြားမှု တစ်စုံတရာ ဖြစ်ပေါ်မလာသသို့ အသံဗလံကို လည်း မကြားရပါ။

ကောင်းစုစိတ်ထဲတွင် အဆောင်ထဲ၌ တစ်စုံတစ်ယောက် ရောက်ရှိနေကြောင်း တစ်ဆစ်ချ ယုံကြည်လာလေသည်။

Scanned with ACE Scanner

ဓောင်းစုသည် အဘန်ကြာအောင် ငြိမ်သက်စွာ ရပ်နေ ရာမှ လှုပ်တစ်ပြက် လှုပ်ရှားလိုက်၏။

တံခါးကိုတွန်းဖွင့်ကာ အတွင်းဘက်သို့ ခုန်ဝင်လိုက်ခြင်း ဖြစ်သည်။

'ဂုန်း'

အဆောင်တံခါး ပွင့်သွားသည်။

ဓောင်းစုသည် အဆောင်ထဲသို့ ရိပ်ခနဲ ရောက်ရှိ သွား သည်။

အဆောင်ထဲ၌ ရှိနေသော မုယာကို တွေ့မြင်လိုက်ရလေ သည်။

* * *

အဆောင်ထဲ၌ တိတ်ဆိတ် ငြိမ်သက်နေ၏။

ပြတင်းတံခါးများ ပိတ်ထားရ၍ အမှောင်ရိပ် လွှမ်းမိုးနေ သည်။

အရစ်နံ့ တထောင်းထောင်း ထနေသည့် အပြင် စားပွဲ ပေါ် မှောက်လျက်ရှိနေသူတစ်ဦး၏ သဏ္ဌာန်ကိုတော့ ဓောင်း စု သတိပြုမိလိုက်၏။

မသဲမကွဲ အလင်းရောင်ဖြင့် ပုံပန်းသဏ္ဌာန်မျှသာ တွေ့ရသော်သည်၊ ထိုလူမှာ မုယုဖြစ်ကြောင်း သူအတပ် သိလိုက်မိသည်။

'မုယု'

ကောင်းစုက ခပ်အုပ်အုပ် ခေါ်လိုက်၏၊

မုယုဆီမှ တုံ့ပြန်သံ မကြားရပါ၊

သို့သော်....

ထူးခြားသော အသံကို မသဲမကွဲ စတင် ကြားလာရလေသည်။

သူက သေချာ နားစွင့်လိုက်သောအခါ လူတစ်ယောက်၏ အိပ်ပျော်နေရာမှ ဟောက်သံ ဖြစ်နေသည်ကို ခွဲခြားသိရှိလိုက်သည်၊

မုယုသည် စားပွဲပေါ် မှောက်လျက် တခေါခေါဟောက်၍ အိပ်ပျော်နေသည်တကား။

သူ အကြီးအကျယ် စိတ်ပျက်မိသည်၊

ခေါင်းသွင်သွင် ခါယမ်းမိ၏၊

မုယုအား ယခုလို အဖြစ်မျိုးနှင့် တွေ့ရမည်ဟု လုံးဝမှန်းဆခဲ့ပါ

ကောင်းစု စိတ်လျှော့လိုက်၏၊

အန္တရာယ် မရှိမှန်း သိလိုက်၍ အေးအေးဆေးဆေး ဖြစ်သွား၏၊

အနားယူ အဆောင်မှ ပြတင်းတံခါးများကို ဖွင့်ပစ်လိုက်သည်။

ပြတင်းပေါက် တံခါးများ ပွင့်သွားသောအခါ အလင်းရောင်နှင့် အေးမြသည့် လေပြည်တို့ တိုးဝင်လာ၏။

အခန်းထဲ၌ လင်းချင်းသွားလျှင် ကောင်းစုက မုယုအနီးသို့ လှမ်းသွားပြီး သေချာစွာ အကဲခတ်၍ ကြည့်လိုက်မိလေသည်။

မုယုသည် စားပွဲပေါ်တွင် မှောက်လျက် တခေါခေါနှင့် အိပ်ပျော်နေ၏။

သူ၏ ပတ်ဝန်းကျင်၌ အရက်အိုးများ ဝိုင်းနေသည်။

သူ့ကို ကြည့်ရသည်မှာ အရက်ကို နေ့ရော ညရော တရစပ် သောက်ခဲ့ပုံ ရ၏။

ကောင်းစု သက်ပြင်းချလိုက်၏။

'မုယု...မင်းဘာကြောင့် ဒီလောက်တောင်ပြောင်းလဲသွားရတာလဲ'

သူက တီးတိုး ရေရွတ်မိသည်။

ထိုစဉ်....

'အင်း....အင်း'

ညည်းညူသံ သဲ့ သဲ့ ထွက်လာ၏။

မုယုမှာ အိပ်ပျော်ရာမှ နိုးလာတော့၏။

* * *

'မင်း နိုးလာပြီလား'

ကောင်းစုက မေးလိုက်၏။

သူ၏ အသံကြောင့် မုယ လှုပ်လှုပ်ရွရွ ဖြစ်သွားလေတော့သည်။

မျက်လုံးကို လက်ဖြင့် ပွတ်ရင်း....

'ဘယ်သူလဲကွ'

ဟူ၍ မေးလေသည်။

ကောင်းစု ပင့်သက်ရှိုက်မိ၏။

'ငါ့ကိုတောင် မမှတ်မိတော့အောင် အခြေအနေ ဆိုးနေပြီလား ကွာ'

သူ၏ လေသံသည် ဆွေးမြည့် ကြေကွဲနေသည်။

မုယ၏အဖြစ်ကြောင့် စိတ်ထိခိုက်နေမိသည်မဟုတ်ပါလား။

မုယက ထရပ်လိုက်သည်။

သူ၏ ဆံပင်မှာ ရှုပ်ပွနေသလို အဝတ်အစားများ ပိုသိပတ်သီ ဖြစ်နေသည်။

အရက်သမားနှင့် တူနေ၏။

မုယသည် ကောင်းစု၏ စကားကို ဂရုမစိုက်သေးဘဲ စားပွဲပေါ်၌ အသင့်ရှိနေသော အရက်အိုးအား ယူ၍ မော့သောက်လိုက်၏။

ကောင်းစု၏ ခန္ဓာကိုယ် တုန်ခါသွားသည်။

နောက်သို့လည်း ခြေတစ်လှမ်း ဆုတ်မိ၏။

မုယ၏ လုပ်ရပ်ကြောင့် ထိတ်လန့်သွားသည့် သဘောမျိုး ဖြစ်သည်။

Scanned with ACE Scanner

အရက်ကို တစ်ဝသောက်ပြီးမှ မုယက အရက်အိုးကို ပြန်ချလိုက်၏။

နှုတ်ခမ်း၌ ပေကျံနေသော အရက်များကို လက်ဖြင့် သုတ်လိုက်၏။

ပြီးမှ....

ကောင်းစုကို ကြည့်သည်။

အခန်းတွင်း၌ လင်းလင်းချင်းချင်း ဖြစ်နေပါပြီ။

မုယသည် အိပ်ချင်စိတ်များ ပြယ်သွားပြီး အရက်သောက်လိုက်၍ လန်းဆန်းသွားပုံ ရ၏။

ကောင်းစုကို မြင်လျှင်....

'ဟာ...ကောင်းစု'

ဝမ်းခေါင်းသံဖြင့် အားရပါးရ ခေါ်လိုက်၏။

ချက်ချင်းပင်....

ကောင်းစုထံသို့ ပြေးဝင်လာပြီး သိုင်းဖက်လိုက်၏။

ကောင်းစုကလည်း ပြန်လည် သိုင်းဖက်ထားသည်။

သူတို့သည် ညီရင်း အစ်ကို တမျှ ချစ်ခင်ကြသော သွေးသောက် မိတ်ဆွေများ ဖြစ်ကြသည် မဟုတ်ပါလား။

တစ်ယောက်ကိုတစ်ယောက် သိုင်းဖက်မိကြချိန်တွင် မုယသည် နောက်ထပ် ထူးခြားချက်တစ်ခုကို ကောင်းစုသတိပြုလိုက်မိသည်။

* • •

အခန်းတွင်း၌ တိတ်ဆိတ်နေသည်၊

မိတ်ဆွေဟူသည့် နွေးထွေးမှုတစ်ရပ်သည် တစ်ခန်းလုံး လွှမ်းခြုံထားသည်ဟု ထင်ရ၏၊

ကောင်းစုနှင့် မုယုတို့ တစ်ယောက်ကိုတစ်ယောက် ဖက်ထားကြပြီး အကောက်ကလေးကြာမှ လူချင်း ခွာလိုက်လေ၏၊

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြသည်၊

မုယု၏မျက်နှာ ပြုံးရွှင်နေသည်၊

သူ၏မျက်ဝန်းအစုံတွင် မျက်ရည်ကြည်များ ရစ်ဝဲနေလေသည်၊

'ကောင်းစု၊ မင်း....မင်း ငါ့ဆီကိုလာတယ်နော်'

ကောင်းစု ခေါင်းညိတ်လိုက်သည်၊

မုယုက ကောင်းစုအားကြည့်ကာ....

'ငါ့ဆီကို ဧည့်သည်မပြတ်တမ်း ဝင်ထွက်နေတဲ့အချိန်က မင်းတစ်ခေါက်မှ ရောက်မလာဘူး၊ အခု ဘယ်သူမှ မရှိတော့တဲ့အချိန်မှ မင်းရောက်လာတယ်နော်၊ စမ်းသာလိုက်တာ သူငယ်ချင်းရာ'

မုယုက လှိုက်လှိုက်လှဲလှဲ ပြောသည်၊

သူ၏စကားဘောင် ခံစားချက်များ တစ်စွန်းတစ်စပေါ်ရှိနေသည်၊

ကောင်းစု၏ရင်ထဲ လှိုက်ခနဲဖြစ်သွားလေသည်၊

မုယုအား အားလုံးက စွန့်ခွာသွား၍ကြပြီဖြစ်ကြောင်းထင်ရှား၍နေပါသည်၊

အဘယ်ကြောင့်ပါနည်း။

သိင်္ဂလောက၌ လျှမ်းလျှမ်းတောက် အောင်မြင်နေစဉ် မုယုနှင့်နံဘေး၌ မိတ်ဆွေအပေါင်းအသင်းများ၊ ဂုဏ်ပြုချီးကျူးမည့်သူများ၊ အကူအညီတောင်းမည့်သူများ ဝိုင်းဝိုင်းလည်နေခဲ့ပါသည်။

ယခု....

အားလုံးက ဖယ်ခွာသွားသည်မှာ မုယု၏အောင်မြင်မှုများက ကျဆုံးခဲ့ရခြင်းကြောင့်ပင် ဖြစ်ရမည် မဟုတ်ပါလား။

ကောင်းစုကဲ ဘည်ကြည်မသော မျက်နှာထားဖြင့်....

'မုယု...မင်းဘာတွေဖြစ်နေတယ်ဆိုတာ ငါဘာမှမသိတာအမှန်ပဲ၊ အခုလဲ မင်းဆီကို အလည်လာခဲ့တာ'

သူက ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

သူတစ်ပါးစွန့်ခွာသွားချိန်တွင် သူက အားပေးရန်လာခဲ့ခြင်း မဟုတ်။

မုယု မည်သို့ဖြစ်ပျက်နေသည်ကို မသိပါ။

တောင်ယာ လုပ်ငန်းသိမ်းပြီး အားလပ်သည့်အပြင် ငွေရှင်နေသဖြင့် လာလည်ခြင်းဖြစ်သည်။

ကောင်းစုသည် အခွင့်အရေးယူသည့်လူစားမျိုး မဟုတ်ကြောင်း ထင်ရှားနေသည်။

မုယု ပြုံးလိုက်၏။

'ဘာပဲဖြစ်ဖြစ် မင်းလာတာ ငါဝမ်းသာတယ်၊ မင်းဟာငါ့ရဲ့ သူငယ်ချင်းကောင်းတစ်ယောက်ပါပဲ'

ကောင်းစုက မုယုအား အကဲခတ်ကြည့်လိုက်ပြီး...

'အေး….မင်းက ငါတို့ သူငယ်ချင်းကောင်းတစ်ယောက်လို သတ်မှတ်ရင် မင်းတာကြောင့် အရက်သမားလုံးလုံးဖြစ်သွားရတယ်ဆိုတာရယ်၊ မင်းရဲ့ လက်တစ်ဖက်က ဘာကြောင့်ဆုံးရှုံးသွားရတယ်ဆိုတာ ငါ့ကိုအမှန်အတိုင်းပြောပြရလိမ့်မယ်'

မုယု၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ကောင်းစု၏မျက်လုံးများက မုယု၏ ညာဘက်လက်ကို စိုက်ကြည့်နေလေသည်။

မှန်သည်။

မုယု၏ညာဘက်လက်မှာ ပခုံးမှနေ၍ တိတိရိရိ ပြတ်နေသည်။

အင်္ကျီလက်ရှည်ဝတ်ထားရာ လေတိုက်ခတ်လျှင်အင်္ကျီလက်သည် လှုပ်ယမ်းနေသည်။

မုယုက ကောင်းစုကို ပြန်ကြည့်သည်။

ထို့နောက်….

ချူဝူခန်းလှည့်ကာ စားပွဲပေါ်မှ အရက်အိုးကို ဆွဲယူပြီး မော့ချလိုက်လေတော့သည်။

* * *

Scanned with ACE Scanner

## ဓားပါရဂူ (၀၇) သိုင်းလောကပထမဓား

ကိတ်ဆိတ်နေသော အဆောက်အအုံတွင် သက်ဝင်စိုပြည်လာသည်။

စကားသံ၊ ရယ်မောသံများ ထွက်ပေါ်လာ၏။

ကောင်းစုတို့ မိသားသည် မုယု၏အိမ်တွင် တည်းခိုကြသည်

ကောင်းစုနှင့် ကျင်းကျင်းတို့သည် တောင်ယာလုပ်ကိုင်ခဲ့ကြရာ အိမ်သန့်ရှင်းရေး၊ ခြံဝင်းသန့်ရှင်းရေး လုပ်ငန်းများသည် ခက်ခဲသောအလုပ်များမဟုတ်ပေ။

ကောင်းစုတို့ ဇနီးမောင်နှံက တက်ညီလက်ညီ လုပ်ကိုင်သန့်ရှင်းကြရာ မုယုသည်းမနေနိုင်ပဲ ဝင်ရောက်လုပ်ကိုင်ပေးလေသည်။

Scanned with ACE Scanner

သိုးယောက်သား တက်ညီသက်ညီဖြင့် ရှင်းလင်းလိုက်ကြရာ မုယုဏ၏ခြံဝင်းနှင့် အခမ်းအနားတိုအဘဲ့ သည် အပြောင်းလဲကြီးပြောင်းလဲသွားပါတော့သည်။

အမှိုက်များကင်းစင်သွားပြီး ခြံဝင်းတစ်ခုလုံး သပ်သပ်ယပ်ယပ်ဖြစ်လာသည်။

ပန်းခြံမှာ သာယာလှပသွား၏၊
အိမ်ပေါ်တွင် ဖုံမရှိတော့ပေ၊
မုယုအား ရှင်လန်းနေသည်၊
ကောင်းစုတို့ကို သူနှင့်အတူနေဖို့ခေါ်သည်၊
သူတွင် ချမ်းသာ ကြွယ်ဝမှု ဖယ်ခွာမသွားတော့ချေ၊
သို့သော်....

ကောင်းစုနှင့် ကျင်းကျင်းတို့မှာ မြေခတ်ပိုင်းဒေသမှသူတို့၏အိမ်ကလေးကို ပို၍တွယ်တာကြသည်။

မုယုထံတွင် ဆယ် ငါးရက်ခန့် နေထိုင်ပြီး မြေခတ်ပိုင်းဒေသသို့ပြန်ရန် ဆုံးဖြတ်ထားသည်။

• • •

ကောင်းဖုံသည် စောစောစီးစီး အိပ်ရာဝင်သွားပြီ ဖြစ်သည်။

ကျင်းကျင်းက ယုံးစံအိုင်း ဆော ဖြစ်သူအနီး၌ နေလိုက်သည်။

ကောင်းစုနှင့် မုယုတို့က ပန်းခြံထဲထဲသို့ ဆင်းလာခဲ့ကြသည်။

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန် သာနေသည်။

လရောင်အောက်တွင် စန်းကျင် တစ်ခုလုံး သာယာလှပနေ၏။

ပန်းခြံအတွင်း၌ ရောင်စုံပန်းများ ဖူးပွင့်နေကြလေသည်။

လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်လာသောအခါတွင် မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံ့လာလေသည်။

ပန်းခြံအတွင်း၌ ကျောက်စားပွဲဆိုင်ခုံများ ရှိလေသည်။

အနားယူ အပန်းဖြေဖို့ ပြုလုပ်ထားခြင်းဖြစ်သည်။

ကောင်းစုနှင့် မုယုတို့သည် ကျောက်စားပွဲတွင် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြ၏။

မုယုက လက်ထဲဆွဲထားသော အရက်အိုးကို တစ်ကျိုက်မော့သောက်လိုက်၏။

'မုယု....မင်းအရက်ဖြတ်လိုက်လို့ မရဘူးလား'

'ဟား ဟား ဟား'

မုယု သဘောကျစွာ ရယ်မောလိုက်သည်။

ရယ်မောသံတွင် ကြေကွဲမှုများ ရောစွက်နေ၏။

မုယုက ရယ်မောရာမှ ရပ်တန့်လိုက်ပြီး....!

'ကောင်းစုံ၊ လောကပေါ်မှာ ငါ့အတွက်မိတ်ဆွေကောင်း ဆိုလို့ မင်းရယ် ပေဒါအရက်ရယ်ပဲ ရှိခဲ့ဘာ....

'မင်းကလဲ မြေကွက်ပိုင်းကို ပြန်မှာဆိုတော့ ငါ့အနားမှာ အဖော်အဖြစ် အရက်ပဲကျန်တော့မှာပေါ့ကွာ'

ဆက်၍ပြောလျှင်လည်း အကြောင်းထူးမည် မဟုတ်သဖြင့် ကောင်းစု ဆက်မပြောတော့ချေ၊

'ကောင်းစုံ၊ ဘာပဲပြောပြော မင်းရောက်လာတာ ငါ့ရဲ့ ဘဝကို အပြောင်းလဲကြီး ပြောင်းလဲသွားစေခဲ့တာ အမှန်ပဲ၊ ငါက အားလုံးကိုအရှုံးပေး လက်မြှောက်ထားမယ် အေး ပျော်ပျော်နေဖို့ ခွန်အားတွေ ရလာလို့ ပေါ့ကွာ....

'သိုင်းလောကမှာ မကျက်စား နိုင်တော့ပေမယ့် ဝမ်းနည်းစရာ မလိုဘူး၊ စိတ်ပျက်အားငယ်စရာ မလိုဘူးဆိုတာ ငါနားလည်သွားပါပြီကွာ'

ကောင်းစုံသည် မိုးကြိုးခေးအမည်ဖြင့် သိုင်းလောကတွင် ထင်ရှားခဲ့သူဖြစ်သည်။

သို့သော်....

သူက သိုင်းသမားဘဝကိုစွန့်ကာ ဇနီးသားသမီးများနှင့် ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့လေသည်။

သိုင်းသမား တစ်ယောက်ဖြစ်ရမှ လူ့ဘဝပြည့်စုံနိုင်သည် ရောင့်ရဲတင်းတိမ် နေနိုင်မည်ဆိုလျှင်....

မေတ္တာထားနိုင်မည်၊ သည်းခံခွင့်လွှတ် နိုင်မည်ဆိုလျှင်....

လောကကြီးသည် သာယာလှပပြီး နေချင်စရာ ကောင်း လှသည် မဟုတ်ပါလော။

ကောင်းစုသည် မုယုကဲ့သို့ မချမ်းသာပါ၊

သို့သော်....

ကောင်းစုံတို့မိသားစုမှာ ပျော်ရွှင်မှု ရှိနေပေသည်။

သူ့အဖို့မှာမူ ချမ်းသာသော်လည်း....

မုယုက ဆက်ပြောသည်၊

'တောင်းစ....သူငယ်ချင်း၊ မင်းဘာမှ စိတ်ပျက်မနေပါနဲ့၊ မင်းပြောက်ပိုင်းကို ပြန်သွားပြီးတာနဲ့ ငါအရက်ဖြတ်လိုက်မပါတော့မယ်'

ကောင်းစု အံ့သြသွားသည်။

'မင်း....မင်းတကယ် ပြောတာနော်'

မုယု ခေါင်းညိတ်လိုက်၏။

'တကယ်ပေါ့ကွာ'

'ဝမ်းသာလိုက်တာ သူငယ်ချင်းရာ'

'ငါ့မှာ စည်းစိမ်ဥစ္စာတွေရှိတယ်၊ မင်းတို့မိသားစုကို ငါကူညီချင်တယ်'

ကောင်းစု ခေါင်းခါယမ်းလိုက်သည်၊

'ငါ့မှာ ဘာမှ သိုလှောင်သားမရှိအောင် ပြည့်စုံနေတယ်၊ အေး....မင်းတကယ် ကူညီချင်တယ်ဆိုရင် မိဘမဲ့ကလေးတွေ၊ ဆင်းရဲနွမ်းပါးသူတွေ....

'ငွေမရှိလို့ ဆေးမကုသနိုင်တဲ့ ရောဂါဝေဒနာရှင်တွေကို ထောက်ပံ့ကူညီမယ်ဆိုရင် ငါ့ကိုကူညီတာထက် ပိုပြီးမွန်မြတ်တာပေါ့ကွာ'

ကောင်းစု၏စိတ်ဓာတ်က လူသားဆန်လှပေသည်၊

မုယု ခေါင်းညိတ်လိုက်၏။

'ငါ သဘောပေါက်ပါပြီကွာ'

ယောင်းစုက မုယုအား အကဲခတ်ကြည့်ကာ....

'မုယု မနက်ဖြန်ဆို ငါပြန်တော့မယ်'

'အင်း....မင်းက တားမရဘဲကိုး'

'ငါမပြန်ခင်မှာ မင်းရဲ့လက်တစ်ဖက် ဘယ်လိုဖြစ်ရတယ်၊ ဘာကြောင့် အရက်သမားဘဝကို ရောက်ခဲ့ရတယ်ဆိုတာကို ပြောပြရင်ကောင်းမယ်'

'မင်းက ဘာကြောင့် သိချင်ရတာလဲ'

ကောင်းစုက တည့်ကြည့်သော မျက်နှာထားဖြင့်....

'ငါက မင်းရဲ့သူငယ်ချင်း ဖြစ်နေလို့ပေါ့'

မုယု ငိုင်သွား၏။

အတန်ကြာမှ....

'ငါပြောပြလို့ မင်းအတွက်ထူးခြားမယ် ထင်လို့လား'

ကောင်းစု ပြုံးလိုက်၏။

'ထူးချင်လဲ ထူးမယ်၊ မထူးချင်လဲ မထူးဘူး၊ ငါမပြောတတ်ဘူး'

မုယု သက်ပြင်းချလိုက်၏။

'ငါသိတယ်၊ မင်းစိတ်မကောင်းတာပဲ အဖတ်တင်မယ်'

ကောင်းစု ခေါင်းခါယမ်းလိုက်၏။

'ဒီလိုလဲ ငါမသတ်မှတ်ဘူး၊ ငါ့ရင်ထဲ ရှင်းရှင်းလင်းလင်း ဖြစ်ရတာပေါ့'

မုယု သက်ပြင်းချလိုက်၏။

Scanned with ACE Scanner

'ကောင်းပြီလေ၊ မင်းဒီလောက်တောင် သိချင်မှတော့ ငါပြောပြရတာပေါ့၊ မင်း ဇီးကွက်ကိုသိလား'

ကောင်းစု မျက်မှောင်ကြုတ်လိုက်၏။

သိုင်းလောကနှင့် ကင်းဝေးခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း၊ သိုင်းလောကအကြောင်းများကို မေ့မသွားပါ။

'သတင်း အရောင်းအဝယ်လုပ်တဲ့ ဇီးကွက်မဟုတ်လား'

မုယုံ ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ကောင်းစု သဘောမကျဘဲ ဖြစ်သွားသည်။

ဇီးကွက်သည် အဖြူမကျအနက်မကျသော သိုင်းလောကသားတစ်ယောက် ဖြစ်သည်။

နေရာတကာ ခြေဝင်ရှုပ်တတ်သူ၊ ငွေရလျှင် ဘာမဆိုလုပ်ရဲသူဟု ကောင်းစု နားလည်ထား၏။

သိုင်းလောက၏ သတင်းထူး၊ သတင်းဆန်းများကိုလည်း သိနေတတ်သူ ဖြစ်ရာ....

တစ်စုံတစ်ခုသော ကိစ္စကို သိလိုလျှင် ဇီးကွက်ထံတွင် စုံစမ်း၍ ရနိုင်ခြင်းကြောင့်သာ လူအတော်များများက သူ့အား သဘောမကျတတ်သော်လည်း လျစ်လျူရှုမထားကြခြင်း ဖြစ်သည်။

ကောင်းစု စိတ်ဝင်စားသွားသည်။

'သူက ပင့်ဆီကို ဘာဖြစ်လို့ ရောက်လာရတာလဲ ပြောစမ်းပါဦး'

မုယုံက လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်၏။

'သတင်းတစ်ခု လာရောင်းတာ'

'ဩော်'

ဦးကွက်က သတင်းလာရောက် ရောင်းသည်ဆိုလျှင် ထိုသတင်းသည် အရေးပါသော ထိပ်တန်းသတင်း ဖြစ်မည်မှာ ထင်ရှားပါ၏။

မုယုက ကောင်းစုအား အခိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်ပြီး....

'သူက ဘယ်လို သတင်းမျိုး လာရောင်းတယ်လို့ မင်းထင်သလဲ'

သူက ဘာမှ မပြောဘဲ နေလိုက်၏။

မုယုက သက်ပြင်းတစ်ချက် ချ၍ ...

'သူက ခေးပါရဂူ အကြောင်း သိချင်ရင် ငွေတစ်သောင်း ပေးရမယ်လို့ လာပြောတာ'

'ဟင်'

ရုတ်တရက်....

ကောင်းစု၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေတော့သည်။

သူ၏ မျက်လုံးများလည်း အရောင်တဖိတ်ဖိတ် တောက်ပလာသည်။

မုယုအင်း စိုက်ကြည့်၍....

'ခေးပါရဂူ ဟုတ်လား'

မယုကြည်နိုင်သော လေသံဖြင့် မေးလိုက်၏။

● ● *

ဓားပါရဂူ(၀၁)ပထမဓားသမား....

ဓားပါရဂူသည် သိုင်းလောကတွင် ရှိရှိသမျှသော ဓားပညာရပ် အသီးသီးကို နားလည် တတ်ကျွမ်းထား၏။

ဓားပညာအရာ၌သာမက အခြားသော သိုင်းပညာတို့၌ပါ ပြိုင်ဖက်ကင်းအောင် ထူးချွန်၏။

ဓားပညာကိုသာ ပို၍ အဓိကထားသဖြင့် သိုင်းလောက၏ ပထမဓားသမား ဘွဲ့ကို ရရှိပိုင်ဆိုင်ခဲ့ခြင်း ဖြစ်၏။

သိုင်းလောက ပထမဓားဘွဲ့ ရရှိထားသည့် ဓားပါရဂူသည် အလွန် လျှို့ဝှက်သူ၊

ခန့်မှန်းရခက်သူလည်း ဖြစ်သည်။

• • •

ဓားသမားတို့သည် မိမိကိုယ်ကို ယုံကြည်မှု အပြည့်အဝ ထားရှိကြ၏။

မိမိ၏ ဓားပညာသည် အခြားသူများ၏ ပညာထက် သာသည်ဆိုသော အတ္တရှိသူများလည်း ရှိကြသည်။

ပထမဓားဘွဲ့ ရရှိထားသော ဓားပါရဂူနှင့် ယှဉ်ပြိုင်လိုသူများ ပေါ်ထွက်လာခဲ့၏။

ဓားပါရဂူဆီသို့ သွားရောက်၍ ဓားပညာ ယှဉ်ပြိုင်ကြလေသည်။

သွားရောက် ယှဉ်ပြိုင်သူတိုင်း ရှုံးနိမ့် ဆုတ်ခွာသွားခဲ့ကြရသည်။

ဓားပါရဂူ၏ အမည်သည် ပြိုင်ဘက်တစ်ဦးကို အနိုင်ရလိုက်တိုင်း ပို၍ ကျော်ကြားလာ၏။

ယှဉ်ပြိုင်လိုသူ ပို၍ များလာသည်။

ဓားပါရဂူဆီသို့ နေ့စဉ် ရက်ဆက် ယှဉ်ပြိုင်မည့် သူများ မခံနိုင်အောင် ရောက်လာကြ၏။

ယှဉ်ပြိုင် အနိုင်ယူ၍ ပထမဓားဘွဲ့ကို လုယူမည်ဟု ကြံရွယ်ထားကြသော ပြိုင်ဘက်များကြောင့် လည်းကောင်း....

နေ့စဉ်ရက်ဆက် ယှဉ်ပြိုင်ပွဲများဖြင့် ရင်ဆိုင်နေရခြင်းတို့ကြောင့် လည်းကောင်း....

ဓားပါရဂူသည် စိတ်ပျက် ငြီးငွေ့သွားသည့်အလား၊ သူ၏ နေရပ်ကို စွန့်၍ သိုင်းလောကမှ ခြေရာ ဖျောက်သွားခဲ့တော့သည်။

ပထမဓားဘွဲ့ရ ဓားပါရဂူ၏ သတင်းသည် သိုင်းလောကမှ တိမ်မြုပ် ပျောက်ကွယ်သွားခဲ့လေသည်။

ထူးခြား ဆန်းကြယ်သော ဓားပါရဂူတွင် ထူးခြားသည့် ဆန္ဒတစ်ခု ရှိ၏။

မိမိ၏ ဓားချက်ကြောင့် မိမိ၏ ပြိုင်ဘက် အသက် မသေဆုံးစေရ ဟူသော ဆန္ဒပင် ဖြစ်တော့သည်။

ကောင်းစုံ စိတ်လှုပ်ရှားနေသည်။

သူ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပနေခဲ့သည်။

အသက်ရှူသည်း မြန်လာ၏။

သူ၏ ညာဘက်လက်မှ လက်ချောင်းကလေးများကို ဆုပ်ချည် ဖြန့်ချည် ပြုလုပ်နေမိ၏။

သူသည် ညာသန်သော ခဲသမားတစ်ယောက် ဖြစ်လေသည်။

ခဲပါရဂူအကြောင်း ကြားသိလိုက်သောအခါ ကောင်းစုံ၏ ရင်ထဲ၌ ငုပ်လျှိုးနေသည့် ခဲသမားစိတ်ဓာတ် ပြန်လည်ပေါ်ထွက်လာခြင်း ဖြစ်၏။

သူသည် ခဲသမားတစ်ဦး ဖြစ်ခဲ့ပါ၏။

ထို့ကြောင့်....

ပထမခဲဘွဲ့ ရရှိထားသော ခဲပါရဂူနှင့် ယှဉ်ပြိုင်လိုစိတ် ရှိခဲ့သည် မဟုတ်ပါလား။

ခဲပါရဂူ၏ အမည်သည် ခဲသမား တစ်ဦး၏ ခန္ဓာကိုယ်ထဲမှ သွေးများကို ပွက်ပွက်ဆူလာစေသည်။

မှယာက ပင့်သက်ရှိုက်၍ ပြောလာ၏။

'ငါ့အတွက် ငွေတစ်သောင်း ဆိုတာ ပြဿနာကြီးတစ်ခု မဟုတ်ပါဘူးလေ၊ ဗိုက်ကြီးတဲ့ ဒီထက်မကတောင်းရင်လဲ ငါက ပေးဖို့အဆင်သင့်ပဲ'

သူက ဗီးကွက်ထဲမှ ခဲပါရဂူ၏ သတင်း ယယ်ယူသိုက်ကြောင်း ထင်ရှားနေ၏။

မုယုက ကောင်းစုံကို ကြည့်၍ ဆက်ပြောသည်။

'ဦးကုက်က လိမ်ပြောခဲ့တာ မဟုတ်ဘူး၊ ငါက ခွေးပါရဂူဆီကို ရောက်သွားခဲ့တယ်၊ ငါက ပြိုင်ဖို့ စိန်ခေါ်တော့ သူက ငြင်းတယ်...

'သုံးကြိမ် သုံးခါ စိန်ခေါ်တာတောင် သူက ဂရုမစိုက်ဘူး၊ သူက မယှဉ်ပြိုင်ဘူးဆိုရင် ငါလဲမပြန်တော့ဘူးဆိုပြီး သူ့ဆီမှာ နေလိုက်တယ်၊ ဒီလိုနဲ့ တစ်လလောက်ကြာသွားတယ်'

မုယုသည် မားပါရဂူနှင့်တွေ့ရပြီးမှ မယှဉ်ပြိုင်ရပဲ ပြန်မည် မဟုတ်ပါချေ၊

သူဆိုလျှင်လည်း ထိုသို့ပြုလုပ်မည်သာဖြစ်သည်၊

မုယုက ဆက်ပြောသည်။

'တစ်လလောက်ကြာတော့ သူက ငါနဲ့ပြိုင်ဖို့ လက်ခံခဲ့တယ်'

ကောင်းစု သက်ပြင်းချလိုက်သည်။

ပြိုင်ပွဲအပြီးတွင် မုယုလက်တစ်ဖက်ပြတ်ကာ မရှုမလှ အရေးနိမ့်သွားကြောင်း ထင်ရှားနေသည် မဟုတ်ပါလား'

မုယုက ကြေကွဲသောအသံဖြင့်...

'သူနဲ့ယှဉ်ပြိုင်မှ ငါ့ရဲ့ခွေးပညာဟာ ဘာမှ အသုံးမကျပါလားဆိုတာ သိလာခဲ့ရတယ်'

ကောင်းစုံမေးသောကြောင့် အရက်သမားဘဝ ရောက်ရသနည်းဆိုသော မေးခွန်းကို ပြောစရာမလိုတော့ပါ၊

မုယုသည် ခွေးပါရဂူကိုအရေးနိမ့်၍ နောက်စိတ်ဓာတ်ကျကာ အရက်သမားလုံးလုံး ဖြစ်သွားကြောင်း ထင်ရှားနေသည် မဟုတ်ပါလား'

'သူ့ရဲ့ခါးသိုင်းက ဘယ်လိုခါးသိုင်းမျိုးလဲ'

ကောင်းစုက မေးလိုက်၏။

မုယုက ခေါင်းခါယမ်းလိုက်၏။

'ငါလဲ မပြောတတ်ဘူး'

'ဟင်'

ကောင်းစု ကြောင်အမ်းအမ်းဖြစ်သွားလေ၏။

မုယုအား မယုံကြည်နိုင်စွာဖြင့်ကြည့်ကာ

'မင်း....မသိဘူးဟုတ်လား'

'အင်း'

'မင်းရဲ့ လက်တစ်ဖက် ဆုံးရှုံးခဲ့ရတာတောင် သူ့ရဲ့ခါးသိုင်းဟာ ဘယ်လိုခါးသိုင်းမျိုးလဲဆိုတာ မင်း....မသိခဲ့ဘူးမဟုတ်လား'

'ဟုတ်တယ်'

'ဖြစ်မှ ဖြစ်ရလေကွာ'

'ဒါကြောင့် ငါစိတ်ခါတ်ကျပြီး အရက်သောက်နေတာပေါ့ကွာ'

ပြောပြော ဆိုဆို အရက်အိုးကို မော့သောက်လိုက်၏။

စိတ်ထဲ ဝမ်းနည်းကြေကွဲသော ခံစားချက်များပြန်လည်ဖြစ်ပေါ်လာပုံရလေသည်။

ကောင်းစုက မုယုအားကြည့်ကာမေးလိုက်၏။

'မင်းက သူ့ကိုဘယ်လို တိုက်ခိုက်ခဲ့သလဲ'

မုယုက သက်ပြင်းတစ်ချက်ချကာ....

Scanned with ACE Scanner

'ငါက ခဲေးကွက်သုံးဆယ့်ခြောက်ကွက်စလုံးကုန်အောင် တိုက်ခိုက်ခဲ့တာ'

'သူတာတော'

မုယု လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်သည်။

တစ်ကွက်ပဲ ပြန်ပြီးတိုက်တယ်'

ကောင်းစုမျက်လုံး ပြူးသွားသည်။

'ခဲးတစ်ကွက်'

'ဟုတ်တယ်'

'ဘယ်လိုခဲးကွက်'

'မုယု ခေါင်းခါယမ်းလိုက်၏။

'ငါမတွေ့မီ ငါ့ကိုပြန်ပြီးတိုက်ခိုက်လိုက်ပြီဆိုတာပဲ၊ စိတ်ထဲကသိတယ် ငါ့လက်တစ်ဖက် ဆုံးရှုံးရတာပဲ၊ဘာပဲဖြစ်ဖြစ် သူက သူခေးနဲ့ ဘယ်သူမှ မသေစေရဘူးလို့ ဆုံးဖြတ်ထားလို့၊ နို့မဟုတ်ရင် ငါသေတာကြာပြီ'

'သူခေးက ဒီလောက်တောင် မြန်သတဲ့လား'

သူက တိုးတိုးရေရွတ်လိုက်လေသည်၊

မုယု ပြုံးလိုက်သည်၊

'မကြာခင် မင်းဆီငါလာလည်ဦးမယ်'

ထိုနေ့ညအဖို့ ထိုစကားသည် သူတို့နှစ်ယောက်အတွက် နောက်ဆုံးစကားဖြစ်ခဲ့သည်၊

မုယုထံမှ နောက်ဆုံးကြားရသောစကား ဖြစ်သွားခဲ့မည်ဟု ထိုစဉ်က ကောင်းစု မသိနိုင်ခဲ့ပါတကား၊

* * *

မြေခက်ပိုင်းဒေသ။

မြောက်ပိုင်းဒေသသို့ ကောင်းစုတို့မိသားစုပြန်လည်ရောက်ရှိလာခဲ့ကြပြီဖြစ်သည်။

မုံယုထံမှ ပြန်လာခဲ့ပြီးသည့်အချိန်မှစ၍ ကောင်းစုသည်အပြောင်းလဲကြီး ပြောင်းလဲခဲ့သည်။

တောင်ယာ လုပ်ငန်းကို ဖိဖိစီးစီးလုပ်ကိုင်သည်။

တို့ပြင်...

စေးသိုင်းကိုလည်း ပြင်းပြင်းထန်ထန် ပြန်လည်လေ့ကျင့်လေသည်။

သို့ဖြင့်....

တစ်နှစ်ဆိုသောလုပ်ငန်းသိမ်းသောအချိန် ရောက်လာလေသည်။

လုပ်ငန်းအဝဝ သိမ်းပြီးသည်နှင့် ကောင်းစုကကျင်းကျင်းထံ ခွင့်ပန်ကာ သိုင်းလောကသို့ ပြန်လည်ခြေချရန် မြေခက်ပိုင်းဒေသမှ ခရီးထွက်ခဲ့လေသည်။

ကောင်းစုသည် သိုင်းလောကထဲ ခရီးထွက်သည့်အချိန်မှစ၍ မအေးချမ်းသော တောင်းစု၏ဘဝသို့ ကံကြမ္မာဆိုးမှ နှောက်ခဲ့တော့သည်။

ဤသည်ဆိုသာ ကောင်းစုသိလျှင် သိုင်းလောကသို့ခရီးထွက်ပါမည်လော။

* * *

သတင်းဆို၊

---

ထိုက်ကျိမ့်မြို့....

ကောင်းစုသည် ထိုက်ကျိမ့်မြို့သို့ ရောက်ရှိလာ၏။

သူသည် သိုင်းလောကထဲ ခြေချမိသည်နှင့် မုယုထံသို့ တန်းလှာခဲ့ခြင်း ဖြစ်၏။

ယခုတစ်ကြိမ်....

ဇနီးနှင့် သားတို့ မပါချေ။

သူတစ်ယောက်တည်း မြင်းတစ်စီး၊ ဓားတစ်လက်ဖြင့်လာခဲ့ခြင်း ဖြစ်၏။

မုယု၏ ခြံထဲသို့ ရောက်သည့်အခါ....

Scanned with ACE Scanner

'ဟင်'

သူ အံ့သြသွားသည်။

အကြောင်းမှာ....

ခမ်းနားထည်ဝါသော မုယုန်၏ ဂေဟာမှာ ပြာပုံအဖြစ်သို့ ပြောင်းလဲနေ၍ပင်။

ကောင်းစု၏ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

အဆောက်အအုံ တစ်ခုလုံး ပြာပုံအဘိရှိနေပြီး မီးလောင် တိုင် ငုတ်များသာ ဟိုတစ်စု သည်တစ်စု တည်ရှိနေကြတော့ သည်။

'ဘာတွေ ဖြစ်ကုန်ပြီလဲ'

ကောင်းစု ရေရွတ်လိုက်၏။

'မုယုရော ဘယ်ရောက်နေလဲ'

'ဘာကြောင့် မီးလောင် ပြာကျနေရတာလဲ'

သူက တစ်ခုပြီး တစ်ခု တွေးလိုက်မိ၏။

သို့သော်....

မည်သည့် အကြောင်းကြောင့် ဆိုသည်ကို စဉ်းစားမရပါ ချေ။

ထိုစဉ်....

'ဘယ်သူလဲ'

မေးမြန်းသံနှင့် အတူ သန့်ရှင်းစွာ ဝတ်ဆင်ထားသော အဘိုးအို တစ်ဦး ခြံထဲ ဝင်လာသည်ကို တွေ့မြင်လိုက်ရလေ သည်။

ကောင်းစု မျက်မှောင်ကုတ်လိုက်၏။

Scanned with ACE Scanner

ထိုလူ အနီးသို့ ရောက်လာသည်အထိ အကဲခတ်ကြည့်လိုက်သည်။

ထိုလူ အနီးသို့ ရောက်လာလျှင် သူ့ကို ကြည့်၍...

'မိတ်ဆွေက ဘယ်သူလဲ၊ ဘာကိစ္စများ ရှိလို့လဲ၊ ခြံပိုင်ရှင် မုံယုနဲ့ ဘယ်လို ပတ်သက်နေလဲ'

ကောင်းစုက ယဉ်ကျေးစွာဖြင့် ပြန်ပြောလိုက်၏၊

'ကျုပ်က မုံယုရဲ့ မိတ်ဆွေပါ၊ သူ့ဆီကို လာသည်တာပါ ခင်ဗျာ'

ထိုလူက ခေါင်းတဆတ်ဆတ် ညိတ်မိ၏။

'ဪ...ခြံပိုင်ရှင် မုံယုရဲ့ မိတ်ဆွေကိုး၊ ကျုပ်...ဟိုဘက်ခြံဝင်းကပါ'

သူ မျက်မှောင်ကုတ်၍....

'ဒါနဲ့...မုံယုရော၊ သူ့ရဲ့ ဂေဟာစတာ ဘယ်လိုဖြစ်သွားရတာလဲဗျ'

ထိုလူက စိတ်မကောင်းသော လေသံဖြင့် ပြောလာလေသည်။

'မုံယု သေသွားပါပြီ'

'ဗျာ'

သူ မျက်လုံးပြူးသွား၏၊

ထိုလူကို မယုံကြည်နိုင်စွာဖြင့် ကြည့်၍....

'မုံ....မုံယု....သေသွားပြီ ဟုတ်လား'

အထစ်ထစ် အငေါ့ငေါ့ဖြင့် မေးလိုက်၏။

ထိုလူက ခေါင်းညိတ်လိုက်၏၊

Scanned with ACE Scanner

'ဟုတ်ပါတယ်၊ လွန်ခဲ့တဲ့ ရှစ်လလောက်က မသမာသူတစ်စုက မုယုကို သတ်ဖြတ်ပြီး အိမ်ဝေဟာကို မီးရှို့ဖျက်ဆီးသွားခဲ့တာပါ'

ကောင်းစု ဒေါသ ထောင်းခနဲ ထွက်လာ၏။

လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး မေးလိုက်လေသည်။

'မုယုကို ဘယ်သူတွေ သတ်သွားတာလဲ၊ ဘယ်လိုရန်ငြိုးရှိလို့လဲ'

ထိုလူက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ပြောရမယ်ဆိုရင်တော့ အရင်က ဒီနယ်မှာ မုတ်ဆိတ်ဆိုတဲ့ လူမိုက် ခေါင်းဆောင် တစ်ယောက် ဗိုလ်ကျ စိုးမိုးနေခဲ့တယ်....

မုယု ဒီမြို့ကို ပြောင်းလာပြီး သူတို့ကို 'ဆုံးမလိုက်တော့ ခေါင်းမထောင်ရဲတဲ့ အဝေးကို ထွက်ပြေးသွားပါတယ်၊ မကြာသေးခင်ကမှ မုတ်ဆိတ်ဟာ အပေါင်းအဖော် တစ်စုနဲ့ ပြန်လာပြီး မုယုကို လုပ်ကြံပစ်လိုက်တာပါ'

'တောက်'

ကောင်းစု တောက်ခေါက်မိသည်၊

မုယု၏ ခါးကိုင်သေနတ် ဆုံးရှုံးခြင်း မရှိခဲ့ပါလျှင်....

စိတ်ဓာတ်ကျဆင်း၍ အရက်သမားဘဝ မရောက်ခဲ့လျှင်....

မုတ်ဆိတ် ဆိုသူသည် သူတစ်ယောက်တည်းနှင့် မုယုကို မယှဉ်နိုင်မှန်း သိ၍ အပေါင်းအဖော်များ ခေါ်လာခြင်း ဖြစ်ပေသည်။

Scanned with ACE Scanner

လူ၏ အပေါင်းအဖော်တို့သည်လည်း မည်သည့် နည်းနှင့်မျှ လူကောင်းများ မဖြစ်နိုင်တော့ပေ။

ထိုလူက....

'မုယု အသတ်ခံလိုက်ရတာကြောင့် မြို့တော်ဝန် အတော်ကို စိတ်မကောင်း ဖြစ်သွားပါတယ်၊ သူကိုယ်တိုင်ပဲ မုယုရဲ့ အလောင်းကို မြေမြှုပ်ပေးခဲ့တာပေါ၊ မုတ်ဆိတ်တို့လူစု မုယုကို သုတ်သင်ပြီး ဒီနယ်မှာ ပြန်ပြီး ခေါင်းထောင်လာမှာကိုလဲ စိုးရိမ်နေရပါတယ်'

ကောင်းစုက ထိုလူကို အကဲခတ် ကြည့်လိုက်ပြီး....

'မုတ်ဆိတ်တို့လူစု ဘယ်မှာလဲ'

ထိုလူက စိတ်ပျက်သော လေသံဖြင့်....

'မြို့တောင်ဘက်က ခရေကျေးရွာမှာ စခန်းချနေတယ်လို့ ကြားရတာပဲ၊ သူတို့ ရောက်လေရာ အရပ်မှာ လူတွေ ဒုက္ခရောက်ကြရဦးမှာပါဗျာ၊ စိတ်ညစ်စရာ ကောင်းပါတယ်'

သူက မဲ့ပြုံး ပြုံးလိုက်၏။

'မပူပါနဲ့ဗျာ၊ မနက်ဖြန်ဆိုတာ သူတို့အတွက် မရှိတော့ပါဘူး'

'ဟင်'

ထိုလူ ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူ့ကို နားမလည်သလို ကြည့်မိသည်။

'ကျုပ်သွားလိုက်ဦးမယ်'

စားသောက်ဆိုင်မှ မြင်းပေါ်သို့ ခုန်တက်လိုက်၏။

ထိုလူက မျက်မှောင်ကုတ်၍....

'မိတ်ဆွေ....ဘယ်သွားမလို့လဲဗျ'

သူ တစ်ချက် ပြုံးလိုက်သည်။

'ခရေကျေးရွာကို သွားမလို့ပါ'

စကားဆုံးလျှင် မြင်းကို အော်ငေါက်၍ ဒုန်းစိုင်း စီးနှင်သွား၏။

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံ ထွက်ပေါ်လာသည်။

တောင်းစသည် မြင်းညိုကြီးကို စီး၍ ထွက်သွားပြီ ဖြစ်သည်။

ထိုလူက ထွက်ခွာသွားသော တောင်းစုံအား နားမလည်နိုင်စွာဖြင့် ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

* * *

Scanned with ACE Scanner

မိုးကြိုးဓား

---

**မိုးကြိုးဓား....**

သိုင်းလောကတွင် ဓားပေါ်ဂွ ပြီးလျှင် မိုးကြိုးဓားသည် အကျော်ကြားဆုံးသော ဓားသမားတစ်ယောက် ဖြစ်သည်။

မိုးကြိုးဓားသည် သိုင်းလောကမှ ပျောက်ကွယ်သွားသည်မှာ ဆယ်နှစ်နီးပါး ရှိပြီဖြစ်သည်။

ယခု....

မိုးကြိုးဓားသည် သိုင်းလောကသို့ ပြန်လည်ထွက်ပေါ်၍ လာခဲ့ပြီ ဖြစ်လေသည်။

● ● ●

Scanned with ACE Scanner

ခရေကျေးရွာ....

ထိုက်ကျိမ်မြို့နှင့် မိုင်နှစ်ဆယ်ခန့်အကွာ၌ တည်ရှိပြီး အိမ်ခြေ လေးရာကျော်ရှိသော ရွာကြီးတစ်ရွာ ဖြစ်လေသည်။

လယ်ယာကိုင်း ကျွန်းလုပ်ငန်း အောင်မြင်ဖြစ်ထွန်းသည်။

ကြက်၊ ဝက်၊ နွား တိရစ္ဆာန်မွေးမြူရေး ဖြစ်ထွန်းလေသည်။

ထို့ကြောင့်....

ခရေကျေးရွာမှ ရွာသူရွာသားများသည် စားနိုင်သောက်နိုင် ချောင်ချောင်လည်လည် ရှိကြလေသည်။

စီးပွားရေး ပြေလည်ကြသဖြင့် အလှူအတန်း ပေါသည်။

ပျော်ပွဲရွှင်ပွဲများ ကျင်းပသည်။

အလွန် ပျော်စရာကောင်းသော ရွာတစ်ရွာလည်း ဖြစ်၏။

သို့သော်....

ယခုအချိန်၌ ကျေးရွာတွင် ဖြိုးဟ်ဆိုးဝင်နေပြီ ဖြစ်လေသည်။

ကျေးရွာကို ငရဲတွင်းပမာ ပြောင်းလဲပစ်လိုက်ကြသည်မှာ မုတ်ဆိတ်တို့လူစု ဖြစ်လေသည်။

မုတ်ဆိတ်တို့လူစုသည် ခရေကျေးရွာသို့ရောက်ရှိနေကြပြီး ထင်တိုင်းကြဲနေကြသည်။

ရွာသူရွာသားများမှာ....

မုတ်ဆိတ်တို့လူစုအား ဆုံးမည့်သူ ပေါ်ပေါက်လာပါစေဟု ရင်တထိတ်ထိတ်ဖြင့် ဆုတောင်းနေကြလေသည်။

* * *

နံနက်ခင်းသို့ ရောက်လာသည်။

ရွာသူရွာသားများသည် လုပ်ငန်းခွင်ဝင်ရန် ရွှာလမ်းမပေါ်သို့ ရောက်လာကြသည်၊

ထိုစဉ်....

'လွှတ်....လွှတ်၊ ကျွန်မကိုလွှတ်'

ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားရ၏။ ရွာလမ်းပေါ်တွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

မိန်းကလေး တစ်ယောက်ကို လူနှစ်ယောက်က ဆွဲသွားရမ်းလာ၊ လုပ်နေသည်ကို မြင်ရသည်၊

လူငယ်တစ်ဦးက ထိုမြင်ကွင်းကိုမြင်လျှင် မခံမရပ်နိုင်ဖြစ်လာပြီး....

'ခင်ဗျားတို့ မတရားမလုပ်နဲ့'

အော်ပြောကာ ပြေးဝင်သွား၏။

မိန်းကလေးမှာ ထိုလူရွယ်၏ ညီမဖြစ်သည်။

ကျေးတောသူဖြစ်သော်လည်း မြို့ကြီးသူတစ်ယောက်ပမာ တသွေးတမွေး လှပသူလေး ဖြစ်သည်။

ကျွှဲသည်ကို မုတ်ဆိတ်၏လူနှစ်ယောက်က သဘောကျပြီး ပိုရှဲကြမ်းလာ၏။

လူရွယ်သည် ညီမဖြစ်သူ စော်ကားခံရသည်ကို တွေ့ရလျှင် စိတ်မထိန်းနိုင်ဘဲ လယ်ယာလုပ်ငန်းသုံး ခက်ရင်းခွဖြင့် တိုက်ခိုက်လိုက်၏။

မုတ်ဆိတ်၏ လူနှစ်ယောက်အနက် တစ်ယောက်အငိုက်မိသွားကာ တိုက်ခိုက်ခံလိုက်ရလေသည်။

Scanned with ACE Scanner

ချွန်မြနေသော ခက်ရင်းခွသည် ထိုလူ၏ဝမ်းဗိုက်ကို စိုက်မိသွားသဖြင့်....

'အမယ်လေးဗျ'

ဟူ၍ရှစ္စာအော်ဟစ်၍ လဲကျသွားသည်။

ကျန်တစ်ဦးက သူ့အဖော်ခံလိုက်ရသဖြင့် ချာခနဲ သတ်ဝင်လာလေသည်။

'ခွေးကောင်၊ မင်းအမျိုး ငါတို့ကိုတိုက်ခိုက်တယ်ပေါ့'

အော်ပြောကာ ဓါးဖြင့် ခုတ်ချလိုက်သည်။

လူရွယ် မရှောင်နိုင်ပါ။

'အား'

သွေးများရဲသွားပြီး လဲကျသွားသည်'

'အစ်ကို'

မိန်းကလေးသည် အစ်ကို၏အဖြစ်ကိုမြင်လျှင် ထိတ်လန့်စွာ အော်ဟစ်၍ ပြေးဖက်လိုက်၏။

မုတ်ဆိတ်နှင့်လူကား....

'ခွေးမ....လာစမ်း'

သူမဆံစင်ကို ဆောင့်ဆွဲလိုက်သည်။

ထို့နောက်....

လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။

'ခွပ်'

'အ....'

မိန်းကလေးမှာ အဆိုးခံရပြီး သတိမေ့ကာ ပျော့ခွေ၍ ကျသွားလေသည်။

ထိုလူက ချက်ချင်းပင် မိန်းကလေးကို ပခုံးပေါ်သို့ထမ်း လိုက်ပြီး ဝိုင်းကြည့်နေသော ရွာသားများဘက်လှည့်ကာ....

‘ခင်ဗျားတို့လဲ ကျပ်ကျပ်သတိထားကြပါ’

သူက ကြုံးဝါးလိုက်သည်။

ထို့နောက်....

မိန်းကလေးကိုထမ်း၍ ထွက်သွားတော့သည်။

ယင်းအခါ....

ရွာသူရွာသားများသည် လဲကျနေသောလူရွယ်ထံ ဝိုင်း၍ လာကြသည်။

‘တောက်....ရက်စက်လိုက်တာ’

‘လူယုတ်မာတွေ’

‘တို့ရွာမှာလာပြီး ကောင်းကျန်းနေတာ လွန်လွန်းပြီ’

‘လူယုတ်မာတွေကို ရွာထဲခေါ်လာတဲ့ သူဌေးကြီး ယန်ကြောင့် တစ်ရွာလုံး ဒုက္ခရောက်ရတာ’

စသည်ဖြင့် တစ်ယောက်တစ်ပေါက် မကျေနပ်ဖြင့် ပြော လိုက်ကြလေသည်။

* * *

Scanned with ACE Scanner

မကြာပါချေ။

ရွာထဲသို့ အမိန့်တစ်ခု ထွက်ပေါ်လာသည်။

ရွာသူရွာသားအားလုံး သူဌေးကြီးယန်၏ အိမ်ရှေ့တွင် လာရောက်စုရုံးရမည်ဟူ၍ ဖြစ်သည်။

အမိန့်ကိုဖီဆန်လျှင် သေဒဏ်အပြစ်ပေး ခံရမည်ဟုလည်း ခြိမ်းခြောက်ထားသေးသည်။

ရွာသူကြီး၏အမိန့်ပင်လျှင် သူဌေးကြီးယန်၏ အမိန့်ထက် ရွာသူ ရွာသားများသည် လုပ်ငန်းခွင့်သို့ မသွားနိုင်ကြတော့ဘဲ....

ချက်ချင်းပင် သူဌေးကြီးယန်၏အိမ်ရှေ့သို့ သွားရောက်စုရုံးကြရတော့သည်။

* * *

သူဌေးကြီးယန်၏ အိမ်ရှေ့တွင် ကျယ်ဝန်းသော မြေကွက်လပ်ထစ်ခုရှိသည်။

ယခု....

ထိုမြေကွက်လပ်တွင် ရွာသူရွာသားများစုရုံး ရောက်ရှိနေကြပြီဖြစ်လေသည်။

တရွာလုံးလာရမည်ဟု အမိန့်ထုတ်ထားသဖြင့် ကလေး၊ သူငယ်မှအစ သက်ကြီးရွယ်အိုများအထိ အားလုံးလာကြရလေသည်။

တစ်ရွာလုံး စိုးရိမ်ရောက်ရှိ နေကြသော်လည်း အသံဗလံ လုံးဝ ထွက်ပေါ်လာခြင်းမရှိ။

လူကြီးများက အသံတိတ်နေကြပြီးကလေးများထခေါင်း မဖော်ရဲကြ။

သူဌေးကြီးယန်၏ အိမ်ရှေ့တွင် ရုပ်ရည်ခက်ထန်ကြမ်းတမ်းသူ သုံးယောက်က ရင်ကော့၍ ရပ်နေကြလေသည်။

မကြာပါချေ။

သူဌေးကြီးယန်သည် လူတစ်စုနှင့်အတူအိမ်ထဲမှထွက်လာသည်။

သူဌေးကြီးယန်သည် ရွာသူရွာသားများ တစ်ချက်ဝေ့ကြည့်လိုက်ပြီးလျှင်....

'ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ကျုပ်တစ်ရွာလုံးရဲ့ အကျိုးကို မျှော်ကိုးပြီး ခံ့ားပြရန်တ ကာကွယ်စောင့်ရှောက်ပေးဖို့ ဘိုင်းလေခက မိတ်ဆွေတွေကို ဖိတ်ခေါ်ထားတာကို သတ်သတ်မဲ့ ရန်ပြုခဲ့ကြတယ်ပေါ့လေ၊ သိပ်ကောင်းတယ်၊ တစ်ရွာလုံး ဘာမှ အသုံးမကျဘူးဆိုတာ ဖော်ပြလိုက်တာ ပေါ့လေ'

ရွာသူရွာသားများ ခံချိခံသာ ဖြစ်သွားကြ၏။

သူဌေးကြီးယန်ခေါ်လာသည့် လူစုတရွာထဲတွင် ထင်တိုင်း ကျဲနေကြခြင်းသာ ဖြစ်သည်မဟုတ်ပါလား'

သူဌေးကြီးယန်က....

'ရှာလူကြီး ခင်ဗျားထွက်ခဲ့ပါဦး'

ဟောင်းနွမ်းသော အဝတ်အစား ဝတ်ဆင်ထားသည့် အဘိုးအိုတစ်ယောက် တုန်တုန်ချိချိဖြင့် ရှေ့သို့လှမ်းထွက်လာသည်။

သူဌေးကြီးယန် ခါးထောက်လိုက်သည်။

'ခင်ဗျားရဲ့ ရှာသူရှာသားတွေက ထင်တိုင်းကျဲနေတာကို ခင်ဗျား မဆုံးမတော့ဘူးလား။ ဒီမနက် ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်ကို သတ်ပစ်လိုက်ပြီ။ ဒီကိစ္စ ဘယ်လိုဖြေရှင်းမလဲ'

ရှာသူကြီးက တုန်ယင်သောလေသံဖြင့်....

'ကောင်....ကောင်လေးဟာ သူ့ညီမကိုဆွဲဆာ၊ ရမ်းလား လုပ်နေတာနဲ့ စိတ်မထိန်းနိုင်ပဲ ဖြစ်သွားတာပါ။ အခုဆို ကောင်လေးလဲ သေသွားပြီ'

'ဘာ'

သူဌေးကြီးယန်က အော်ဟစ်ရင်း ရှာအကြီး အကဲအား မျက်လုံးပြူး၍ ကြည့်လိုက်သည်။

'ကျုပ်ရဲ့မိတ်ဆွေဟာ ကောင်မလေးရဲ့ဘဝကို မြှင့်တင်ပေးချင်ပေးချင်လို့ ခေါ်တာကို ငြင်းဆန်နေတာကို၊ သူကမှ အသုံးမကျဘဲ၊ ကျုပ်မိတ်ဆွေကိုတောင်ပြန်ပြီး အပြစ်တင်ချင်သေးတယ်'

ပြောပြောဆိုဆို မြေပေါ် တံတွေးထွေးချလိုက်သည်။

ရှာလူကြီးသည် မခံမရပ်နိုင်အောင်ဖြစ်လာသည်။

သူကိုယ်တိုင် ကြောက်နေလျှင် ရွာသူရွာသားများ ပို၍ နှိပ်စက်ခံရတော့မည်ဟုလည်း အတွေးဝင်လာသည်။

ထို့ကြောင့်....

ခေါင်းမော့ပြီး ရဲပုံစွဖြင့် ပြောလိုက်သည်။

'ဒီမှာ သူဌေးယန်၊ ကျုပ်ရဲ့ရွာလေးဟာ အေးချမ်းစိုပြည် ခဲ့တာ ကြာပါပြီ၊ အခု သူဌေးယန်ရဲ့ မိတ်ဆွေတွေရောက်လာ မှဘဲ ပြဿနာပေါ်လာတာပါ'

'ဘာ....ဘာပြောတယ်'

သူဌေးယန်က အော်ဟောက်လိုက်သည်။

ရွာလူကြီးက တည်ကြည်သော မျက်နှာထားဖြင့်....

'သူဌေးကြီးယန်....ကျုပ်ဟာ ဒီရွာရဲ့အကျိုးကို တာဝန်ယူ ဖို့ တာဝန်ရှိတဲ့လူတစ်ယောက်ပါ၊ သူဌေးကြီးယန်နဲ့လုပ်ငန်း တွေဟာ ကျုပ်တို့ရွာ ပျက်စီးရာပျက်စီးကြောင်းကို ဦးတည် နေပါပြီ၊ ဒါကြောင့် ဒီရွာက အမြန်ဆုံး ထွက်သွားကြပါ၊ နို့မဟုတ်ရင် သက်ဆိုင်ရာ အာဏာပိုင်တွေဆီမှာ သွားပြီး တိုင်တန်းရပါလိမ့်မယ်'

ရွာသူကြီး၏ ရဲရဲတောက်စကားများ ကြားလျှင်....

'ဟုတ်တယ်....လူဆိုးတွေကို ရွာကမောင်းထုတ်ပစ်'

'သူဌေးယန်ပါ သွားခိုင်း'

'လူယုတ်မာတွေကို မောင်းထုတ်ပစ်'

'အာဏာပိုင်တွေဆီမှာ သွားပြီးတိုင်တန်းမယ်'

ရွာသူရွာသားများ မခကျွမနပ်အုံကြွကာ အော်ဟစ်ပြော ဆိုကြလေသည်။

'ဟင်'

လူငွေးကြီး မျက်လုံးပြူးသွားသည်။

တကယ်တန်း၌ တစ်ရှုလုံးနှင့်တစ်ယောက်ဖြစ်နေရာမှ ညို့သို့ ပြောမမှန်းမသိ ဖြစ်သွား၏။

ထိုစဉ်....

'ဟား ဟား ဟား'

ကျယ်လောင်သော ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်။

အလွန်ထွားကျိုင်းသော လူသန်ကြီး တစ်ယောက်သည် မြေကွက်လပ်သို့ လှမ်းထွက်လာသည်ကို တွေ့ရလေသည်။

ထိုလူသန်ကြီးက....

ရွာသူကြီး....ခင်ဗျား တော်တော် သတ္တိကောင်းနေပါလား၊ ခေါင်းမာတဲ့လူ သတ္တိကောင်းတဲ့လူ ဘယ်လို ဖြစ်သွားသလဲဆိုတာ ကြည့်ထား'

စကားဆုံးလျှင် လက်ဖွေ့ ယမ်းပြလိုက်သည်။

ထိုအခါ....

'ဂွီး'

'ဘုန်း'

လူရိပ်တစ်ခုသည် လွင့်စဉ်လာပြီး မြေကွက်လပ်ပေါ်သို့ ပြုတ်ကျလာ၏။

ထိုလူရိပ်မှာ နံနက်ပိုင်းက ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသည့် မိန်းကလေးဖြစ်နေပါတော့သည်။

ယခု....

Scanned with ACE Scanner

မိန်းကလေးသည် သေဆုံးနေပြီဖြစ်သည်၊

သူမသည် အသက်မသေဆုံးမီ လူယုတ်မာများ၏ စော်ကားမှုကို ခံခဲ့ရကြောင်းထင်ရှားပေါ်လွင်နေသည်။

'ဟင်'

'ဟာ'

'အို....'

ရွာသူရွာသားတို့ အထိတ်တလန့် ဖြစ်သွားကြလေတော့သည်။

အချို့က မကြည့်ရဲဘဲ မျက်နှာလွှဲထားကြ၏။

ခေါင်းငုံ့ထားကြသည်၊

အချို့က ဝမ်းနည်းလွန်းသဖြင့် မျက်ရည်များပင် ကျလာသည်။

အချို့မှာ....

ဒေါသ ထွက်လွန်းသဖြင့် မေးကြောကြီးများ ထောင်ထလာအောင် အံကြိတ်ထားမိကြ၏။

'မင်း... မင်းတို့ ယုတ်မာလှချည်လား'

ရွာလူကြီးက ဒေါသတကြီး အော်ဟောက်လိုက်၏။

'ဟား ဟား ဟား'

လူသန်ကြီးက သဘောကျစွာ ရယ်လိုက်၏၊

'ကျုပ်တို့ကို ယုတ်မာတယ်လို့ ပြောရဲတဲ့ ခင်ဗျားရဲ့သတ္တိ မဆိုးဘူး၊ ကျုပ် ဘာပြောခဲ့သလဲ၊ သတ္တိကောင်းရင် သေရမယ်ဆိုတာလေ....

'တစ်ရွာလုံး စိန်မှုန်စ ယူနိုင်အောင် ခင်ဗျားကို အရင်ဆုံးဆုံးမရမယ်'

စကားဆုံးလျှင်....

ရွာသူကြီး၏ အနီးသို့ ချဉ်းကပ်သွားပြီး ငယ်ထိပ်ကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

'ခွပ်....'

'အား'

ရွာသူကြီးမှာ ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

'ဟင်'

'ဟာ'

'အို'

ရွာစားရွာသားတို့ အဆိတ်တလန့် ရေရွတ်လိုက်မိကြလေသည်။

သူတို့၏ မျက်စိရှေ့မှောက်၌ပင် ရွာသူကြီး အသတ်ခံလိုက်ရပြီ မဟုတ်ပါလား။

'ဟား ဟား ဟား'

လူဝှေးကြီးယန် ဟားတိုက် ရယ်လိုက်ပြီး....

'ကဲ...ဘယ်သူ ဘာပြောချင်သေးလဲ၊ ငါတို့ကို အားခံချင်တဲ့ လူတွေ သေဖို့သာ ပြင်ထား'

ထိုစဉ်....

'လူယုတ်မာတွေ သေဖို့သာ ပြင်ပေတော့'

ခံပြင်း ဒေါသထွက်နေသော လူရွယ် သုံးဦးသည် ဓားလှံများ ဆွဲ၍ ပြေးလာကြ၏။

လူသန်ကြီးသည် သွေးဆာနေသူ တစ်ဦးအလား၊

'ကောင်းတယ်....ကောင်းတယ်....လာကြ၊ ငါ့ထလဲ သတ်ပုတ်တမ်း ကစားချင်တာ ကြာပြီ'

စကားဆုံးလျှင် လူရွယ်သုံးဦးနှင့် မျက်နှာချင်း ဆိုင်လိုက်သည်။

လူရွယ်သုံးဦးသည် ဓားလှံများဖြင့် လူသန်ကြီးကို ဖရုကြမ်း တိုက်ကြ၏။

သို့သော်....

လူသန်ကြီးက လူရွယ်တစ်ဦး၏လက်ထဲမှ ဓားကိုဆွဲလုပြီး ပြန်လည် ခုတ်လိုက်သည်။

သူက တိုက်ခိုက်လိုက်သည်နှင့်....

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

လူရွယ်သုံးဦး မြေပေါ် ဖရိုဖရဲ လဲကျသွားကြ၏။

'ဟား ဟား ဟား'

လူသန်ကြီးက ကျယ်လောင်စွာရယ်လိုက်ပြန်သည်။

လက်ထဲမှ ဓားကို တစ်ဆဆလုပ်၍....

'ကဲ...ဘယ်သူထွက်ဦးမလဲ'

ဟူ၍ စိန်ခေါ်လိုက်သည်။

ရက်စက် ကြမ်းကြုတ်လှသည့် လူသန်ကြီးကို မည်သူကမှ မထွက်ဝံ့ကြပါချေ။

လူသန်ကြီး နှာခေါင်းရှုံ့လိုက်၏။

'ဘယ်သူမှ မထွက်ရဲကြတော့ဘူးလား။ ဒါဖြင့် ဟော့ဒီ ခွေးက ဘာလုပ်ရမှာလဲ'

ပြောရင်း လက်ထဲမှ ခွေးဖြင့် လူအုပ်ကြားထဲ ပစ်ပေါက် လိုက်၏။

'ဝှစ်....'

'ဒုတ်'

'အား'

ခွေးသည် ကလေးငယ် တစ်ယောက်ကို ထိမှန် သွားလေ သည်။

ကလေးငယ်မှာ တစ်ချက်သာ အော်နိုင်ပြီး ခွေခနဲ လဲကျ သွားတော့၏။

လူသန်ကြီးက ရမ်းချင်တိုင်း ရမ်းနေသည်ကို ကြည့်၍ ရွာသူ ရွာသားတို့ ကြောက်လန့်လျက်ကြ၏။

အချို့သည် နောက်သို့ တဖြည်းဖြည်း ဆုတ်၍ ထွက်ပြေး ကြ၏။

လူသန်ကြီးက လက်တစ်ဖက် ဝှေ့ယမ်းလိုက်၏။

'ဝှစ် ဝှစ် ဝှစ်'

ဝင်းလက် တောက်ပသော ဓားရှောင်တို့ ထွက်ပေါ်လာ သည်။

အဆိပ် အပ်ကလေးများသည် ထွက်ပြေးသွားကြသူတို့၏ နောက်ကျောသို့ အသီးသီး စိုက်ဝင်သွားကြ၏။

'အား'

'အွန်း....'

'အခယ်လေး'

'သေပါပြီဗျ'

အော်ဟစ်သံနှင့်အတူ ထွက်ပြေးသူတို့ မြေခပေါ်သို့ လဲကျကုန်တော့၏။

ရွာသားများ တုတ်တုတ်ပင် မလှုပ်ရဲတော့ပါ။

လူဆိုးတစ်ယောက်ကို တိုက်ခိုက်မိသဖြင့် ရွာသားအတော်များများ အသတ်ခံလိုက်ရပြီ မဟုတ်ပါလား။

ထွက်သွား၍လည်း မရ၊

ဆက်နေလျှင်လည်း အကြောင်းမရှိ အကြောင်း ရှာပြီး အသတ်ခံရမည့် သဘောရှိနေလေရာ အမျိုးသမီးတစ်ယောက်သည် စိတ်ဖောက်ပြန်သလို ဖြစ်သွားပြီး....

'ကျုပ်တို့ ထွက်သွားလို့လဲ မရဘူး၊ ဒီမှာ ဆက်နေလို့လဲ ဒုက္ခရောက်မယ်၊ ဘာဆက်လုပ်ရမလဲ'

ရှေ့သို့ လှမ်းထွက်၍ ငိုယိုပြီး ပြောလိုက်၏။

လူသန်ကြီး သဘောကျသွားသည်။

'ဟဲ....ဟဲ....ဒီလိုဆိုတော့လဲ ခင်ဗျားတို့က သဘောပေါက်လွယ်သားပဲ၊ ခင်ဗျားတို့ ဒုက္ခမရောက်ချင်ဘူး ဆိုရင် ရှိသမျှ ရွှေငွေပစ္စည်း ဥစ္စာအကုန်လုံးကို ယူလာပေးရမယ်၊ ခင်ဗျားတို့ ငွေစရှင်နေကြတာ ကျုပ်သိတယ်၊ ဝှက်ထားတဲ့လူ သေမယ်....'

'ရှိတာတွေ အကုန်ပေးကြ၊ ကျုပ်တို့ ကျေနပ်လောက်အောင် ရရင် ဒီက ထွက်သွားမယ်'

တစ်ရွာလုံးအာ၊ ခေးပြုတိုက်ခြင်း ဖြစ်သည်။

လူသန်ကြီးသည် မုတ်ဆိတ်၏ ညာလက်ရုံးဖြစ်သည်။

အမှန်တော့....

သူတို့သည် သူဌေးလိုကို အကြောင်းပြု၍ ဤရွာကလေး၌ ခေတ္တခိုအောင်းနေကြခြင်း ဖြစ်၏။

တစ်ရွာလုံး ရှိသမျှ လုယက်ပြီး ထွက်ပြေးသွားကြမည်သာ ဖြစ်၏။

သူဌေးယန်က ငေးငိုင်နေကြသော ရွာသားတို့ကို အော်ငေါက်လိုက်၏။

'မင်းတို့ ဘာလုပ်နေကြတာလဲ၊ ရှိသမျှ ရွှေငွေ အဖိုးတန်ပစ္စည်းတွေ ယူပေးလိုက်ကြလေ'

လူသန်ကြီးက မဲ့ပြုံး ပြုံး၍ သူဌေးယန်အား ကြည့်လိုက်သည်။

'ကျုပ်ပြောတဲ့ အထဲမှာ ခင်ဗျားလဲ ပါတယ်'

'ဟင်'

သူဌေးယန် ကြောင်အမ်းအမ်း ဖြစ်သွား၏။

'ကျုပ်....ကျုပ်'

လူသန်ကြီးက အေးစက်သော အသံဖြင့် ပြောလာသည်။

'ခင်ဗျားက ဒီရွာမှာ အချမ်းသာဆုံး မဟုတ်လား၊ ကဲ— ခင်ဗျားရဲ့ ပစ္စည်းတွေလဲ အကုန်လုံး ထုတ်ပေးတော့'

သူဌေးယန်က မျက်လုံးပြူးသွားသည်။

'မင်း....မင်းတို့'

'ဘာလဲ ခင်ဗျာ၊ သေချင်ပြီလား'

'ကျုပ်....'

'ခင်ဗျားပေးမသား၊ မပေးဘူးလား'

ယခုမှ...

လူဆိုးဓားပြဟူသည် သစ္စာမရှိကြောင်း....

ကျေးဇူးတရား နားမလည်ကြောင်း သူ့ဒေါ်ယန် ကောင်း ဆောင်းကြီး၊ နားလည် သဘောပေါက်သွား၏၊

သို့သော်....

သူ အသိနောက်ကျသွားပြီ ဖြစ်သည်၊

'ကျုပ်....ကျုပ်ပေးပါ့မယ်ဗျာ'

သူက ကြောက်ရွံ့စွာဖြင့် ပြောလိုက်၏၊

'ဟား ဟား ဟား'

လူသန်ကြီး သဘောကျစွာ ရယ်လိုက်သည်၊

တစ်ဆက်တည်းမှာပင်....

'ကဲ....တစ်ယောက်ချင်း ပြန်ပြီး အဖိုးတန်ပစ္စည်း ရှိသမျှ ယူလာခဲ့ကြ၊ ထိန်ဝှက်ထားတာတွေ့ရင် သတ်ပစ်မယ်၊ ထွက်ပြေးမယ် မကြံနဲ့၊ အကုန်သေကုန်မယ်'

ထိုစဉ်....

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်၊

မြင်းခွာသံသည် တစ်စထက်တစ်စ ပိုပြီး နီးကပ်လာ၍ ရွာထဲသို့ ဝင်လာ၏။

ခရေကျေးရွာတွင် လူသန်ကြီး ထင်တိုင်းကျဲနေချိန်ပင်လျှင် ဆောင်းစုံ ရောက်ရှိလာခဲ့လေသည်။

* * *

မြင်းခွာသံတိတ်ဆိတ်သွားသည်။

ခန်းကျင်တစ်ခုလုံးသည် အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်သွားသည်ဟုထင်မှတ်ရလေ၏။

ရွာသူရွာသား အားလုံး နောက်လှည့်ကြည့်ကြ၏။

ထိုအခါ....

မလှမ်းမကမ်း၌ရပ်ခနေသော မြင်းစီးသမားတစ်ယောက်ကို တွေ့မြင်လိုက်ရ၏။

ထိုလူမှာ ဆောင်းစုံဖြစ်သည်။

ရွာသူရွာသားများက အေးသို့ရှဲသွားကြသဖြင့် ဆောင်းစုံကို အတိုင်းသားတွေ့မြင်ရ၏။

သူ မြင်းပေါ်မှ ဆင်းလိုက်၏။

ထိုနေရာ....

ရှေ့သို့လှမ်းလာ၏။

ရှမ်းသူရှမ်းသားများ ဘေးဖယ်သွားကြသဖြင့် လမ်းရှင်းပေးသွားလိုက်ကြသလို ဖြစ်သွား၏။

သောင်းစု လှမ်းလာနေသည်ကို ကြည့်ရင်း....

လူသန်ကြီး၏ စိတ်ထဲ၌ ဓားတစ်လက် ရှေ့လျှောလာနေသည်ဟု ထင်မှတ်လိုက်လေ၏။

သူက တရွေ့ရွေ့ လှမ်းလာရင်းမြေကွက်လပ်ရှေ့သို့ရောက်ရှိလာ၏။

လူသန်ကြီးက ဝဲယာဘေးတစ်ဖက်တစ်ချက်၌ရှိနေသော သူ၏ လူနှစ်ယောက်ကို မျက်ရိပ်ပြလိုက်၏။

သူ့လူနှစ်ယောက်သည် ချက်ချင်းပင် ရှေ့တိုး သွားကြပြီး သောင်းစု၏ တစ်ဖက်တစ်ချက်မှ ညှပ်ကာဝိုက်ကြ၏။

ထိုလူနှစ်ယောက်သည် ဓားများကို တိတ်တဆိတ် ဆွဲထုတ်၍ ညှပ်ပူးညှပ်ပိတ်အနေအထားဖြင့်ဖြိုင်ကူ ထိုးသွင်းလိုက်လေသည်။

သောင်းစု ခန္ဓာကိုယ်ကို အကြောဆန့်လိုက်၏။

ထိုအခါ....

ထိုးသွင်းလာသည့် ဓားကိုရှောင်တိမ်းလိုက်သလို ဖြစ်သွားသည်။

ဤတွင်....

လူသန်ကြီး၏ လူနှစ်ယောက်သည် အချင်းချင်းပြန်လည် တိုက်ခိုက်မိသွားကြ၏။

ဝဲဘက်မှလူ၏ဓါးသည် ယာဘက်မှလူ၏လည်မျိုကို ထိုးစိုက်မိသွားပြီး ယာဘက်မှလူ၏ ဓါးက ဝဲဘက်လူ၏ ရင်ဝ ကို ထိုးသွင်းမိသွား၏။

သူတို့နှစ်ယောက်သည် ထိုသို့ဖြစ်မည်ကို မယုံနိုင်ဟန်ဖြင့် မျက်လုံးကြီးများပြူးကာ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး အသံမထွက်နိုင်ကြဘဲ မြေပေါ် အအိအိလဲ့ကျ သွားလေသည်။

ပွဲဦးထွက်မှာပင် လူသန်ကြီးနှစ်ယောက် အသက်ပျောက် သွားကြသည်။

* * *

ဝန်းကျင်တစ်ခုလုံး ပို၍ တိတ်ဆိတ်ငြိမ်သက်သွား၏။

ရွာသူရွာသားတို့သည် မှင်တက်မိကာ ငေးကြည့်နေကြပြီမှ ကောင်းစုံသည့် လူသန်ကြီးတို့ လူစုအား ဆုံးမရန် လာ ဖြစ်ကြောင်း သဘောပေါက်ကြ၏။

သို့သော်....

ဝမ်းသာသော အရိပ်အယောင်မပြရဲကြ။

မတော်တဆ လူသန်ကြီးတို့လူစုကြောင့် သူ သေဆုံးသွား၊ လျှင် သူတို့၏ ကံကြမ္မာပို၍ဆိုးပေါ့သွားမည် မတွက်ပါလား။

လူသန်ကြီးသည် သူ၏လူနှစ်ယောက်သေသွားသည်ကိုမြင် လျှင် မျက်နှာတည်သွား၏။

ကောင်းစုကို စိုက်ကြည့်လိုက်၏။

ထိုစဉ်....

လူလေးယောက်ရှေ့သို့ လှမ်းထွက်လာ၏။

လူသန်ကြီး မသိမသာ ခေါင်းညိတ်လိုက်၏။

ထိုသူလေးယောက်သည် ချဲဓါးချင်းပင် ကောင်းစုကိုဝိုင်းရံ လိုက်ကြ၏။

'ချွမ်....ချွမ်....ချွမ်'

ဓားကိုယ်စီဆွဲထုတ်ပြီးလျှင်

'ယား'

ညာသံပေးကာ ပြိုင်တူတိုက်ခိုက်လိုက်ကြ၏။

ကောင်းစုဘာ လက်တစ်ဖက်ဝှေ့ယမ်းလိုက်၏။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာ၏။

'အား'

'အွန့်'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသည့်အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေ သည်။

လူဆိုးလေးယောက်သည် သူ့ကိုတိုက်ခိုက်ရန် ဓားများကို အပေါ်သို့ မြှောက်ရုံသာရှိသေးသည်၊

မည်သည့်အချိန်က ထုတ်လိုက်မှန်း မသိသော သူ၏ဓားက အကာအကွယ်မဲ့နေသည့် သူတို့၏ဝမ်းပိုက်ကို ခုတ်ချလိုက်ပြီး သားဖြစ်သွား၏။

လူဆိုးလေးယောက်မြေပေါ်လဲကျသွား၏၊

လူသန်ကြီး၏ခန္ဓာကိုယ် မသိမသာတုန်ခါသွား၏၊

ကောင်းစုသည် ခေသူမဟုတ်ကြောင်း သဘောပေါက်လာသည်။

ထို့ကြောင့်....

သူက အေးစက်သောလေသံဖြင့် မေးလိုက်၏။

'မင်းက ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စထဲ လူစွမ်းကောင်း ဝင်လုပ်ချင်တာ ဘာသဘောလဲကွ'

သူက အဖြေမပေးဘဲ

'မုတ်ဆိတ်ကော'

လူသန်ကြီးမျက်မှောင်ကုတ်သွား၏။

ကောင်းစုံအား စူးစမ်းသော အကြည့်ဖြင့်ကြည့်ရင်း မေးလိုက်သည်။

'ဘာလုပ်မလို့လဲ'

'မုတ်ဆိတ်ကော'

သူက ထပ်မေးလိုက်၏၊

Scanned with ACE Scanner

သူ၏မျက်နှာထားနှင့်အသံကြောင့် မည်သို့မျှ စေ့စပ်၍ရမည်မဟုတ်ကြောင်း၊ လူသန်ကြီး သဘောပေါက် လိုက်လေသည်။

'ရှိတယ်'

သူက ပြုံးလိုက်ပြီး

'ဒါပေမယ့် ကျုပ်ကိုကျော်ဖြတ်သွားနိုင်မှ တွေ့ရပါလိမ့်မယ်'

ဟူ၍ ဆက်ပြောလိုက်သည်။

ကောင်းစု ခေါင်းညိတ်လိုက်သည်။

'ရပါတယ်'

စကားဆုံးလျှင် ရှေ့သို့ခပ်သွက်သွက် လှမ်းလာသည်၊

လူသန်ကြီးက ပုဆိန်တစ်လက် ထုတ်ယူလိုက်၏၊

တစ်ဆည်တည်းမင်....

'ယား'

ငြာသံပေးကာ ကောင်းစုအား ဆီးကြို၍ တိုက်ခိုက်လိုက်သည်။

သူ၏တိုက်ခိုက်မှုမှာ အလွန်လျင်မြန်လှသည်၊

အားမန်ပါပြီး ပြင်းထန်လှသည်၊

ကောင်းစု လဲကျ သေဆုံးတော့မည် ထင်မှတ်ထားသော ရှုသူရှခသားများမှာ....

'အမယ်လေး'

လွှတ်ခနဲ အော်လိုက်မိကြသည်၊

သို့သော်....

အဖြစ်အပျက်တို့ကား မယုံကြည်နိုင်စရာ ကောင်းလောက်အောင် ပြောင်းလဲသွားသည်။

ကောင်းစုသည် လူသန်ကြီး၏ မြင်ကွင်းမှ ရုတ်တရက် ပျောက်ကွယ်သွားသည်။

'ဟင်'

လူသန်ကြီး အံ့သြသွားသည်။

မမျှော်လင့်ဘဲ ထိတ်လန့်တုန်လှုပ်မှုလည်း ဖြစ်ပေါ်လာသည်။

တစ်ဒင်္ဂအတွင်း အရေးနိမ့်သွားပြီဖြစ်ကြောင်း နားလည်လိုက်သည်။

လူသန်ကြီးသည် ချာခနဲနောက်လှည့်ကာ ပုဆိန်ဖြင့် ခုတ်ချလိုက်သည်။

အကယ်၍....

ကောင်းစုသည် သူ၏အနောက်ဘက်၌ ရောက်ရှိနေလျှင် သူ၏တိုက်ကွက်ကြောင့် ထင်သလိုလုပ်နိုင်တော့မည် မဟုတ်ပါလား။

ဤသို့ဆိုလျှင်....

သူ့အနေဖြင့် တန်ပြန်ရင်ဆိုင်ဖို့ အခွင့်အရေး ရနိုင်တော့မည်ဟု ယူဆထားလေသည်။

ကောင်းစုသည် အမှန်တကယ်ပင် နောက်ကျောဘက်၌ ရှိနေပါသည်။

သို့သော်....

ကောင်းစုသည် ဓားသမားတစ်ယောက် ဖြစ်ကြောင်းကို လူသန်ကြီးသည် မတွက်မိလိုက်ချေ။

နောက်သို့လှည့်ကာ ခေါင်းဖြင့်တိုက်ချလိုက်ချိန်တွင် ဝင်းလက်သော ဓားရောင် ထွက်ပေါ်လာလေသည်။

ကောင်းစု၏ဓားသည် ပြင်းထန်သောအဟုန်ဖြင့် ခုတ်ချလာသည်။

လူသန်ကြီးသည် သူ၏ခေါင်းကို သံမဏိပမာ မာကျောအောင် လေ့ကျင့်ထားသူဖြစ်၏။

ယခုတစ်ကြိမ်....

သူ၏ခေါင်းသည် ပြင်းထန်စွာခုတ်ချလာသော ကောင်းစု၏ ဓားကို ဆောင့်ချလိုက်သလို ဖြစ်သွား၏။

ကောင်းစု၏ဓားသည် သူ၏ဦးခေါင်းထက် ပို၍မာကျောပြီး ထက်မြက်လှကြောင်း သိလိုက်ရလေသည်။

'ခွမ်း'

ထို့နောက်....

'ဝုန်း'

လူသန်ကြီး မြေပေါ်လှဲကျသွားသည်။

ဤတွင်....

မြေကွက်လပ်တွင် ရှိနေကြသော လူသန်ကြီး၏လူများမှာ အိမ်ထဲသို့ ဒရောသောပါး ပြေးဝင်သွားကြလေတော့သည်။

• • •

## သွေးဘီလူး

---

လူသန်ကြီး မြေပေါ်လဲကျနေပြီ ဖြစ်သည်။

သူ၏လူများသည် အိမ်ထဲသို့ ဒုံးရောသောပေါ၊ ပြေးဝင်သွားကြလေသည်။

သို့သော်....

'ဟိတ်'

ကောင်းစုံ မြေပေါ်ခြေဆောင့်ကာ အပေါ်သို့ ခုန်တက်လိုက်သည်။

သူ၏ခန္ဓာကိုယ်သည် လေထဲတွင် သုံးလေးပတ်လည်သွားပြီး....

အိမ်ထဲသို့ ပြေးဝင်သွားသူများ၏ ခေါင်းပေါ်မှ ကျော်ဖြတ်ကာ အိမ်တံခါးဆီ ရောက်သွား၏။

Scanned with ACE Scanner

ဒင်ရောသောပါး ပြေးလာကြသူများသည် သူတို့၏ရှေ့၌ ရောက်နှင့်နေသော ကောင်းစုကိုကြည့်ကာ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

ထိုစဉ်....

ကောင်းစုသည် ဓားကိုင်လက်အား တစ်ချက်မျှ ဝှေ့ယမ်းလိုက်သောအခါ....

‘ဝုန်း’

‘အား’

‘အမယ်လေး’

‘သေပါပြီ’

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်။

လူသန်ကြီး၏ လူများသည် မည်သို့ တိုက်ခိုက်ခံရသည်ကို မသိလိုက်ကြဘဲ အတုန်းအရုန်းလဲကျ၍ သေဆုံးသွားလေတော့သည်။

ယခု....

အိမ်ရှေ့မြေကွက်လပ်၌ ရှိနေသော လူဆိုးလူမိုက်များမှာ ဇာတ်ဝိန်ချုပ်သွားကြပြီ ဖြစ်သည်။

အိမ်ထဲ၌ ကျန်နေသေးသောလူများသည် မျက်ခုံးလှုပ်နေကြပြီ ဖြစ်လေသည်။

ကောင်းစု အိမ်ထဲသို့ မျက်နှာမူလိုက်သည်။

ထိုစဉ်....

'ယား'

'ညာသံပေးသံများနှင့်အတူ ဓားကိုင်ထားသူများ တစ်ဗျွန်ထိုး ထွက်လာကြပြီး ကောင်းစုအား ဝိုင်းရံ တိုက်ခိုက်လာကြလေသည်။

ကောင်းစုံ၏ ဓားကိုင်ထားသောလက်ဖြင့်သည်း ခပ်သွက်သွက် လှုပ်ရှားလေသည်။

'အား'

'အင်း'

'အမယ်လေး'

'သေပါပြီဗျာ'

ပြေးဝင်လာသူများ အလဲလဲ အပြိုပြို ဖြစ်သွားကြလေသည်။

ထို့နောက်....

အိမ်ထဲ၌ တိတ်ဆိတ်ငြိမ်သက်သွား၏။

သန်းဖုံက မလှုပ်မယှက် ရပ်နေသည်။

သူစုံစမ်းသိရှိထားသော သတင်းအရ မုတ်ဆိတ်တို့ အဖွဲ့လူအင်အားကို သူသိထားပါသည်။

မုတ်ဆိတ်၏လက်ရုံး လူသန်ကြီးနှင့် မှုယိုကိုလုပ်ကြဖို့ မုတ်ဆိတ်အကူအညီခေါ်လာသော အနက်ရောင်သိုင်းသမား နှစ်ယောက်သာ ကျန်ရစ်ခဲ့သည်ကို သိလိုက်၏။

ထိုအချိန်တွင်....

လက်ခုပ်သံများ ထွက်ပေါ်လာသည်။

လူနှစ်ယောက်သည် လက်ခုပ်တီးကာ ဩဘာပေးရင်း ကောင်းစုရှေ့သို့ ရောက်ရှိလာကြလေသည်၊

* * *

ကောင်းစုံအာ မလှုပ်မယှက်ရပ်နေ၏၊

သူ့ရှေ့သို့ရောက်လာသူ နှစ်ယောက်အား သတိပြုကြည့်လိုက်မိသည်၊

တစ်ယောက်မှာ အနက်ရောင်ဝတ်ဆင်ထားပြီး ခါးတွင် ဆားရေအိတ်စာလေးများ ချိတ်ထားသည်၊

သူ၏မျက်နှာသည် ညိုပုပ်ပုပ်အရောင်တဖိတ်ဖိတ်တောက်ပနေလေသည်၊

ကျန်တစ်ယောက်မှာအနီရောင်အဝတ်အစားများဝတ်ဆင်ထား၏၊

ဆံကေသာများကို သေသပ်စွာဖြီးလိမ်းထား၏၊

မျက်နှာတစ်ခုလုံး ပြုံးနေသည်၊

အလွန်သဘောမနောကောင်းပြီး ချမ်းသာ ကြွယ်ဝဟန်တူသည့် သူဌေးသားတစ်ယောက်အသွင် ရှိလေသည်၊

ထိုလူနှစ်ယောက်သည်ခေသူများမဟုတ်ကြောင်းကောင်းစွာ ချက်ချင်းရိပ်မိသည်။

ထို့ကြောင့်....

သတိကြီးစွာ ထားလိုက်၏။

အနက်ရောင်ဝတ်ဆင်ထားသူက....

'သွေးဘီလူး၊ သူက ဒီအထိဝင်လာနိုင်တာ မဆိုးဘူးဗျ၊ ချီးကျူးစရာကောင်းတယ်'

သူ၏စကားသည် ချီးကျူးစရာဖြစ်သည်။

သို့သော်....

စကားသံမှာ အေးတိအေးစက် ဖြစ်ပြီး အသက်မပါလှချေ။

အနီရောင်ဝတ်ဆင်ထားသူက....

'ဘယ်က ချီးကျူးစရာကောင်းရမှာလဲ ကျိုးကန်းရယ်၊ ကျေးဇူးတင်စရာကောင်းတာဗျ၊ သူ့ကြောင့် ကျုပ်တို့ဝေစုခွဲပေးရမယ့်လူ နည်းသွားပြီလေ'

အနက်ရောင် ဝတ်ဆင်ထားသူက ခေါင်းညိတ်လိုက်လေသည်။

'အော်....ဟုတ်သားပဲ၊ မုတ်ဆိတ်ရှဲလူတွေ မရှိတော့ဘူးဆိုတော့ ဝေစုခွဲပေးစရာ မလိုတော့ဘူးပေါ့'

သွေးဘီလူးက...

'မုတ်ဆိတ်ကို ထည့်တွက်စရာ မလိုတော့ဘူးထင်တယ်'

အနက်ရောင် ဝတ်ဆင်ထားသည့် ကျိုးကန်း ဆိုသူအား သဘောကျစွာ ရယ်မောလိုက်ပြီး....

Scanned with ACE Scanner

'ဟုတ်မှာပါလေ၊ သူတာ သိပ်ကြေစကက်တတ်တာ၊ အခု လေစကဲဆို ထွက်ပြေးသွားရှာပေါ့'

သူတို့နှစ်ယောက် အချီအချပြောဆိုလိုက်ကြသည့် စကား များကြားလျှင် ကေဇင်းစု မနေကျမနပ်ဖြစ်သွားလေသည်။

အမိကအားဖြင့်....

မုတ်ဆိတ်က မုယုအား လုပ်ကြံလို၍ အပေါင်းအဖော် များ ခေါ်လာခြင်းဖြစ်သည်။

ယခုပြဿနာတွင်, မုတ်ဆိတ်အမိကကျသေသည်။

ယခု....

မုတ်ဆိတ်သည် အခြေအနေမဟန်မှန်းသိ၍ ထွက်ပြေး ရှောင်တိမ်းသွားပုံရလေသည်။

မည်သို့ဆိုစေ....

မုတ်ဆိတ်ကို မတွေ့တွေ့အောင်ရှာဖွေပြီး သုတ်သင်ပစ်မည် ဟု ကေဇင်းစု သန္နိဋ္ဌာန်ချလိုက်သည်။

ကျိုးကန်းနှင့် သွေးဘီလူးရှေ့တွင် အလွှာတကြီးမလုပ် သင့်မှန်းသိ၍ စိတ်ကိုထိန်းချုပ် ထားလိုက်လေသည်။

ကျိုးကန်းနှင့် သွေးဘီလူးကိုကြည့်ကာ သူ၏ဦးနှောက် ထဲ၌ အသိတစ်ခု ဝင်ရောက်လာသည်။

အနက်ရောင် သိုင်းလောကတွင် အဆိပ် အသုံးပြုသော ကျိုးကန်းဆိုသည့် သိုင်းသမားတစ်ယောက်ရှိသည်။

ထို့အတူ....

စင်ကျန်နယ်၌ နာမည်ဆိုးဖြင့် ကျော်ကြားနေသောဘီလူး လေးဖော်ရှိကြသည်။

အနီရောင်ဝတ်ဆင်ထားသူမှာ ဘီလူးဖေဖော်တွင်အငယ်ဆုံးဖြစ်သော သွေးဘီလူးပင်ဖြစ်သည်။

သူ၏ရှေ့တွင် ရောက်နေသူများမှာ ခေသူမျာမ မတုတ်ကြောင်း သိလိုက်ရသဖြင့် ကောင်းစု သတိထားနေလိုက်ခြင်းဖြစ်ပေတော့သည်။

ကျော်ထန်းနှင့် သွေးဘီလူးတို့ဘစ်ယောစက်ကို တစ်ယောက်ကြည့်လိုက်ကြလေသည်။

ကျော်ထန်းက...

'ကဲပါဗျာ...ကျုပ်ကပဲ သူ့ကို တာဝန်ယူလိုက်ပါ့မယ်'

စကားဆုံးလျှင် ရှေ့သို့လှမ်းထွက်လာလေသည်။

သွေးဘီလူးက ဘာမှမပြောဘဲ လက်ပိုက်ကြည့်နေသည်။

ကျော်ထန်းက ကောင်းစုနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး...

'မင်းဟာ ဒီအထိစင်လာနိုင်တာ ချီးကျူးပါတယ်ကွာ'

စကားဆုံးလျှင် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်၏။

ထိုအခါ...

သူ၏ လက်နက်ပုန်းများသည် ကောင်းစုံထံသို့ တရစပ်ပစ်လွှင့်လာလေတော့သည်။

ကောင်းစုံ သတိထားနေ၍ တော်သေးသည်။

ကောင်းစုသည် ခါးကိုင်ထားသော ဓားကို ဝှေ့ယမ်းလိုက်လေသည်။

ရုတ်တရက်...

ဓားရိပ်များသည် စက်ဝိုင်းပုံအထပ်ထပ် ဖြစ်သွားသည်။

လက်နက်ပုန်းများသည်ကြမ်းပြင်ပေါ်တဖြုတ်ဖြုတ်ကျ၍နေသည်။

ကျီးကန်း ကြောင်သွားသည်။

ထိုစဉ်....

ကောင်းစု၏ ခေါင်းဦးသည် စဏ်ဝိုင်းရိပ်များကြားမှ -ထိုးဖောက်၍ ထွက်လာ၏။

'ဟင်'

ကျီးကန်း ထိတ်လန့်သွားပြီး ကမျာကယာ နောက်ဆုတ်လိုက်လေသည်။

ကောင်းစု၏ ခေါင်းကလည်း သံလိုက်ပမာ ကပ်ပါလာ၏။

ကျီးကန်းသည် နောက်ဆုတ်လိုက်သဖြင့် လွတ်သွားပြီဟုထင်မှတ်လိုက်စဉ်....

ကောင်းစု၏ခေါင်းသည် သူ့ရင်ဝကို ဖောက်ဝင်သွားသည်။

'အား'

ကျီးကန်းမှာ ရူးရူးစွာ အော်ဟစ်ပြီး လဲကျသွားတော့သည်။

Scanned with ACE Scanner

သွေးဘီလူး ခေါင်းညိတ်လိုက်သည်။

'ကောင်းလိုက်တဲ့ဓားကွက်'

သူက ချီးကျူးလိုက်သည်။

ကောင်းစု ပြုံးလိုက်သည်။

'စေစုတွေကို မင်းတစ်ယောက်တည်းပိုင်ပြီလို့ မထင်ဘူး လား'

သွေးဘီလူး ခေါင်းခါယမ်းလိုက်သည်။

'မသင်ပါဘူးဗျာ'

ကောင်းစု မျက်မှောင်ကြုတ်လိုက်၏။

သူက သွေးဘီလူးအား ကြည့်လိုက်ပြီး....

'ဘာဖြစ်လို့လဲ'

သွေးဘီလူး မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျားဟာ မိုးကြိုးဓားကောင်းစု ဖြစ်နေလို့ပါ'

ကောင်းစု ပြုံးလိုက်၏။

'ရဟန်းဓားမှုယုန့် ကျုပ်ဟာ သွေးသောက်မိတ်ဆွေတွေ ဖြစ်ကြတယ်ဆိုတာ လူတိုင်းသိကြတယ်၊ မင်းလဲသိဖို့ကောင်း တာပေါ့'

သွေးဘီလူး ခေါင်းညိတ်လိုက်၏။

ထို့နောက်....

ဖျော့တော့သော လေသံဖြင့်....

'သိပါတယ်ဗျာ၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သလဲ'

'ခင်ဗျား က သိုင်းလောကမှာ ဇာတ်မြုပ် နေလိုက်ပြီ ထင်လို့ပါ'

ကောင်းစု ခေါင်းခါယမ်းလိုက်သည်၊

သူက သွေးဘီလူးအား စူးစိုက်ကြည့်လိုက်ပြီး....

'မင်းမှားသွားတာပေါ့၊ မုယု တစ်ခုခုဖြစ်သွားရင် ကျုပ်ဘယ်နေရာရောက်နေ ရောက်နေ သိုင်းလောကထဲကို ပြန်ဝင်လာမယ်ဆိုတာ သိဖို့ကောင်းတာပေါ့'

သွေးဘီလူး ခေါင်းညိတ်လိုက်၏၊

'ဟုတ်ပါတယ်၊ ဒါပေမယ့် အခုအချိန်မှာတော့ ပြုပြင်လို့ မရတော့ပါဘူး'

ကောင်းစု ခေါင်းညိတ်လိုက်၏၊

သူက အေးစက်သော လေသံဖြင့်....

'ဟုတ်တယ်၊ ငါ မင်းကိုခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး'

သွေးဘီလူး ပါးစပ်ပိတ်ထားလိုက်သည်၊

ကောင်းစုက သွေးဘီလူးအားကြည့်ကာ....

'မင်းက သွေးဘီလူးနော်'

'ဟုတ်ပါတယ်ဗျာ'

ကောင်းစုက....

'မုယုကိုလုပ်ကြံတုန်းက မင်းဘယ်လို ပါဝင်ခဲ့သလဲ'

အေးစက်သောလေသံဖြင့် မေးလိုက်သည်၊

သွေးဘီလူး သက်ပြင်းချလိုက်သည်၊

Scanned with ACE Scanner

'ကျုပ်ကသူ့ကိုယပ်တောင်နဲ့ သွေးကြောထိုးပိတ်လိုက်ရုံပါ'

'ဩော်'

ကောင်းစုံ ခေါင်းညိတ်လိုက်သည်။

သွေးဘီလူးက ကောင်းစုအား အကဲခတ်ကြည့်လိုသည်။

ထို့နောက်....

သက်ပြင်းတစ်ချက်ချကာ ပြောလိုက်၏။

'ကျုပ်ရဲ့လုပ်ရပ်က သိပ်ပြီး အရေးမပါပါဘူးဗျာ'

'ဟား ဟား ဟား'

ကောင်းစု သဘောကျစွာ ရယ်မောလိုက်သည်။

ထို့နောက်....

သွေးဘီလူးအား အေးစက်သော လေသံဖြင့် ပြောလိုက်သည်။

'မုံယု သေဆုံးသွားရတဲ့ လုပ်ကြံမှုမှာ အဓိကအကျဆုံးဟာ မင်းပဲ'

'ဘာဗျ'

သွေးဘီလူး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ကောင်းစုက တည်ကြည်သော မျက်နှာထားဖြင့်....

'မင်းက သွေးကြောပိတ်လိုက်တော့ သူကမလှုပ်ရှားနိုင်တော့ဘူးပေါ့၊ ဒီတော့ မုတ်ဆိတ်က ကြိုက်သလို လုပ်နိုင်ပြီပေါ့'

'ဟင်'

သွေးဘီလူး မျက်နှာပျက်သွား၏။

ကောင်းစုက သက်ပြင်းတစ်ချက်ချပြီး....

'မင်းက မုယုကို ကိုယ်တိုင်သတ်ပစ်လိုက်တာ မဟုတ်ဘော့ကျုပ်ကလဲ မင်းကိုသတ်မပစ်ပါဘူးကွာ'

စကားဆုံးသည်နှင့် ဓားဖြင့်ထိုးလိုက်သည်။

သွေးဘီလူးကလည်း အစကျမခံ ယပ်တောင်ကို ထုတ်ကာ ပြန်လည်တိုက်ခိုက် လိုက်သည်။

ကောင်းစု၏ ဓားနှင့်သွေးဘီလူး၏ ယပ်တောင်ထိမိသွားလေသည်။

'ဖျပ် ဖျပ် ဖျပ်'

သွေးဘီလူး၏ယပ်တောင်မှာ ချက်ချင်း အပိုင်းပိုင်း ပြတ်သွားလေသည်။

'ဟာ'

သွေးဘီလူးအထိတ်တလန့်ရေရွတ်လိုက်သည်။

ထို့နောက်....

ကပျာကယာ နောက်ဆုတ်လိုက်သည်။

သို့သော်....

'မင်း ရှောင်ပြေးလို့ မရပါဘူးကွာ'

ကောင်းစုက ရေ့တိုး၍ သူ၏ရင်ဝကိုဓားဖြင့်ထိုးစိုက်လိုက်သည်။

'ဟင်'

သွေးဘီလူးက အထိတ်တလန့်ဖြစ်သွား၏။

သူမျက်လုံးအစုံ ပြူးကျယ်သွားကာ အော်ဟစ်လိုက်လေသည်။

'ခင်...ခင်ဗျား ကတိမတည်ဘူး'

ထိုစဉ်....

ကောင်းစုက ဓားဖြင့် သူ၏ရင်ဝကို သိရှိသာ ထိုးလိုက်ပြီး ချက်ချင်း ရုပ်သိမ်းလိုက်၏။

သွေးဘီးလူး၏ ခန္ဓာကိုယ်က ကျဉ်စက်ဖြင့် အတို့ခံလိုက်ရသလို ထုံကျဉ်သွားလေသည်။

ကောင်းစုက ဓားကို ရုပ်သိမ်းကာ ဓားအိမ်ထဲသို့ပြန်သွင်းလိုက်သည်။

သွေးဘီလူးမျက်လုံးပြူးသွားသည်။

'ခင်....ခင်ဗျားဘာလုပ်တာလဲ'

အံ့တသြဖြင့် မေးလာ၏။

ကောင်းစုပြုံးလိုက်သည်။

'သွေးကြော ပိတ်လိုက်တာလေ'

'ဟုတ်'

ကောင်းစုက ပြုံးလိုက်ပြီး....

'မင်းက မုယကို ဘာမှမလုပ်ပါဘူး၊ သွေးကြော ပိတ်ငံပိတ်ခဲ့တာမဟုတ်လား၊ ဒါကြောင့် ကျုပ်ကလဲ မင်းကိုသွေးကြောပိတ်ရုံပဲပိတ်ထားလိုက်တာလေ'

သွေးဘီလူး ထိတ်လန့်သွားသည်။

'ခင်... ခင်ဗျား'

သူက လှုပ်ရှားဖို့ကြိုးစားသည်။

Scanned with ACE Scanner

သို့သော်....

သွေးကြောပိတ် ခံထိုက်ရပြီ ဖြစ်ရာ မလှုပ်ရှား နိုင်ပါ တော့ချေ။

ဓါးဖြင့်ထိုး၍ သွေးကြောပိတ်သည့်ပညာကို ယခုမှ တွေ့ကြုံ ဖူးခြင်းဖြစ်လေသည်။

တော်ရုံတန်ရုံ ဓားသမား တစ်ယောက် အနေနှင့် ထိုသို့ ပြုလုပ်နိုင်မည် ဖြစ်သည်။

ထိပ်တန်း ပညာ တတ်မြောက်သော ဓားသမား တစ်ယောက်မှသာလျှင် ထိုသို့ပြုလုပ်နိုင်မည်မဟုတ်ချေ။

ထိပ်တန်းပညာတတ်မြောက်သောဓားသမားတစ်ယောက် ဖြစ်သူ ကောင်းစုသည် ဓားပညာကို အရည်ကျိုသောက်ထား သူတစ်ယောက်ပမာ ကျွမ်းကျင်လိမ္မာသူ ဖြစ်ကြောင်း ထင် ရှားနေပါတော့သည်။

ကောင်းစု သက်ပြင်းချလိုက်၏။

'မင်းက သွေးကြောပိတ်လိုက်တော့ မှူယုကို ခေါင်းကြီး တို့က ရှင်းပစ်လိုက်ကြတယ် မဟုတ်လား'

သွေးဘီလူးဟာ ဘာမှမပြောဘဲ နေလိုက်သည်။

ကောင်းစုက....

'အခုသဲ့ ကျုပ်ကတော့ မင်းကို ရှင်းပစ်မှာ မဟုတ်ပါ ဘူး၊ ဒါပေမယ့်....'

စကားဆုံးအောင် မပြောဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်ထား သည်။

Scanned with ACE Scanner

သွေးဘီလူး တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့် တုန်လှုပ်ချောက်ချားသွားသည်။

'ခင်....ခင်ဗျာ၊ မယုတ်မာနဲ့'

သူက ဒေါသတကြီး အော်ဟစ်လိုက်၏။

ကောင်းစုပခုံးတွန့်လိုက်၏။

'မင်းဟာ အလုပ်တစ်ခု လုပ်တော့မယ်ဆိုရင် ကိုယ်လုပ်လိုက်တာ ဘာဖြစ်နိုင်သလဲဆိုတာ ထည့်တွက်မှပေါ့'

သွေးဘီလူး၏ မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

သူက ကောင်းစုအား ရူးရဲသော မျက်လုံး အစုံဖြင့် စိုက်ကြည့်လိုက်လေသည်။

'ခင်ဗျား ကျုပ်ကို သွေးကြောဖွင့်ပေးစမ်း'

'ဟား ဟား ဟား'

ကောင်းစုသဘောကျစွာ ရယ်မောလိုက်သည်။

ထို့နောက်

သွေးဘီလူးအား ကြည့်ကာ

'ကျွတ်....ကျွတ် သနားစရာကောင်းလိုက် တာကွာ၊ ဒါပေမယ့် မင်းဘာမှ မပူပါနဲ့ မုယုကို မုတ်ဆိတ်တွေ နှိပ်စက်ပြီး သတ်ဖြတ်တာနဲ့စာရင် မင်းဟာကောင်းပါတယ်'

သူက ရွာသူရွာသားများအား ညွှန်ပြလိုက်သည်။

'သူတို့ကတော့ မုတ်ဆိတ်လိုတော့ မနှိပ်စက်တတ်ကြပါဘူး။ မုယုထက်စာရင် မင်းကတော်ပါသေးတယ်'

အေးဘီလူး အထိတ်တလန့်ဖြစ်လာသည်။

သူ၏တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင် လာသည်။

သူက ကောင်းစုအား နာကြည်းမုန်းတီးသော မျက်ဝန်း အစုံဖြင့် ကြည့်လိုက်သည်။

'လူယုတ်မာ ကျုပ်ကို သွေးကြောဖွင့်ပေး'

ကောင်းစုက ခေါင်းခါယမ်းလိုက်၏။

ထို့နောက်

ချာခနဲလှည့်ကာ သွေးဘီလူးကို ကျောခိုင်း သွားလေသည်။

သွေးဘီလူး ဒေါသခြောင်းခြောင်းထွက်သွား၏။

'လူယုတ်မာ ကျုပ်ကို သွေးကြောဖွင့်ပေး'

သူကအသံကုန် အော်ဟစ်လိုက်၏။

သူက ဆက်ကာ ဆက်ကာ အော်ဟစ်နေခြင်း ဖြစ်လေသည်။

ကောင်းစု မကြားချင်ယောင် ဆောင်နေ လိုက်လေတော့သည်။

ကောင်းစု မြင်ကွင်းမှ ကွယ်ပျောက်သွားသည့်တိုင် သွေးဘီလူးက အော်ဟစ်နေဆဲ။

သို့သော်....

ကောင်းစု ထွက်သွားပြီး ဒေါသတကြီး ဖြစ်နေသော ရွာသူ ရွာသားတို့တည်း လက်နက်ကိုယ်စီ ဆွဲကိုင်၍ သူ့ထက်ငါ အလုအယက် တိုးဝင် လာကြသည်ကို တွေ့သည့်အခါ သူ၏ အော်သံ တိတ်ဆိတ် ပျောက်ကွယ်သွားလေ၏။

သူ့ထံသို့ ပြေးလွှားလာနေသည့် လူအုပ်ကြီးကို ကြည့်၍ မျက်လုံးပြူးထွက်လာ၏။

Scanned with ACE Scanner

မကြာမီ....
လူအုပ်ကြီးသည် သူ့အနီးသို့ ရောက်လာ၍....
ထို့နောက်....

* * *

မုတ်ဆိတ်....
မုတ်ဆိတ်သည် ဥာဏ်များလှသူ တစ်ဦးဖြစ်၏။
ကောင်းစုရောက်လာသောအခါ အခြေအနေ မဟန်မှန်း သဘောပေါက်သွား၏။

ထို့ကြောင့်....
ထွက်ပြေးသွား၏၊
သူက အဝေးပြေးသည်တော့ မဟုတ်ပါ၊
အဆောက်အအုံ အပေါ်ထပ်သို့ တက်ပြေး၍ ပုန်းနေမိသည်။
ကောင်းစုက မုတ်ဆိတ်ကို လိုက်မရှာပါ၊
တစ်နေ့မဟုတ် တစ်နေ့ သူ၏ လက်ထဲ ရောက်လာမည်ဟု စိတ်ထဲချ၍ ယုံကြည်မိသည်။

ကောင်းစုံ ထွက်သွားပြီး ရွာသူရွာသားတို့ လက်ချက်ဖြင့် သွေးသံလူး မရှုမလှ သေဆုံးသွားသည်ကို တွေ့ရသည့် အခါ သွေးပျက် ချောက်ချားမိ၏။

ထို့ကြောင့်....

မည်သူမျှ မသိခင် ပြတင်းပေါက်မှ ကျော်ဖြတ်ပြီး ထွက်ပြေးသွားတော့သည်။

* * *

ဝံပုလွေ ခံတွင်း

---

နေခြည် ဖြာကျနေ၏။

ရွှန်းလက်တောက်ပသော နေရောင်ခြည် အောက်တွင် ဝန်း ကျင်တစ်ခုလုံး သာယာလှပနေ၏။

စိမ်းလန်းသည့် တောအုပ်များ၊ နံနက်ခင်းကို ကြိုဆို၍ ငွေးငွေးစွင့်စွင့် ဖူးပွင့်နေသော ရောင်စုံ တောပန်းများနှင့် အေးမြ လတ်ဆတ်သော လေပြည် သေညင်းကလေးများက ကောင်းစုန်၏ စိတ်ကို ရွှင်ဘန်း တက်ကြွစေ၏။

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံတို့ စည်းချက် ဝါးချဆီ ကျကျ ထွက်ပေါ်နေ သည်။

ကောင်းစုသည် မြင်းညိုကြီးကို အသားကျ စီး၍ အရှေ့အရပ်ဆီသို့ ဦးတည် ခရီးနှင်နေ၏။

သူက မုတ်ဆိတ်ကို လိုက်လံ ရှာဖွေနေသည် မဟုတ်ပါ။

မုတ်ဆိတ်သည် သူ၏ လက်ထဲမှ ပြေးလွတ်မည် မဟုတ်ဟု ယုံကြည်ထား၏။

သူ၏ စိတ်ထဲ၌ သေွးအိုလူ၊နှင့် ကျိုးကန်းတို့ကို သုတ်သင်လိုက်ရ၍ ကျေနပ်မှု ရသွားမိ၏။

မုယုအတွက် အကောင်းဆုံး ဖြစ်အောင် လုပ်ပေးနိုင်ခဲ့ပြီဟုလည်း ယုံကြည်မိ၏။

ထို့ကြောင့်....

သူ့အတွက် ဆက်လက် ဆောင်ရွက်ရန် ခရီးနှင်နေခြင်းဖြစ်သည်။

မြောက်ပိုင်းဒေသမှ သူထွက်လာခဲ့သည်မှာ အကြောင်းရှိသည်။

သူသည် ခါးသမား တစ်ဦး ဖြစ်၏။

ထို့ကြောင့်....

ခါးသမားတိုင်း ထားရှိသော ရည်ရွယ်ချက်မျိုး သူ့ရင်ထဲတွင်လည်း ရှိ၏။

ကောင်းစုသည် ခရီးဆက်လာရင်း တောအုပ် တစ်ခုကို ဖြတ်ကျော်ပြီးနောက် မြို့ကလေး တစ်မြို့အစ လှမ်းမြင်လိုက်ရသောအခါ ဝမ်းသာသွား၏။

မြို့ကလေးဆီသို့ ဦးတည်၍ ခရီးနှင်လာ၏။

မကြာပါချေ။

မြို့တံခါးဝဆီသို့ ဦးတည်နေသော မြေနီလမ်းလေးဆီသို့ ရောက်ရှိသွား၏။

ထိုလမ်းလေးအတိုင်း ဆက်၍ ခရီးနှင်ပြီး မြို့ထဲသို့ဝင်သွား လိုက်၏။

မြို့ထဲရောက်လျှင် လမ်းများပေါ်၌ အရောင်အသွေးစုံလင် စွာ ဝတ်ဆင်ထားကြသူတို့ ဥဒဟို သွားလာနေကြသည်ကိုတွေ့ ရ၏။

ကောင်းစုက မြင်းကို အရှိန်လျှော့ချလိုက်ပြီး ခြေလှမ်း မှန်မှန် ပြန်ဆက်၍ စီးနှင်သွား၏။

ထို့နောက်....

လမ်းဆုံလမ်းခွ တစ်ခု အနီးရှိ စားသောက်ဆိုင် တစ်ဆိုင် ရှေ့သို့ ရောက်လျှင် ရပ်တန့်လိုက်၏။

မြင်းချည်တိုင်တွင် မြင်းကို ချည်နှောင်၍ ဆိုင်ထဲဝင်လာခဲ့ သည်။

ကောင်းစု ရောက်ရှိချိန်သည် နံနက်စာ စားချိန် ဖြစ်လေ သည်။

ထို့ကြောင့်

ဆိုင်ထဲတွင် လူစည်ကားနေသည်ကို တွေ့ရ၏။

ကောင်းစုသည် လူရှင်းသော ချောင်ကျကျ စားပွဲတစ်လုံး တွင်နေရာယူ၍ စားသောက်ဖွယ်ရာများ မှာကြားစားသောက် လိုက်၏။

ခရီးဝေးမှ လာခဲ့ရခြင်းကြောင့် အနည်းငယ် ပင်ပန်းနေ သလို ဆာလောင်မွတ်သိပ်နေပြီ ဖြစ်၏။

သူသည် စားသောက် ပြီးစီးသွားသောအခါ ဆိုင်လုလင် တစ်ဦးကို ခေါ်၍ ကျသင့်ငွေ ပေးချေလိုက်၏။

တစ်ဆက်တည်းပင်....

'ငါ့ညီ ဒီမြို့မှာ လေခင်းကစားဝိုင်း ကောင်းကောင်းရှိတဲ့ နေရာကို မသိဘူးလား'

ဆိုင်လုလင် မျက်နှာပျက်သွားသည်၊

'ကျွန်....ကျွန်တော် မသိပါဘူးဗျာ'

သူက အဘစ်ထစ်အငေါ့ငေါ့ ဖြစ်သွား၏။

ကောင်းစု ပြုံးလိုက်၏၊

'ငါ့ညီကို ဆုချမှာပေါ့ကွာ၊ သိရင် ပြောပြစမ်းပါ'

ငွေစက္ကူအချို့ ထုတ်ယူ၍ ဆိုင်လုလင်၏ လက်ထဲ ထည့်ပေးလိုက်၏။

ဆိုင်လုလင် မပွင့်မရဲ ဖြစ်နေ၏၊

'ကျွန်....ကျွန်တော်'

'ငါ့ညီသိရင် ပြောစမ်းပါကွာ၊ ကျုပ်ကအလေခင်းအစား ဝါသနာပါလွန်းလို့ပါ'

ဆိုင်လုလင်သည် သူ့ကို အကဲခတ်ကြည့်လိုက်ပြီးမှ လက်ထဲ ရောက်နေသည့် ငွေစက္ကူများကို အိတ်ထဲ ထည့်လိုက်လေသည်၊

ပြီးလျှင်....

လမ်းထောင့်က အရက်ဆိုင်အနောက်မှာ လေခင်းထားစားဝိုင်းရှိတယ်'

စကားဆုံးလျှင် ကောင်းစုအနီးမှ ခပ်သွက်သွက်ထွက်သွား၏။

ဆိုင်ထဲမှထွက်လာပြီး မြင်းကိုမယူဘဲ ထွက်လာခဲ့၏။

စားသောက်ဆိုင်နှင့် လှမ်းမကမ်းတွင် အရက်ဆိုင်တစ်ဆိုင်ရှိနေသည်ကို သူတွေ့မြင်ခဲ့ပြီးဖြစ်၏။

ထိုအရက်ဆိုင်ကလေးဆီသို့ လှမ်းသွားပြီး ဆိုင်ထဲမှလှမ်းဝင်လိုက်လေသည်။

အရက်ဆိုင်ထဲ၌ အရက်သောက်နေသူ သုံးယောက်ရှိလေသည်။

ထိုလူများသည် ရုပ်ရည်ခက်ထန်ကြမ်းတမ်းပြီး မိုက်တိမိုက်ကန်း ပြုလုပ်မည့်အသွင်ရှိကြလေသည်။

ကောင်းစုဝင်လာသည်ကို မြင်လျှင် မသိမသာ အကဲခတ်ကြည့်လိုက်ကြသည်။

ကောင်းစုက အရက်ရောင်းနေသည့်ဆိုင်ရှင်ထံ လှမ်းသွားပြီး ငွေစက္ကူ အထပ်လိုက်ဆွဲထုတ်ပြလိုက်၏။

သူ၏အမူအယာကြောင့်ဆိုင်ရှင် မျက်လုံးပြူးသွား၏။
နားမလည်နိုင်သောအကြည့်ဖြင့်လည်း ကြည့်လာ၏။
ကောင်းစုက တည်ကြည်သောမျက်နှာထားဖြင့်....
'ကျုပ်က လောင်းကစားဖို့ လာတာ'

'ဟာ'

ဆိုင်ရှင် လွှတ်ခနဲအော်လိုက်သည်။
ကောင်းစုက ဆိုင်ရှင်အား စိုက်ကြည့်ကာ....

Scanned with ACE Scanner

'ခင်ဗျားက ကျုပ်ကို ဝိုင်းကောင်းကောင်း ညွှန်ပေးနိုင်မယ်ဆိုရင် ခင်ဗျားအတွက် အကျိုးမယုတ်စေရပါဘူးဗျာ'

ထိုစဉ်....

'ဝိုင်းထောင့်ခွင်းကောင်း ဘယ်မှာရှိတယ်ဆိုတာ ကျုပ်သိတယ်ဗျ'

အရက်သမားတစ်ယောက်က ပြောလာသည်။

'ခင်ဗျား လိုက်ပို့ပေးနိုင်မလား'

'သိပ်....ပို့ပေးနိုင်တာပေါ့ဗျာ'

'ဒါဖြင့် သွားရအောင်'

'ကျုပ်နောက်လိုက်ခဲ့'

ထိုသူက ဆိုင်အနောက်ဘက် ဝင်သွားလေသည်။

ကောင်းစုလည်း လိုက်သွားလေသည်။

သူတို့နှစ်ယောက်သည် ဆိုင်အနောက်ဘက် တံခါးပေါက်ကိုဖြတ်ကာ လမ်းကြားလေးတစ်ခုအတွင်းသို့ရောက် ရှိသွားကြသည်။

နေ့ကတ်ဖေးလမ်းကြားသည် အမှိုက်သရိုက်များဖြင့် ညစ်ပတ်ရှုပ်ပွနေလေသည်။

မကောင်းသော အနံ့အသက်များလည်း ထထောင်းထောင်းထနေသည်။

သို့သော်....

ထိုလူက ဘာမှမဖြစ်သလိုလျှောက်သွားပြီး ကောင်းစုကလည်း ဘာမှမဖြစ်သလို လိုက်သွားလေသည်။

နေ့ခင်းပေါ့၊ လမ်းကြားအတိုင်း လျှောက်သွားကြပြီး အိမ်တစ်အိမ်၏ နောက်ဖေး တံခါးပေါက်ရှေ့သို့ ရောက်လျှင် ထိုလူ ခြေလှမ်းရပ်လိုက်သည်။

တစ်ဖန်....

ကောင်းစုဘက်လှည့်ကာ လက်ဝါးဖြန့်လိုက်၏။

'ကျုပ်....လိုက်ပို့ပေးတဲ့အတွက် ငွေတစ်ရာပေးရမယ်'

ကောင်းစုက ဘာမှ မပြောဘဲ ငွေတစ်ရာထုတ်ပေးလိုက်သည်။

ထိုလူသည် ငွေတစ်ရာရလျှင် အိတ်ထဲထည့်လိုက်ပြီး တံခါးခေါက်လိုက်သည်။

'ဒေါက်... ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာသည်၊

မရှေးမနှောင်းမှာပင် တံခါးပွင့်သွားပြီး၊ လူတစ်ယောက် ခေါင်းပြူထွက်လာသည်။

ကောင်းစုအား ခေါ်လာသူက ပြောလိုက်သည်။

'ဧည့်သည်ပါလာတယ်'

အိမ်ထဲမှလူက ကောင်းစုအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး....

'ဝင်ခဲ့'

ခပ်ပြတ်ပြတ် ပြောလိုက်သည်၊

ကောင်းစုက အိမ်ထဲလှမ်းဝင်လိုက်သည်။

သူ့အား လိုက်ပို့သူက လှေချိန်ထား အေးအေးလူလူ ပြန်သွားလေသည်၊

ကောင်းစုံ အိမ်ထဲရောက်သည်နှင့်....

ဂျိန်း'

နေခက်ဖေးတံခါး ပြန်ပိတ်သွားသည်။

* * *

ကောင်းစု အိမ်ထဲရောက်သွားသည်နှင့် တံခါးပိတ်သွားသည်။

ကောင်းစု မလှုပ်မယှက်ရပ်နေသည်။

အမှောင်ထဲ၌ အနည်းဆုံးခေါသုံးလက်က သူ့အားချိန်ရွယ်ထားသည်ဟု ခံစားလိုက်ရသည်။

အကယ်၍....

တိုက်ခိုက်လာလျှင်လည်း သူက ပြန်လည်တိုက်ခိုက်နိုင်မည်ဟု ယုံကြည်ထားသည်။

သူက မိမိကိုယ်ကိုယုံကြည် စိတ်ချထား၍သာ ဤနေရာသို့ ရောက်လာခဲ့ခြင်း မဟုတ်ပါလော။

ကောင်းစု ငြိမ်နေရာ မကြာပါချေ။

'မင်းက လောင်းကစားမလို့လား'

အမှောင်ထဲမှ အေးတိအေးစက် စကားသံတစ်ချက်ထွက် ပေါ်လာသည်။

'ဟုတ်တယ်'

ကျောင်းစုက ခပ်ပြတ်ပြတ်ပြောလိုက်သည်။

အမှောင်ထဲမှ အသံရှင်က....

'ငွေဘယ်လောက်ပါလဲ'

'တစ်သောင်း'

အမှောင်ထဲမှအသံရှင် ရယ်မောလိုက်လေသည်။

'ခင်ဗျားငွေ တစ်သောင်းက ဘာလုပ်လို့ရမှာလဲ ကျုပ်တို့ ကျောင်းသားစားဝိုင်းမှာ တစ်လှည့်စာတောင်မရှိဘူး၊ သုံးလို့ရမှာ မဟုတ်ဘူး'

ကျောင်းစု ပြုံးလိုက်၏။

'ကျုပ်မှာ ခေါင်းကောင်းတစ်လုံး ပါလာပါသေးတယ်'

'ခေါင်းကောင်းတစ်လုံး ဟုတ်လား'

'ဟုတ်တယ်'

'မင်းခေါင်းက ဘယ်လောက်ကောင်းလို့'

'အနည်းဆုံး ခင်ဗျားကို ခုတ်ပစ်နိုင်တယ်'

အမှောင်ထဲမှ အသံရှင်က မရယ်တော့ပါ

'မင်းဟာ ငါတို့နယ်မြေထဲ ရောက်နေတယ်ဆိုတာ သတိထားဦးမှပေါ့ကွ'

'ကျုပ်က နယ်မခွဲဘူး'

အမှောင်ထဲမှ အသံရှင်က....

'ကဲ....မင်းရှဲဓားကို ပြပါဦး၊'

ကောင်းစု ဘာမှမပြောပါ၊

ခါးမှဓားကို ဖျတ်ခနဲဆွဲထုတ်ကာ ရှေ့သို့ လျှပ်တစ်ပြက် ထိုးသွင်းလိုက်သည်၊

အမှောင်ထဲ၌ပင် ဓားသည် လူတစ်ယောက်၏ ရင်ဝကို ထောက်ထားမိကြောင်း သိလိုက်၏၊

သူတို့ စကားပြောနေကြစဉ်ကတည်းက ထိုလူနှင့် အကွာအဝေးကို တွက်ချက်ထားလိုက်ခြင်း ဖြစ်၏၊

ထို့ကြောင့်....

သူက ဓားကိုဆွဲထုတ်ပြီး ထိုးသွင်းလိုက်သောအခါ...

ထိုလူ၏ရင်ဝသို့ တည့်တည့်မတ်မတ် ထောက်ထားနိုင်ခြင်း ဖြစ်သည်၊

အကယ်၍....

သူ၏လက် အချိန်အဆလွဲပြီး ထိုးသွင်းမိမည် ဆိုပါလျှင် ထိုလူ သေဆုံးသွားလိမ့်မည် ဖြစ်၏၊

အနည်းငယ်မျှ ကွာဟသွားလျှင်လည်း သူ၏ဓားသည် ထိုလူ၏ရင်ဝသို့ ထောက်ထားနိုင်မည် မဟုတ်ချေ၊

သူက အတွက်လွဲသွားသည်နှင့် အမှောင်ထဲမှ ချိန်ရွယ်ထားသော ဓားသုံးလက်က အန္တရာယ်ပြုလာကြလိမ့်မည်ဖြစ်သည်၊

ယခု....

ကောင်းစု၏ဓားသည် အပိုအလိုမရှိဘဲ အမှောင်တွင်းမှ အသံရှင်၏ရင်ဝကို ချိန်ရွယ်ထားလိုက်ပြီး ဖြစ်သည်၊

'အင်း'

အမှောင်တွင်းမှ သက်ပြင်းချသံ ထွက်ပေါ်လာ၏။

'လကယ် ခါးကောင်းတစ်လက်ပါပဲ'

ဟူ၍ ချီးကျူးစကား ဆိုလိုက်သည်။

သူ၏စကား ဆုံးသွားသည်နှင့် မီးရောင်များ ထွက်ပေါ်လာသည်။

အခန်းထဲ၌ လင်းသင်းရှင်းရှင်း ဖြစ်သွားသည်။

တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထားသူ ဟစ်ယောက်မလှုပ်မယှက်ရပ်နေသည်ကို တွေ့လိုက်ရသည်။

ကောင်းစုက ခါးကို ရုပ်သိမ်းလိုက်သည်။

ထိုလူက....

လှေကားတစ်ခုကို ညွှန်ပြကာ ပြောလိုက်သည်။

ကောင်းစု လှေကားအတိုင်း အပေါ်သို့ တက်သွားလေသည်။

အပေါ်သို့ ရောက်သွားလျှင်....

သူ ပထမဆုံး ဝင်ရောက်စားသောက်ခဲ့သည့် စားသောက်ဆိုင်၏ အပေါ်ဆုံးထပ်သို့ ရောက်ရှိနေသည်ကို တွေ့လိုက်ရသည်။

စားသောက်ဆိုင်၏ အပေါ်ထပ်တွင် လူတစ်စုဝိုင်းဖွဲ့ကာ လောင်းကစားနေကြသည်ကို တွေ့လိုက်ရလေသည်။

• • •

မသူဇာတင်အကြံ

---

လောင်းကစားဒိုင်

အလွန်ကြေးကြီးသော လောင်းကစားဝိုင်းတစ်ခုပင် ဖြစ်သည်။

ထိုလောင်းကစားဝိုင်းတွင် ငွေဖြင့်လောင်းကစားကြခြင်း မဟုတ်ပါ။

ဒိုင်လုပ်သူသည် ဖဲထုပ်ကို လက်ထဲကိုင်ထားပြီး....

'ကဲ....ထိုးတော့'

ထိုးသား လေးယောက်ရှိသည်၊

ထိုးသား တစ်ယောက်က....

'ကျုပ်က အသက်တစ်ချောင်း'

'ကျုပ်က အသက်နှစ်ချောင်း'

Scanned with ACE Scanner

အခြားတစ်ယောက်က အားကျမခံ လိုက်ထိုးလေသည်၊ သူတို့သည် အသက်ဖြင့် လောင်းကစားကြခြင်း ဖြစ်သည်၊

သို့သော်....

သူတို့၏အသက်ဖြင့် လောင်းကစားနေကြခြင်း မဟုတ်ကြသည်မှာ ထင်ရှားနေသည်။

ဒိုင်လုပ်သူက ဖဲ့ဝေလိုက်သည်။

ဖဲချပ်များကို လှန်လိုက်သောအခါ ဒိုင်လုပ်သူပင်အားလုံးကို အနိုင်ရလိုက်သည်။

'ဟား ဟား ဟား'

'ဒီနေ့တော့.... ငါ့အတွက် အသက်ဆယ်ချောင်းလောက် အနိုင်ရလိုက်ပြီ၊ တော်လောက်ပြီ'

ထိုးသားများကို ဒိုင်ကအနိုင်ပိုင်းသည်တုံ မပြောကြပါ၊ ကျေကျေနပ်နပ်ပင် ထိုင်ရာမှထ၍ ထွက်သွားကြသည်၊

သူတို့၏ ပုံပန်းသဏ္ဌာန်နှင့် လှုပ်ရှားမှုကိုကြည့်လျှင် သိုင်းသမားများ ဖြစ်ကြောင်း ထင်ရှား၏။

သို့သော်....

လူကောင်းများမဟုတ်ဘဲ မကြာစာ လူသတ်သမားများ ဖြစ်ရမည်တု ကောင်းစုံ တွက်ဆမိသည်၊

သူတို့ မည်သူမည်ဝါ ဖြစ်ပါစေ။

သူ့အတွက် အရေးမကြီးပါ။

သူ့အတွက် အရေးကြီးသည်မှာ ဒိုင်လုပ်သူနှင့် လောင်းကစားရန် ဖြစ်လေသည်။

ဒိုင်လုပ်သူက ဖဲထုပ်ကိုသိမ်းပြီး ထိုင်ရာမှထရန် ဟန်ပြင်လိုက်သည်၊

ကောင်းစုက ခုံတစ်လုံးဆွဲကာ သူ့ရှေ့တွင် ဝင်ထိုင်လိုက်သဖြင့် ရုတ်တရက် မထဖြစ်တော့ချေ။

ဒိုင်လုပ်သူနှင့် ကောင်းစုတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏၊

ကောင်းစုက ဒိုင်လုပ်သူအား ပြောလိုက်သည်၊

'ကျုပ်က ဓားကောင်းတစ်လက်နဲ့ အသက်တစ်ချောင်း ကစားဖို့ရှိတယ်'

ဒိုင်လုပ်သူ သက်ပြင်းချလိုက်၏၊

'မင်းရဲ့အသက်က အတော်ကို တန်ဖိုးကြီးတယ်ကွ၊ ဒါကြောင့် ကျုပ်ကလက်ခံပြီး ကစားနိုင်မှာမဟုတ်ဘူး၊'

ကောင်းစု ပြုံးလိုက်သည်။

'ကိစ္စမရှိဘူး၊ ခင်ဗျားပိုင်တဲ့ အသက်တစ်ချောင်းနဲ့ ထပ်ပြီးတော့ ကစားလို့ရပါတယ်'

ဒိုင်လုပ်သူ ပခုံးတွန့်လိုက်သည်၊

'မင်းကြားရတဲ့အတိုင်းပဲ၊ ကျုပ်က အသက်ဆယ်ချောင်းလောက် အနိုင်ရထားတယ်လေ'

'ကျုပ်က ခင်ဗျားပိုင်တဲ့အသက်နဲ့ လောင်းကြေး ထပ်မှာပါ'

ဒိုင်လုပ်သူ ခေါင်းခါယမ်းလိုက်သည်၊

'ငါ့အသက်နဲ့တော့ ဘယ်တော့မှ လောင်းကြေးထပ်ဖို့ စိတ်မကူးသေးဘူး'

Scanned with ACE Scanner

ကောင်းစု ပြုံးလိုက်သည်။

-'ကိစ္စမရှိဘူး၊ ကျုပ်ကစေးတစ်လက်ပါ အဆာစ်သည့်လိုက်မှာပါ'

'မိုးကြိုးစေး ဟုတ်လား'

'ခင်ဗျား၊ သိပါတယ်'

ဗိုင်လုပ်သူ ထက်ပြင်းချလိုက်၏။

'ကောင်းစု...တစ်နေ့ မင်းလိုက်လာမယ်ဆိုတာ ငါသိပါတယ်၊ ဒါကြောင့် မလောင်းတော့ပါဘူး၊ ငါအရှုံးပေးလိုက်ပါပြီကွာ'

ဟု၍ ပြောလိုက်၏။

ထိုနောက်...

လက်ခုပ်တီးလိုက်ရာ ဆိုင်လုလင်များ ချက်ချင်း ရောက်ရှိလာကြ၏။

ဆိုင်လုလင်တို့သည် စားသောက်ဖွယ်ရာများ အသင့် ယူဆောင်လာပြီး စားပွဲပေါ်တွင် ပြင်ဆင်ပေးလိုက်ကြရာ တစ်ခဏအတွင်းမှာပင်...

လောင်းကစားဝိုင်းမှသည် စားပွဲအသွင် ပြောင်းလဲသွားသည်။

လောင်းကစားဒိုင်...

လောင်းကစားဒိုင်ကို ကောင်းစု ကောင်းစွာ သိရှိထားသည်။

ထိုလူသည် သိုင်းလောက၌ သတင်းအရောင်းအဝယ်လုပ်နေသည့် ဇီးကွက်ပင် ဖြစ်၏။

ဤမြို့ကလေးတွင် ဗီးကွက်သည် ကြာစွာအလွန်ရှိ၏။

သူ၏ လက်အောက်တွင် သတင်းပေးမည့်သူများ၊ ကြေးစားများ ရှိသည်။

အကယ်၍....

ဗီးကွက်က သူ့ကို မတွေ့လိုလျှင် သူ ရောက်လာသည်နှင့် ရှောင်သွားနိုင်၏။

သူက မည်သို့ပင် လိုက်ရှာပါသော်လည်း ဗီးကွက်ကို တွေ့ရတော့မည် မဟုတ်ပါ။

ဗီးကွက်သည် လိပ်ခေါင်းဝှက်ပြီး ပုန်းနေနိုင်သူ ဖြစ်၏။

ဗီးကွက်က သူ့ကို လက်ခံတွေ့ရန် စိတ်ကူး တစ်ခုသော ကြောင့်သာ တွေ့ခြင်း ဖြစ်သည်မှာ ထင်ရှား၏။

ကောင်းစုက ဗီးကွက်ကို စိုက်ကြည့်မိ၏။

ဗီးကွက်က အရက် နှစ်ခွက် ထည့်လိုက်ပြီး တစ်ခွက်ကို ကောင်းစုထံ ကမ်းပေးလိုက်၏။

ကောင်းစုက မငြင်းဘဲ အရက်ခွက်ကို ယူသောက်လိုက်မိသည်။

ဗီးကွက်က တအံ့တဩဖြင့် မေး၏။

'မင်းက အရက်ကို ဘယ်တော့မှ မသောက်ဘူးလို့ ငါသိထားတယ်'

သူ ပြုံးလိုက်သည်။

'လူဆိုတာ အခြေအနေအရ ပြောင်းလဲ သွားတတ်ကြတဲ့ သတ္တဝါပါတယ်ဗျာ'

ဗီးကွက် ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်.... မုယုဆီမှာ ငါသတင်း သွားရောင်းပြီး ကိုတည်းက တစ်နေ့မဟုတ် တစ်နေ့ ငါ့ဆီကို မင်းရောက်လာ မယ်ဆိုတာ သိခဲ့တယ်'

'ဒါကြောင့် ကျုပ်ကို လက်ခံ တွေ့ဆုံလိုက်တာပေါ့ ဟုတ်လား'

'ဟုတ်တယ်'

ဇီးကွက်က တည်ကြည်သော မျက်နှာထားဖြင့်....

'ငါဟာ တစ်သက်လုံး သတင်းအရောင်းအဝယ် လုပ်လာတဲ့ လူပါ၊ ဓားပါရဂူနဲ့ကျမှ ခံရတော့တာပဲ'

ယူက အကဲခတ်ကြည့်မိ၏။

ဇီးကွက်က ဆက်ပြောသည်။

'ဓားပါရဂူဟာ အရင်က သိုင်းလောကမှာ ပေါ်ပေါ်ထင် ထင် နေခဲ့တယ်၊ ဒါပေမယ့် သူ့ဆီကို ဓားပညာ ယှဉ်ပြိုင်မယ့် လူတွေ တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြတယ်၊ နေ့စဉ်ရက်ဆက် ဓားပညာ ယှဉ်ပြိုင်နေခဲ့ရတယ်၊ ကြာတော့ ပြိုင်ပွဲတွေကို ငြီးငွေ့လာတယ်....

'ဓားမကိုင်တော့ဘဲ အေးအေး ချမ်းချမ်း နေချင်လာ တယ်၊ ဒါနဲ့ သိုင်းလောကကနေ ဇာတ်မြှုပ် နေလိုက်တော့ တယ်'

ကောင်းစုက သူကိုယ်တိုင် ကျင်းကျင်းနှင့် လက်ထပ်ပြီး မြောက်ပိုင်း၌ အေးချမ်းစွာ နေခဲ့သည်နှင့် သိုင်းလေစာတွင် ကျင်လည် ကျက်စားခဲ့သည့် ဘဝချင်းက ကွာခြားသည်ကို လက်တွေ့ ခံစားနားလည်ထားကြပြီ ဖြစ်၏။

Scanned with ACE Scanner

ထို့ကြောင့်....

ခေးပါရဂူ မည်သို့ ခံစားရမည်ကို အနီးစပ်ဆုံး နားလည်သည်။

ဦးကွက်က ဆက်ပြော၏။

'သူက ဇာတ်မြုပ် နေလိုက်ပေမယ့် ကံဆိုးချင်တော့ သူ့အကြောင်းကို ကျုပ်သိခဲ့ရတယ်၊ ဒါကြောင့် ကျုပ်ကို ငွေပေးရင် သူဘယ်မှာရှိတယ်ဆိုတာ သတင်းကို ပေးခဲ့တယ်၊ သူ့ကို တွေ့ချင်တဲ့ လူတွေက ကျုပ်ကို လာမေးပြီး ငွေပေးကြတယ်၊ ကျုပ်ဆီက သတင်းဝယ်ကြတယ်၊ ဒီလိုနဲ့ ကျုပ်ဓာ ငွေအတော်ရလိုက်တယ်....

'ဒါပေမယ့်....ကြာလာရင် ခေးပါရဂူက အေးအေးမနေရတဲ့အတွက် ကျုပ်အပေါ် ဒေါသထွက်လာနိုင်တာကို မင်းတို့ ဘယ်သူကိုမှ သတင်းမရောင်းတော့ဘဲ နေလိုက်တာ၊ အဲဒီတော့မှ....

'ခေးပါရဂူအကြောင်း ပြောရင်ပြော မပြောရင် ကျုပ်ကို သတ်မယ်ဆိုတဲ့လူတွေ ပေါ်လာတယ်၊ ကျုပ်လဲ ဘယ်သူ့ကိုမှ အတွေ့မခံတော့ဘဲ ပုန်းလျှိုးကွယ်လျှိုး နေခဲ့ရတော့တာပါပဲကွာ'

တောင်းစုံ မွဲပြုံး ပြုံးလိုက်၏။

'ဒါပေမယ့်....ခင်ဗျားက ကျုပ်ကိုတော့ လွှတ်ခံ တွေ့ဆုံလိုက်ပြီလေ'

ဦးကွက် ပခုံးတွန့်လိုက်၏။

‘မင်းကို ငါက လက်ခံမထားဘူး ဆိုရင် မင်းက ငါ့ကို မြေ လှန်ပြီး ရှာမယ်ဆိုတာ သိထားလို့ ပေါ့ကွာ’

သူ ခေါင်းညိတ်လိုက်၏။

‘ဒါဖြင့်ပဲဗျ၊ ဓားပါရဂူ ဘယ်မှာ ရှိတယ်ဆိုတာ ပြော ပြပါ’

‘စိတ်ချ၊ ငါပြောပါ့မယ်ကွ’

ဇီကွက်က နေရာဒေသ တစ်ခုကို ပြောလိုက်၏။

ကောင်းစုက

‘ခင်ဗျား သေချာတယ်နော်’

‘သေချာပါတယ်၊ အဲ့ဒီမှာ ဇာတ်မြှုပ်နေတာပါ’

‘သူက ဟိုနေရာ ဒီနေရာ ပြောင်းမနေတတ်ဘူး’

‘သိပ်ပြောင်းတတ်တာပေါ့’

‘ဒါဖြင့်....ခင်ဗျားပြောတဲ့ နေရာမှာ မရှိတော့ဘဲ တစ်ခြား နေရာကို ပြောင်းသွားတော့မယ် ဆိုရင်ရော’

ဇီကွက် ယက်က ပြ၏။

‘ဘာမှမပူနဲ့၊ သူ မပြောင်းသေးဘူး၊ မိုးရာသီ ရောက်တဲ့ အထိ အဲ့ဒီမှာ သူရှိနေလိမ့်မယ်၊ တကယ်လို့ သူနေရာပြောင်း သွားပြီဆိုရင် ကျုပ်ချက်ချင်း သိမှာပါ’

ကောင်းစု ပြုံးလိုက်၏။

‘ခင်ဗျားက အတော်ကို ပိုင်တာပဲ’

သူ ဘာမှ မပြောပါချေ။

ကောင်းစုက တစ်ချက် စိုက်ကြည့်ပြီး....

'ကျုပ်ကို အခုလိုပြောပြတဲ့အတွက် ဘယ်လောက် ပေးရမလဲပြောပါ'

ဦးကွက် ခေါင်းခါယမ်းလိုက်၏၊

'တစ်ပြားမှ ပေးစရာမလိုဘူး'

ကောင်းစုပြုံးလိုက်သည်။

'ခင်ဗျား တော်တော် သဘောကောင်းပါလား'

'မင်းဟာ ဘယ်လိုအကြောင်းနဲ့ဖြစ်ဖြစ် ငါ့ဆီကိုမလာပါနဲ့တော့ကွာ'

ကောင်းစုခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်ကလဲ ဒီတစ်ခါ ခင်ဗျားကို နောက်ဆုံးလာတွေ့တာပဲ၊ နောက်နောင်ဘယ်တော့မှ တွေ့စရာမလိုတော့ဘူးလို့ ယုံကြည်ထားတယ်'

ဦးကွက်ကျေနပ်သွားသည်။

'မင်းစိတ်ထဲမှာ ဒီလိုရှိတာ ငါဝမ်းသာပါတယ်ကွ'

'သိပ်လဲဝမ်းမသာနဲ့ဦး၊ ကျုပ်စကား မဆုံးသေးဘူး'

ဦးကွက် မျက်မှောင်ကြုတ်လိုက်သည်။

'မင်း ဘာပြောချင်သေးလို့လဲ'

'ခေါပါရဂူအကြောင်း သိချင်တဲ့လူတွေက ငွေထုပ်ပိုက်ပြီး ခင်ဗျားကို လာရှာကြတယ် မဟုတ်လား'

ဦးကွက် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ ဘာဖြစ်လို့လဲ'

ကောင်းစု မဲ့ပြုံးပြုံးလိုက်သည်။

'မုယုကျတော့ ဒီလိုမဟုတ်ဘူး'

Scanned with ACE Scanner

ထိုစကားကြားလျှင် ဗိုးကွက်မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ကောင်းစုက ဗိုးကွက်အား စိုက်ကြည့်လိုက်သည်။

'ခင်ဗျားက သူ့ဆီကိုသွားတယ်၊ ပြီးတော့မဖြစ်စလောက် ငွေနဲ့ ခါးပါရဂူရဲ့သတင်းကို ရောင်းချခဲ့တယ်၊ အဲဒါ ဘာသဘောလဲဗျ'

ဗိုးကွက် သက်ပြင်း ချလိုက်သည်။

'ငါက စေတနာနဲ့ပါကွာ'

'ဪ'

'မုယုရဲ့ ရတနာခါးက အတော်ကို ထင်ရှား တယ်လေကွာ၊ သူကလည်း ခါးပါရဂူကိုယှဉ်နိုင်ယင် ကျိန်းသေ အနိုင်ရမှာဘဲလို့ ငါယုံကြည်မိတယ်၊ ဒါကြောင့်သူ့ဆီကိုသွားပြီး သတင်းပေးလိုက်တာပေါ့'

ကောင်းစု မဲ့ပြုံးပြုံးလိုက်၏။

'ဒါပေမယ့် ခင်ဗျားထင်သလို ဖြစ်မလာဘဲ မုယု အရေးနိမ့်သွားပြီး လက်တစ်ဖက်ပြတ် ဒုက္ခိတ ဖြစ်သွားခဲ့ရတယ် မဟုတ်လား'

ဗိုးကွက်သက်ပြင်းချလိုက်သည်။

'ဒီလိုဖြစ်သွားတာ ငါ စိတ်မကောင်းပါဘူးကွာ'

ကောင်းစု၏မျက်နှာတည်ကြည်သွားသည်။

'ခင်ဗျားက ဒီစကားတွေ တစ်ခြားတစ်ယောက်ယောက်ကိုသွားပြောရင်တော့ ယုံချင်မှယုံကြမှာဘဲဗျ'

ဗိုးကွက် မျက်မှောင်ကြုတ်သွား၏။

'မင်း ဘာကိုဆိုလိုတာလဲ'

ကောင်းစုက အေးစက်စွာ လေသံဖြင့်

'မဒါးသမားတစ်ယောက်ဆိုရင် ခါးပါရဂူကို ယှဉ်ချင်တဲ့ ဆန္ဒရှိနေကြမှာပဲ၊ အဲဒါကိုခင်ဗျားသိတယ်....

'မုယုက ဓါးသမားတစ်ယောက်ပဲ ခင်ဗျားက ခါးပါရဂူနဲ့သွားပြီး ယှဉ်စေချင်လို့ တမင်သွားပြောခဲ့တာ မဟုတ်လား'

ဦးကွက် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ ငါသွားပြောပြီး သူကသွားပြီးယှဉ်ပြိုင်နိုင်ရင်အနိုင်ရမယ်လို့ ငါယူဆခဲ့လို့ပဲ'

ကောင်းစု ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး၊ ခင်ဗျားက သူ့ကို ချောက်တွန်းခဲ့တာ'

'ဘာစ'

'ခါးပါရဂူအကြောင်း မုယုကိုသွားပြီးပြောပြဖို့ ခင်ဗျားကိုဘယ်သူခိုင်းခဲ့တာလဲ'

'ဟင်'

ဦးကွက်၏ခန္ဓာကိုယ်တစ်ချက်တုန်ခါသွားသည်၊

ကောင်းစုဆက်ပြောလာသည်။

'မုယု ဒုက္ခရောက်တာကို မြင်ချင်တဲ့ လူတစ်ယောက်က ခင်ဗျားကို ခိုင်းခဲ့တယ်ဆိုတာကျုပ်သိတယ်'

ဦးကွက်မျက်နှာဖျော့သွားသည်၊

'မဟုတ်ဘူး ငါက'

'ခင်ဗျားလိမ်နေလို့ အပိုပါဘဲဗျာ၊ ကဲ....ဘယ်သူအခိုင်း ခဲ့တယ်ဆိုတာ ပြောပါ'

'ဒါ ဒါ'

ကောင်းစိုက အေးတိအေးစက်ဖြင့်

'ကျုပ်ကို ဘယ်သူမှ လိမ်လို့ မရဘူးဆိုတာ ခင်ဗျားသိ ပါတယ်'

ဇော်ကွက်သက်ပြင်းချလိုက်သည်။

'ဟုတ်တယ် လူတစ်ယောက်က ငွေပေးခဲ့လို့ သူခိုင်းတဲ့ အတိုင်း ခေါပါရဂူအကြောင်း မုယကို ငါသွား ပြောပြခဲ့ တာပါ'

ယူကအမှန်အတိုင်း ဝန်ခံလာလေသည်။

ကောင်းစိုက....

'ခင်ဗျားကို ခိုင်းတာ ဘယ်သူလဲ'

ဇော်ကွက်က တစ်လုံးချင်းပြောလိုက်သည်။

'မုတ်ဆိတ်'

ကောင်းစိုး၏မျက်နှာဘင်းမာခက်ထန်သွားသည်။

အဖြေမှာ ရှင်းနေပါတော့သည်။

မုတ်ဆိတ်သည် မုယကို အခဲ့မကျေဖြစ်နေသည်။

ထို့ကြောင့်

မုယဒုက္ခရောက်စေရန် ရည်ရွယ်ချက်ဖြင့် ခေါပါရဂူနှင့် သွားရောက်တွေ့ဆုံပြိုင်ရန်ဖန်တီးခဲ့သည်။

မုဘ်ဆိတ်ဆင်ထားသည့် အကွက် အတိုင်း မုယကသွား ရောက်ယှဉ်ပြိုင်ခဲ့လေသည်။

ခွေးပါရဂူကို မယှဉ်နိုင်ဘဲ အရေးနိမ့်ကာ လက်တစ်ဖက် ဆုံးရှုံးသွားခဲ့သည်။

စိတ်ဓာတ်ကျကာ အရက်သမား လုံးလုံးဖြစ်သည်။

ထိုအခါမှ....

မုတ်ဆိတ်သည် အဖော်များ ခေါ်ကာ မုယုကို သုတ်သင်ဖစ်ခဲ့လေသည်။

ကောင်းစုက

'ခင်ဗျားက ငွေမျက်နှာတစ်ခုထဲကြည့်ပြီး အလုပ်လုပ်ခဲ့တာကို မုတ်ဆိတ်ဟာ မုယုကို လုပ်ကြံနိုင်အောင် ဖန်တီးပေးတဲ့ နေရာမှာခင်ဗျားဝင်ပါတာ ဘဲ'

ဦးကွက် ခေါင်းခါယမ်းလိုက်၏။

'မင်းမှားနေပြီ၊ ကျုပ်က ခွေးပါရဂူအကြောင်း ပြောပြတော့ မုယုက ကျုပ်အပေါ် ဘယ်လောက်ကျေးဇူးတင်သလဲ ဆိုတာ မင်းမြင်စေချင်တယ်'

'ခင်ဗျားက သူ့အပေါ် အကောက်ကြံခဲ့တာကို လူမသိသေးဘဲကိုး၊ တကယ်လို့သာ မုတ်ဆိတ်ကခိုင်းလို့ ခင်ဗျားထိ လာပြောပြတာကို လူသိရင် မုတ်ဆိတ်ကိုအရင် ရှင်းပစ်မှာပေါ့၊ ပြီးတော့ ခွေးပါရဂူကိုသွားပြီး ယှဉ်ပြိုင်ခဲ့မှာ'

'ကျုပ်က မင်းလိုမတွေးခဲ့ဘူး'

'ဘယ်တွေမလဲ မုတ်ဆိတ်ဆီကငွေရတာကိုး'

ကောင်းစုက ခနဲ့လိုက်၏။

ဦးကွက်က ဆက်ကာပြသည်။

'ဒါတွေ ထားလိုက်ပါတော့ကွာ၊ အခု ကျုပ်က မင်းကို ခေးပါရဂူ ဘယ်မှာရှိတယ်ဆိုတာ ပြောပြခဲ့ပြီးပြီ မဟုတ်လား....'

'မုယုအတွက် အလျှော်ပေးခဲ့တဲ့သဘောကို ခင်ဗျာကဆိုလိုတာလား'

ဒီးကွက် ပါးစပ်ပိတ်ထားသည်။

ကောင်းစုက အေးစက်သော လေသံဖြင့်....

'မုယုအတွက်တော့၊ ကျုပ်အတွက်ပါ ခေးပါရဂူကိုကျုပ်ရင်ဆိုင်မှာပါ၊ မုတ်ဆိတ်လဲ့ မလွတ်စေရပါဘူး၊ ပြီးတော့ သူနဲ့ပူးပေါင်းကြံစည်ခဲ့တဲ့ ခင်ဗျားကိုလဲ့ ကျုပ်က ခွင့်လွှတ်မှာ မဟုတ်ဘူး'

ဗီးကွက် မျက်နှာပျက်သွားသည်။

သို့သော်....

ချက်ချင်းပင် ဂူးန္တြသည်လိုက်သည်။

'ကောင်းစု....မင်း ငါ့ကိုပိုင်နိုင်ထဲမှာ ရှောဖ်နေတယ်ဆိုတာ သတိထားဦး'

'ဟား ဟား ဟား'

ကောင်းစု သဘောကျစွာ ရယ်မောလိုက်သည်။

'အခုချိန်ထိတော့ ခင်ဗျားဘက်က သေချာနေသေးတယ်လို့ ခင်ဗျားထင်နေတာကိုး'

'သိပ်သေချာတာပေါ့၊ ငါက အချက်ပေးလိုက်တာနဲ့ မင်းရဲ့ခန္ဓာကိုယ်ပေါ်ကို အနည်းဆုံး ဓားဆယ်ချက်လောက် ခုတ်ချလာလိမ့်မယ်'

ကောင်းစု ခေါင်းညိတ်လိုက်သည်၊

'ကောင်းပြီ ခင်ဗျားအချက်ပေးလိုက်ပါ'

'မင်း'

ကောင်းစုအ မအေးစက်သောလေသံဖြင့်....

'ကျုပ်က တစ် ကနေ သုံးအထိ ရေတွက်မယ်၊ သုံးလို့ရေတွက်ပြီးတာနဲ့ ခင်ဗျားကိုသတ်ပစ်မှာပဲ၊ ကျုပ်....ရေတွက်နေတဲ့အချိန်အတွင်းမှာ ခင်ဗျားလူလေးကိုအချက်ပေးပြီး ခေါ်လိုက်လို့ရတာပေါ့၊ ကဲ....စမယ် တစ်'

ကောင်းစု အော်လိုက်၏၊

ဇော်ကွက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်၊

'နှစ်'

ကောင်းစု၏အသံ ထပ်မံထွက်ပေါ်လာသည်၊

ဇော်ကွက် မနေနိုင်ပါတော့ချေ။

'ဟေ့....ဘာလုပ်နေကြတာလဲ'

အကယ်၍...

အကြောင်းရှိလျှင် သူက အချက်ပေးသည်နှင့် သူ့လူများ ချက်ချင်းရောက်လာကြရန် ကြိုတင်စီစဉ်ထားထေသည်။

ယခု....

ဇော်ကွက်က အော်ခေါ်လိုက်သော်လည်းမည်သူမျှရောက် မလာကြချေ။

'သုံး'

ကောင်းစု၏ ရေတွက်သံထွက်ပေါ်လာ၏။

'ဟင်'

Scanned with ACE Scanner

ဇော်းကွက် အထိတ်တလန့်ဖြစ်သွားသည်၊

ကူညီမည့်သူများ ရောက်မလာ၍ဖြင့် အခြေအနေမဟန်တော့မှန်း သဘောပေါက်လာပြီး ထွက်ပြေးရန် ကြိုးစားလိုက်သည်၊

သို့သော်....

သူနေခဲ့ကျသွားပြီ ဖြစ်သည်။

ဝင်းလက်သော ဓားရောင် ထွက်ပေါ်လာပြီး ကော်ခင်းစုံ၏ ဓားသွား သူ့ရင်ဝသို့ စိုက်ဝင်သွားလေသည်။

'အား'

* * *

ဇော်းကွက် ကြမ်းပြင်ပေါ် လဲကျနေသည်။

သူ့မျက်နှာက မဲ့နေ၏၊

ယခုလိုအဖြစ်မျိုးနှင့် ကြုံတွေ့ရမည်ဟု ဘယ်တုန်းကမှ သူ မျှော်လင့်မထားခဲ့ပုံမျိုးဖြစ်သည်။

ငွေမျက်နှာဖုံးတစ်ခုတည်းကိုသာကြည့်ပြီး လူတကာမျက်စိမွှေးပေါ် စကြိုးလျှောက်နေသူတစ်ယောက် လောကထဲမှ မျှော်တ်ကွယ်သွားခြင်း ဖြစ်ပါတော့သည်။

ကောင်းစုက မော်းကို ဓါးအိမ်ထဲ ပြန်ထိုးသွင်းလိုက်လေသည်။

မရှုမလှ လဲကျနေသော်လည်း နေသော ဇော်းကွက်ကိုကြည့်ကာ....

'ခင်ဗျား လေဘာကြီးတယ်မဟုတ်လား၊ တစ်ယောက်ယောက်က ခင်ဗျား သွားရေကျလောက်အောင် ငွေပုံပေးမယ်ဆိုရင် ဓါးပါရဂူ ဘယ်မှာရှိတယ်ဆိုတာ ပြောပြဦးမှာပဲ'

သူ၏စကားသံကိုဇော်းကွက်ကြားနိုင်တော့မည် မဟုတ်ချေ။ ကြားနိုင်မည် ပြောနိုင်မည်ဆိုလျှင်....

'ဟုတ်တယ်'

ဟူ၍ ပြောမည်သာဖြစ်သည်။

ကောင်းစုက....

'ဓါးပါရဂူကို ယှဉ်ပြိုင်အနိုင်ယူနိုင်မယ့်လူဟာ ကျုပ်ပဲဖြစ်ရမယ်၊ ကျုပ်က အနိုင်မရဘူးဆိုရင် အနိုင်ရမယ့်လူပေါ်ပေါက်မလာရသေးအောင် ဓါးပါရဂူရှိတဲ့နေရာကို ပြောပြနိုင်တဲ့လူမရှိတော့မှ ဖြစ်မှာပေါ့'

ဟူ၍ ရေရွတ်လိုက်၏။

ထို့နောက်....

ခပ်အေးအေးပင် ထွက်သွားလေတော့သည်။

* * *

ကောင်းစုံ ထွက်သွားပြီ ဖြစ်သည်။

ရုပ်ချော ခက်ထန်ကြမ်းတမ်းသူ နှစ်ယောက်၊ အနက်ရောင် ဝတ်ဆင်ထားသူ တစ်ယောက်နှင့်ထိုးသစ၊ လေးယောက်သည် ခန်းဆီးနောက်ကွယ်မှထွက်လာ၍ ဇော်ကွက်အနီးသို့လျှောက် လာကြ၏။

အမှန်တော့....

သူတို့သည် ဇော်ကွက်၏ အသက်ကို ကာကွယ်ရန် ယခု ထုတ်ပို့၍ စောစီးစွာ ထွက်လာဆင့်၏။

ဇော်ကွက်က သူတို့ကို ခေါ်လိုက်သည့် အသံအား ကောင်း စွာ ကြားခဲ့၏။

သို့ပါလျက်....

ထိုစဉ်က အဘယ်ကြောင့် ထွက်မလာဘဲ ယခုမှ ထွက်လာ ကြပါသနည်း။

အားလုံးက အနက်ရောင်ဝတ်နှင့် လူကို ကြည့်လိုက်ကြ သည်။

အနက်ရောင်ဝတ်နှင့် လူက ဇော်ကွက်၏ အလောင်းကို ငုံ့ ကြည့်ပြီး....

'ငါတို့ စောစောထွက်သင့်တာ မှန်တယ်၊ ဒါပေမယ့်.... ဘယ်သူမှ ထွက်မလာခဲ့ကြလို့ စကားပြောနိုင်တာပဲ'

အားလုံး၏ အကြည့်က အနက်ရောင်ဝတ်နှင့်လူထံမှ ဖယ် ခွာသွားကြသည်။

* * •

# သတ္တိခဲ

ပြာလွင်လွင် မိုးကောင်းကင်ကြီး နောက်ခံထား၍ မြင့်မား မတ်စောက်လှသည့် တောင်ညိုကြီး နှစ်လုံးသည် ယှဉ်တွဲ၍ ရှိနေ၏။

တောင်နှစ်လုံးကြား၌ ရောင်စုံ ပန်းများ ဖူးပွင့်နေသည့် တောင်ကြားလမ်း တစ်ခုရှိ၏။

လေပြည်လေညင်း ဝေ့ယမ်း တိုက်ခတ်နေသည်။

မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့ များ လွင့်ပျံနေ၏။

ကျေးငှက်ကလေးများ ပျံဝဲနေသလို ပျားပိတုန်း လိပ်ပြာ များလည်း ပန်းဝတ်ရည် စုတ်ယူရန် ပျံဝဲနေကြ၏။

ပန်းကျွင်တစ်ခုလုံး သာယာလှပနေ၏။

ကောင်းစုသည် အိပ်မက်ကမ္ဘာ တစ်ခုထဲသို့ ရောက်လာသည်ဟုပင် ခံစားရ၏။

ပတ်ဝန်းကျင်ကို ငေးမောကြည့်ရင်း....

'ဒီလို သာယာလှပတဲ့နေရာမျိုး လောကပေါ်မှာ ရှိမယ်လို့တောင် မထင်ဘူး'

ဟူ၍ ရေရွတ်လိုက်သည်။

လက်နှစ်ဖက် နောက်ပစ်၍ ဘောင်ကြားလမ်းထဲသို့ ဝင်လာခဲ့၏။

သူ၏ ပုံပန်းသဏ္ဌာန်သည် ကိုယ့်အိမ်ကိုယ်ယာ ပြန်လာသူ တစ်ဦးနှင့် တူလှ၏။

တောင်ကြားထဲသို့ ရောက်သောအခါ ပို၍ပင် အေးချမ်းနေသည်ကို တွေ့ရ၏။

သမင်ကလေးများ၊ ယုန်များ ပြေးလွှား ဆော့ကစားနေကြ၏။

သူ့ကို တွေ့ရသော်လည်း ကြောက်လန့်သွားပုံ မရပါ။

သူက စိတ်လိုလက်ရပင် တေးကဗျာ တစ်ခုကို ညည်းဆွဲလိုက်မိသည်။

တောင်ကြားလမ်း အတွင်းဘက်သို့ ဝင်လာခဲ့ရာ တစ်နေရာသို့ အရောက်တွင် ပန်းများ လိုက်ခူးနေသည့် အဘိုးအို တဦးကို တွေ့လိုက်ရ၏။

ထိုအဘိုးအိုသည် ပန်းများဆီအာရုံရောက်နေ၍ သူရောက်လာသည်ကို မသိပါ။

'အဖာမ်း'

သူက ချောင်းတစ်ချက် ဟန့်လိုက်မှ သတိဝင်လာပုံ ရ၍လ သည်။

ပန်းပင်များ ကြားမှ ခေါင်းထောင်ကြည့်၏။

ချက်ချင်းပင်....

သူက လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်သည်။

'ကျွန်တော်က ကောင်းစုပါ၊ ဝမ်းလိနဲ့တွေ့ချင်လို့ လာခဲ့ တာပါ'

ဝမ်းလိဆိုသည်မှာ....

ဧဒ:ပါရဂူကို ဆိုလိုက်ခြင်း ဖြစ်သည်။

အဘိုးအိုက....

'ဩော်....ဩော်.... ဝမ်းလိကို တွေ့ချင်လို့ကိုး၊ လာပါ ကွယ်'

ပျူပျူငှာငှာ ဖိတ်ခေါ်သည်။

'ကျုပ်နောက် လိုက်ခဲ့ပါ'

အဘိုးအိုသည် ပန်းများထည့်ထားသော ခြင်းတောင်းကို ဆွဲ၍ လမ်းပြ ခေါ်သွား၏။

သူက လိုက်သွားသည်။

ကျောက်တုံး ကျောက်ခဲများ ကြားမှ ဖြတ်သွားကြပြီး ခဏအကြာတွင် စမ်းချောင်းလေး တစ်ခုအနီးသို့ ရောက်ရှိ သွားကြ၏။

စမ်းချောင်းလေး၌ ချောင်းကူးတံတားတစ်ခု ရှိနေ၏။

အဘိုးအိုက....

'ချောင်းတစ်ဖက်ကို ကူးသွားပါကွယ်'

'ကျေးဇူးပါပဲဗျာ'

ကောင်းစုက အဘိုးအိုကိုနှုတ်ဆက်၍ ချောင်းကူးတံတားလေးအား ဖြတ်ကျော်လိုက်၏။

တစ်ဖက်လမ်းသို့ ရောက်သွားလျှင်....

'အဘ....ပြန်လာပြီလား၊ ပန်းတွေ အများကြီး ခူးလို့ရလာခဲ့ပြီလား'

စကားသံနှင့်အတူ လူငယ် တစ်ဦး ပြေးထွက်လာသည်ကို မြင်လိုက်ရ၏။

ထိုလူငယ်သည် ကောင်းစုကို တွေ့လျှင် ခြေလှမ်းတုံ့ခနဲ ရပ်သွားပြီး....

'ဪ....ဧည့်သည်ကိုး'

ဟူ၍ ရေရွတ်လိုက်၏။

ကောင်းလိ ပြုံးမိသည်။

'ညီလေး....ကျုပ်က ဝမ်းလိနဲ့ တွေ့ဖို့ လာခဲ့တာပါ'

လူငယ် ခေါင်းညိတ်လိုက်၏။

'ကျွန်တော့်နောက်ကို လိုက်ခဲ့ပါ'

စကားဆုံးလျှင် လမ်းပြ ခေါ်သွားသည်။

ကောင်းစုသည်း လိုက်သွား၏။

သူတို့နှစ်ဦးသည် တောလမ်းကလေး အတိုင်း လျှောက်သွားကြပြီး သစ်ပင်များကြားမှ လှမ်းထွက်လိုဆိုသည်နှင့် တောင်ကုန်းတစ်ခုကို တွေ့ရ၏။

ယခု....

မတောင်ခြေရင်းတွင် သေးငယ်သော်လည်း လှပ၍သပ်ရပ်သက်ရပ်သည့် အိမ်လေးတစ်လုံးရှိနေသည်ကို တွေ့ရ၏။

လူငယ်က အိမ်ကလေးသို့ ခေါ်ဆောင်သွားလေသည်။

ကောင်းစုသည် သိုင်းလောကဌ် ထင်ရှားနေသည့် ဓမ္မပါရဂူနှင့် တွေ့ရလေမည်မို့ စိတ်လှုပ်ရှားနေသည်၊

ခြေလှမ်းကျဲကျဲဖြင့် လိုက်သွားသည်၊

အိမ်လေးထဲသို့ ရောက်သွားသောအခါ လူငယ်က....

'ထိုင်ပါခင်ဗျာ'

စားပွဲတစ်လုံးတွင် နေရာတိုင်ခင်း ပေးလိုက်သည်။

ထို့နောက်....

ရေနွေးကြမ်းများ၊ မုန့်အချို့များဖြင့် ညှော်ခံကျွေးမွေးလေသည်။

ကောင်းစုက ညှော်ဝတ်ပြုသည်ကို ခလေးစားသည့်သဘောဖြင့် အနည်းအကျဉ်း စားသောက်သည်။

လူငယ်က သူ့အား ယပ်တောင်တစ်ချောင်းဖြင့် ယပ်ခတ်ပေး၏။

ညှော်သည်ကို လိုဇလသေးမရှိ ညှော်ဝတ်ပြုသည့်သဘောဖြစ်သည်။

ကောင်းစုက ချိုသာသောလေသံဖြင့်....

'ဦးလေးဝမ်းလိနဲ့ တွေ့ပါရစေ'

လူငယ် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့....တွေ့ရပါမယ်၊ ခင်ဗျား ကျွန်တော်နဲ့လိုက်ခဲ့ပါ'

စကားဆုံးလျှင် ခေါ်သွားပြန်သည်။

ကောင်းစုလည်း ခေါက်ခနဲထရပ်ကာ လိုက်သွားသည်။

သူတို့ အိမ်ဘေးလမ်းထွက်ကာ တောင်ကုန်းပေါ်သို့ တက်သွားကြခြင်း ဖြစ်လေသည်။

တောင်ကုန်းသည် အတော်မြင့်မား မတ်စောက်လှသည်။

သူသည် အမှုမထားဘဲ အေးအေးဆေးဆေးပင် လိုက်သွား၏။

လူငယ်ကိုကြည့်ကာ....

'ကိုယ်ဖော့ပညာမဆိုးဘူး'

ကောင်းစုစိတ်ထဲမှ ချီးကျူးမိသည်။

သူကိုယ်တိုင်လည်း ကိုယ်ဖော့ပညာ အသုံးပြုကာ လိုက်သွား၏။

မကြာပါချေ။

နှစ်ယောက်သား တောင်ပေါ်သို့ ရောက်ရှိသွားကြလေသည်။

တောင်ပေါ်တွင် ဝါးရုံပင်များမှာ ဟိုတစ်စု သည်တစ်စု ပေါက်ရောက်လျက်ရှိသည်ကို တွေ့ရ၏။

လူနေအိမ်ခြေ လုံးဝမတွေ့ရပေ။

ကောင်းစု မျက်မှောင်ကြုတ်သွားကာ....

'ဝမ်းလီ ဘယ်မှာလဲ'

လူငယ်က....

'ဟိုမှာရှိပါတယ်'

ဝါးရုံပင်တစ်ပင်သို့ ညွှန်ပြကာ ပြောသည်။

ကောင်းစု သေသေချာချာ ကြည့်လိုက်တော့မှ အုတ်ဂူ တစ်လုံးရှိနေသည်ကို တွေ့ရ၏။

'ဟင်'

ကောင်းစု အံ့ဩသွားသည်။

ခန္ဓာကိုယ်အား တစ်ချက်လှုပ်ရှားလိုက်သည်နှင့် ဝါးရုံပင် အောက်သို့ ရောက်ရှိသွားလေသည်။

ဝါးရုံပင်အောက်၌ အုတ်ဂူလေးမှာ ငြိမ်သက်စွာ ရှိနေ ပါ၏။

အုတ်ဂူအနီးမှ အမှိုက်သရိုက်များကို ရှင်းလင်းထား၏။

အုတ်ဂူပေါ်တွင် ရောင်စုံပန်းများ ကြွသွားသည်ကို တွေ့ ရ၏။

ကောင်းစုလည်း ပန်းခူးနေသော အဘိုးအိုက ဖျတ်ခနဲ သတိရလိုက်သည်။

အုတ်ဂူရှေ့တွင် ကျောက်ပြားတစ်ခု စိုက်ထူထားသည်။

ကျောက်ဖျာပေါ်တွင်....

သိုင်းလောက ပထမခေး

ခေးပါရဂူဝမ်းလိ၏ အုတ်ဂူ

ဟူ၍ ကမ္ဗည်းရေးထိုးထားသည်ကို တွေ့ရ၏။

'ဟာ'

ကောင်းစု လွတ်ခနဲ အော်မိ၏။

ဝမ်းလိ....

ခေးပါရဂူဝမ်းလို သေဆုံးသွားခဲ့ပြီ မှတ်ပါလား။

ကောင်းစုက လူငယ်လေးကို ကြည့်လိုက်သည်။
လူငယ်လေး ခေါင်းငုံ့ထားသည်။
ကောင်းစု လွှတ်ခနဲ မေးလိုက်၏။
'သူ ဘယ်တုန်းက အခုလိုဖြစ်သွားတာလဲ'
လူငယ် ခေါင်းမော့လာ၏။
သူ၏မျက်ဝန်းအစုံတွင် မျက်ရည်များ ဝိုင်းနေ၏။
'လွန်ခဲ့တဲ့ ခြောက်လလောက်ကပေါ့ ခင်ဗျာ'
ကောင်းစုမျက်နှာ တည်ကြည်သွားသည်။
'ဘယ်သူ့လက်ချက်လဲ'
လူငယ် ခေါင်းခါယမ်းလိုက်၏။
'ဘယ်သူ့လက်ချက်မှ မဟုတ်ပါဘူး'
'ဒါဖြင့်'
'အစ်ကိုကြီးဟာ နေ့စဉ်ရက်ဆက်ဆိုသလို လစာရောက်ပြီး စိန်ခေါ်တဲ့လူတွေနဲ့ ယှဉ်ပြိုင်နေခဲ့ရတာကြောင့် အချိန်ကြာလာတာနဲ့အမျှ အာရုံအင်တွေ ကုန်ခန်းတဲ့ ရောဂါဝေဒနာ တစ်မျိုး ခံစားလာရပါတယ်၊ ဒီလိုနဲ့ပဲ နောက်ဆုံးကွယ်လွန် သွားပါတယ် ခင်ဗျာ'
ကောင်းစု သက်ပြင်းချလိုက်သည်။
မေးပါရဂူသည် သေဆုံးသွားပြီ ဖြစ်သည်။
သူ့အနေနှင့် ယှဉ်ပြိုင်စရာအကြောင်း မရှိတော့ပါ။
သို့သော်....
အဘယ်ကြောင့်မှန်း မသိ။
ကောင်းစု၏စိတ်ထဲ ဘဝင်မကျသလို ဖြစ်လာလေသည်

ထို့ကြောင့်

အုတ်ဂူကို သေသေချာချာ အကဲခတ်လိုက်သည်

အုတ်ဂူလေးမှာ ပကတိငြိမ်သက်နေသည်။

သံသယဖြစ်စရာ ဘာတစ်ခုမျှမတွေ့ရပါ။

ကောင်းစုက လူငယ်ကိုကြည့်လိုက်သည်။

လူငယ်သည် ဝမ်းနည်းကြေကွဲသည့်အသွင် ရှိနေသည်။

ကောင်းစုက လူငယ်အား စေ့စေ့ကြည့်ကာပြီး....

'သူကွယ်လွန်သွားပြီဆိုတာ ဘာကြောင့် သိုင်းလောက မှာ မကြေညာတာလဲ'

လူငယ်က ရှင်းပြလိုက်သည်။

'အစ်ကိုကြီးဟာ ရိုးရိုးအေးအေးနေချင်တဲ့သူပါ၊ဝါသနာ ပါလို့ သိုင်းပညာကို လေ့လာလိုက်စားခဲ့ပေမယ့် ကျော်ကြား မှုကိုမမက်မောပါဘူး....

'သူကွယ်လွန်သွားပြီဆိုတာ သိသွားကြရင် သူ့အုတ်ဂူကို လာကြည့်ကြမယ်....

'လူတွေ တရုန်းရုန်း ဖြစ်နေမှာလဲ မလိုလားပါဘူး၊ ဒါ ကြောင့် ဘာသတင်းမှ မကြေညာဖို့မှာသွားလို့ပါ'

ကောင်းစု သက်ပြင်းချလိုက်သည်။

'အင်း....သူဟာ တကယ့်ကိုချီးကျူးစရာကောင်းတဲ့ လူ တစ်ယောက်ပါပဲ'

လူငယ်ဦးညွှတ်လိုက်၏။

'ကျေးဇူးတင်ပါတယ်ခင်ဗျာ....နောင်ကြီးတာ....'

ကောင်းစုံက တစ်ချက်စဉ်းစားလိုက်ပြီး

'ကျုပ်ပြန်ဖို့ စိတ်မကူးသေးဘူး'

'ဗြော်'

'ကျုပ်က သူ့အတွက်ဝမ်းနည်းတဲ့အထိမ်းအမှတ်နဲ့ ဒီခနရော မှာနေဦးမယ်လို့ စိတ်ကူးထားတယ်'

လူငယ်က ခေါင်းညိတ်လိုက်၏။

'ကောင်းပါပြီ ခင်ဗျာ ကျွန်တော်နဲ့ လိုက်ခဲ့ပါ'

စကားဆုံးလျှင် လမ်းပြခေါ်ဆောင်သွားလေသည်။

ကောင်းစုကလည်းလိုက်သွားလေသည်။

ကြာပါချေ။

တောင်ခြေမှ အိမ်ကလေးသို့ ကောင်းစုတို့ပြန်လည် ရောက်ရှိသွားကြလေသည်။

* * *

ဆယ်ရက်....

ဆယ်ရက်ဟူသောအချိန်ကုန်ဆုံးသွားပြီဖြစ်လေသည်။

ဆယ်ရက်အတွင်း....

အဘိုးအိုသည် ပန်းမျိုးခူးကာ ဝမ်းလိဏ်အုတ်ဂူတွင် ကြွရောက်သည့် ဘာဝန်ဝတ္တရားကို နေ့စဉ်မပျက် ပြုလုပ်နေသည်ကို တွေ့ရသည်။

လူငယ်လေးကလည်း အိမ်သန့်ရှင်းရေးလုပ်သည်။

ထမင်းဟင်းများချက်ပြုတ်သည်။

အဝတ်များလျှော်ဖွတ်လေသည်။

ကောင်းစုသည်ဝမ်းလိနှင့် ယှဉ်ပြိုင်ရန်လာခဲ့သူဖြစ်ကြောင်း သိသွားကြသော်လည်း ငြူစူခြင်း မကြည်ဖြူခြင်းမျိုး လုံးဝ မရှိချေ။

ကောင်းစုသည် ဆယ်ရက်တိုင်တိုင် အချိန်ဖြုန်းမိပြီလော ဟုပင်ဆင်မှတ်သားနေသည်။

အဘိုးအိုနှင့်လူငယ်ကိုလည်း အားတုံ့အားနာဖြစ်လာလေသည်။

ထို့ကြောင့်....

ဆယ့်တစ်ရက်မြောက်သောနေ့တွင်အဘိုးအိုနှင့်လူငယ်ကို နှုတ်ဆက်ကာ ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်သည်။

ထို့နေ့....

ဆယ့်တစ်ရက် မြောက်သော နေ့သည် ကောင်းစုအတွက် ထူးခြားသော နေ့တစ်နေ့အဖြစ် အမှတ်မထင် ဖြစ်ပေါ်သောသည်။

* * *

ကောင်းစုသည် ဘယ်နေ့တွင် ထွက်သွားရကောင်းနိုးဖြင့် စဉ်းစားတွေးတောရင်း ညဉ့်နက်မှ အိပ်ပျော်သွားလေရာ မိုးစင်စင်လင်းမှ နိုးလာသည်။

နေ့အတော်မြင့်နေပြီ ဖြစ်၍ အဘိုးအိုသည် ပန်းခူးဖို့ထွက်သွားပြီဖြစ်သည်။

လူငယ်မှာလည်း စမ်းချောင်းဆေး၌ အဝတ်များသွား၍ လျှော်ဖွတ်နေပုံရသည်။

ကောင်းစုအခန်းတွင်းမှ ထွက်လာသောအခါ စားပွဲပေါ်တွင် သူ့အတွက် စားသောက်ဖွယ်ရာများ အဆင်သင့် ပြင်ဆင်ထားသည်ကိုတွေ့ရသည်။

ကောင်းစု ပင့်သက်ရှိုက်လိုက်မိသည်။

'အင်း....ငါတဝမ်းလိုသေသွားပြီဆိုတာကိုဘဝင်မကျဘူး။ ဒါကြောင့်နေခဲ့တာ အခုဆိုရင် ဆယ့်တစ်ရက်တောင် ရှိပြီ လူတိုင်းအပေါ်မငြိုငြင်ဘဲညှော့ဝတ်ကျေကြတာ အစားနာစရာ တောင်းကောင်းနေပြီ'

သူက တိုးတိုးရေရွတ်လိုက်မိသည်။

ယနေ့....

သူသည် ဤနေရာလေးမှထွက်သွားရန် ခိုင်မာစွာဆုံးဖြတ်လိုက်လေသည်။

သူက မုတ်ဆိတ်ကိုလိုက်ချွေထား သုတ်သင် ရှင်းလင်းပစ်မည်။

ထို့နောက်....

Scanned with ACE Scanner

ဇနီးသည် ကျင်းကျင်းနှင့် သားဖြစ်သူဘောင်းဖုံးတို့ ရှိရာ မြေစထိပိုင်းဒေသသို့ပြန်သွားမည်သာဖြစ်သည်။

ခေါ်ပါရဂူဝမ်းလီသေဆုံးသွားပြီဆိုသည်ကို သူကမည်သူ့ကိုမျှပြောပြလိမ့်မည်မဟုတ်ချေ။

ကောင်းစုသည် စားပွဲပေါ်၌ အသင့်ပြင်ထားသော စားသောက်ဖွယ်ရာများကိုကြည့်လိုက်သည်။

ဤတွင်....

မမျှော်လင့်ဘဲ ထူးခြားမှုတစ်ခုရှိနေသည်ကို ဖျပ်ခနဲ သတိပြုမိလိုက်လေသည်။

စားသောက်ဖွယ်ရာများမှာ ထူးခြားလှသည်တော့မဟုတ်ပါချေ။

ထမင်း၊ ပဲပြားကြော်၊ အသီးအရွက်ကြော်၊ ဟင်းချိုနှင့် ကြက်ဥဖြစ်သည်။

နေ့စဉ် အသားဟင်းလျာအဖြစ် ကြက်ဥသို့မဟုတ်ဝက်အူချောင်း သို့မဟုတ် ငါးဟင်း သို့မဟုတ် အသားကင် တစ်ခုခု ပါလေ့ရှိသည်။

ဟင်းချိုနှင့် အသီးအရွက်ကြော်မှာလည်းအပြောင်းအလဲ မရှိသည်။

သို့သော်....

အပြောင်းအလဲရှိသည်က ပဲပြားဟင်းဖြစ်သည်။

ပဲပြားကိုလေးထောင့်အတုံးကလေး ဖြစ်အောင်လှီးကာ အချိုချက်ထားသည့် သက်ဘက်လွတ်ဟင်းတစ်ခွက် ပါရှိလေသည်။

အဘိုးအို၊ လူငယ်တို့နှင့်အတူ သူက ထမင်းတစ်ဝိုင်းတည်း စားခဲ့သူတော်သည်။

ဤသို့ဆိုလျှင်....

သတ်သတ်လွတ် ပဲပြားဟင်းကြိုက်သူမှာ မည်သူဖြစ်ပါသနည်း။

ဘောင်းစုသည် ထိုသို့သောအတွေးဝင်လာသည်နှင့် ချက်ချင်းပင် မီးဖိုချောင်ဘက်သို့ လှမ်းသွားလိုက်၏။

လူငယ်ချက်ပြုတ်ထားသော ထမင်းဟင်းများကို စစ်ဆေးကြည့်လိုက်လေသည်။

ထိုအခါ....

ထမင်းဟင်းများသည် လူလေးယောက်စာ ချက်ပြုတ်ထားသည်ကို တွေ့ရလေသည်။

အဘိုးအို၊ လူငယ်နှင့် ဘောင်းစုတို့ သုံးယောက်သည်ဤ အိမ်ကလေး၌ ရှိနေကြပါသည်။

နောက်ထပ် လူတစ်ယောက်မှာ မည်သူဖြစ်ပါသနည်း။

ဘောင်းစုသည် ထွက်သွားတော့မည်ဟူသော ဆုံးဖြတ်ချက်ကို စွန့်လွှတ်လိုက်သည်။

ထို့နောက်....

ဓားဆွဲကာ ခပ်သွက်သွက် ပြေးထွက် လာခဲ့လေတော့သည်။

လေတဟူးဟူး တိုက်ခတ်နေဆဲ။

ဝါးရုံပင်များမှာ လေယူရာ ယိမ်းနေကြသည်။

ကောင်းစုသည် တောင်ပေါ်သို့ ရောက်လာပြီဖြစ်လေသည်။

ဝါးရုံပင်အောက်ရှိ စမ်းလီ၏အုတ်ဂူဆီသို့ ခပ်သွက်သွက်ပင် လှမ်းသွားလိုက်လေသည်။

အုတ်ဂူအနီးတစ်ဝိုက်၌ အမှိုက်သရိုက်များကင်းစင်နေပြီး ရောင်စုံပန်းများကျဲထားသည်။

ကောင်းစုက အုတ်ဂူရှေ့သို့ရောက်လျှင် ခါးမှဓားကို ချွမ်ခနဲမြည်အောင် ဆွဲ၍ ထုတ်လိုက်သည်။

ထို့နောက်....

မြေပေါ်တွင် တင်ပျဉ်ခွေ ထိုင်ချလိုက်တော့သည်။

* * *

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

နေမွန်းတည့်ချိန်သို့ ရောက်ရှိလာ၏။

ကောင်းစုသည် အုတ်ဂူရှေ့တွင် တင်ပျဉ်ခွေထိုင်နေဆဲ။

သူ၏ရှေ့တွင် ဓားကိုမြေပေါ် ထိုးစိုက်ထားလေသည်။

ထိုအချိန်တွင်...,

ခြေသံများထွက်ပေါ်လာပြီး တောင်ကုန်းပေါ်သို့ လူတစ်ယောက် တက်လာလေသည်။

လူငယ်ကလေးဖြစ်ပါသည်။

လူငယ်လေးသည် ဘောင်းစုကိုတွေ့မြင်သွားလျှင်....

'နေခင်ကြီးက ဒီမှာရောက်နေတာကိုး၊ ကျွန်တော်က နေခင်ကြီးကိုလိုက်ရှာနေတာ မနက်စာလဲ မစားရသေးဘူး မတုက်လား၊ နေမွန်းတည့်ချိန်တောင် ရောက်နေပြီ ထမင်းစားပါဦးလား'

ဘောင်းစုက ဘာမှမပြောဘဲ ထိုင်နေ၏။

လူငယ်....

'နေခင်ကြီးက ကျွန်တော်နဲ့လိုက်ခဲ့ပါ'

ဘောင်းစုက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မလိုက်နိုင်သေးဘူး'

လူငယ် အံ့သြသွားသည်။

'ဘာဖြစ်လို့လဲ နေခင်ကြီးရဲ့'

ဘောင်းစုက....

'ကျုပ်က ဝမ်းလီနဲ့ မတွေ့မချင်း ဒီနေရာက မထဘူးလို့ ဆုံးဖြတ်ထားလို့ပါ'

'ဟင်'

လူငယ် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ဘောင်းစုကို နားမလည်နိုင်စွာကြည့်ရင်း....

'အစ်ကြီးဝမ်းလီက ကွယ်လွန်သွားပြီလေ'

ကောင်းစုက ပြုံးလိုက်သည်။

'ဟုတ်ပါတယ်၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သလဲဗျ'

'သူက အသက်ပြန်ရှင်လာရင် ရှင်လာနိုင်တယ် မဟုတ်လား'

ထိုစကားကြားလျှင် လှငယ်မျက်နှာပျက်သွားလေ၏။

ကောင်းစုက....

'ကျုပ်က ဒီနေရာမထပဲ ထိုင်စောင့်နေမယ်ဆိုရင်သူကအသက်ပြန်ရှင်လာမယ်လို့ ကျုပ်ယုံကြည်ထားတယ်လေ'

လှငယ်ပါးစပ်ပိတ်သွားလိုက်၏။

ထို့နောက်....

ချာခနဲလှည့်ကာ တောင်ကုန်းပေါ်မှ ဆင်းသွားလေတော့သည်။

* * *

မိတ်ဆွေ

---

အချိန်များ တဖြည်းဖြည်းကုန်ဆုံးသွား၏။

နေဝန်းနီမှာ အနောက်ဘက်သို့ ငုံ့လျှိုး ကွယ်ပျောက်သွားတော့မည် ဖြစ်လေသည်၊

ကောင်းစုသည် အုတ်ဂူရှေ့တွင်ထိုင်မြဲ၊

ဝမ်းလီအသက်ရှင်နေသည်ဟူ၍လည်းကောင်း၊ လူငယ်နှင့်အတိုးအိုက သူ့အားလှည့်စားနေသည် ဟူ၍လည်းကောင်း ယုံကြည်ထား၏။

သူသည် ဝမ်းလီနှင့် မတွေ့ရမချင်း အလျှော့မပေးဟု သန္နိဋ္ဌာန်ချထားလိုက်လေသည်။

အမှောင်ရိပ်များ သန်းလာချိန်တွင် ခြေသံများထွက်ပေါ် လာလေသည်။

လူငယ်လေးသည် တောင်ကုန်းပေါ်သို့ ပြန်လည်ရောက်ရှိ လာလေသည်။

ယခုတစ်ကြိမ်....

သူ၏မျက်နှာသားသည် တည်ကြည်လေးနက်နေ၏၊

ကောင်းစုရှေ့သို့ရောက်လျှင်လက်နှစ်ဖက်ဆုပ်ကာဦးညွှတ် လိုက်ပြီ....

'အစ်ကိုကြီး ဝမ်းလိုက ညစာစားဖို့ ဖိတ်ခေါ်ခိုင်းလိုက် ပါတယ်ခင်ဗျာ'

ထိုစကားကြားလျှင် ကောင်းစုမဖော်မပြနိုင်အောင် ဝမ်း သာသွားလေတော့သည်၊

'သူ့ အတွေး မှန်ကန်သွားပြီ မဟုတ်ပါလော'

ချက်ချင်းပင် ထိုင်ရာမှ ထလိုက်၏။

မြေပေါ်၌ စိုက်ထားသော ဓားကို ဆွဲထုတ်၍ ဓားအိမ်ထဲ ထိုးသွင်းလိုက်၏။

ပြီးလျှင်....

'ကောင်းပြီ....ကျုပ်လိုက်ခဲ့မယ်'

လူငယ်လေးက ရှေ့မှ ထွက်သွား၏၊

ကောင်းစုက ထက်ကြပ်မကွာ လိုက်သွားသည်၊

သူတို့သည် တောင်ခြေမှ အိမ်ကလေးဆီသို့ ပြန်သွားကြ ခြင်း မဟုတ်ပါ၊

တစ်ခြားတစ်ဖက်မှ ကွေ့ပတ်၍ တောင်ခြေသို့ ဆင်းသွား ကြခြင်း ဖြစ်၏။

အတန်ကြာ လျှောက်သွားကြပြီးသျှင် ရေကန်ကြီး တစ်ခု အနီးသို့ ရောက်သွား၏။

ရေကန်ရှေ့တွင် မီးရောင်များ ထိန်ထိန်လင်းနေသော အိမ် တစ်လုံးရှိနေသည်ကို တွေ့မြင်လိုက်ရ၏။

လူငယ်က ညွှန်ပြ၍....

'အဲ့ဒီမှာ အစ်ကိုကြီး ဝမ်းလိ စောင့်နေပါတယ်'

ကောင်းစုံက ခေါင်းညိတ်ပြပြီး ခပ်မြန်မြန် လှမ်းသွား လိုက်၏။

မီးရောင် ထွက်ပေါ်နေသော အိမ်အနီးသို့ မရောက်မီ အလွန် သာယာသည့် ပလွေသံ ထွက်ပေါ်လာသည်ကို ကြား လိုက်ရလေ၏။

* * *

ပလွေသံသည် သာယာငြိမ့်ညောင်းစွာ ထွက်ပေါ်လာလေသည်။

ကောင်းစုက ပလွေသံကို နားထောင်ရင်း ရင်ထဲတွင် ပျော်ရွှင် ချမ်းမြေ့မှု ခံစားရသည်။

ထိုအချိန်....

ကောင်းကင်ပေါ်၌ လဝန်း ထွက်ပေါ်လာ၏။

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ကောင်းစုသည် မီးရောင်ထွက်ပေါ်နေသော အိမ်ကလေးဆီသို့ တစ်လှမ်းချင်း လှမ်းဝင်လိုက်၏။

လရောင်နှင့် မီးရောင်ကြောင့် အိမ်ကလေးကို သေချာမြင်ရ၏။

အိမ်ကလေးမှာ ဝါးဖြင့် ဆောက်လုပ်ထားခြင်း ဖြစ်လေသည်။

မြောက်ပိုင်း ကျေးလက်ဒေသ၌ နေထိုင်ခဲ့သည့် ကောင်းစုသည် ဝါးအိမ်လေးကို တွေ့ရလျှင် သူ့အိမ်ကို လွမ်းဆည်းစိတ်များ ပေါ်လာ၏။

အကယ်၍....

ထိုအိမ်လေး၌ နေထိုင်သူမှာ ဝမ်းလီဖြစ်မည် ဆိုပါလျှင် သူသည် ဟိတ်တန်မကြီးဘဲ အလွန် ရိုးသားစွာ နေထိုင်သူဖြစ်မည်မှာ ထင်ရှား၏။

ဝါးအိမ်အနီးသို့ ရောက်မှ လှေကားရင်း၌ ထိုင်၍ ပလွေမှုတ်နေသူ တစ်ဦးကို တွေ့ရ၏။

ထိုလူသည် အသက်သုံးဆယ်ခန့်ရှိသော လူရွယ်တစ်ဦး ဖြစ်သည်။

ခန္ဓာကိုယ် ပိန်ပါးပြီး အပြာရောင် အင်္ကျီရှည်ကို ဝတ်ဆင်ထား၏။

လရောင်ဖြင့် ထိုလူရွယ်၏ အသားသရေမှာ ပိုးဟပ်ဖြူတစ်ကောင်ပမာ ဖြူဖွေးနေသည်။

အစဉ်အမြဲ တွေးတောစဉ်းစားနေတတ်သည့် စာပေသမား၊ ကဗျာသမား တစ်ဦးနှင့်လည်း တူလှ၏။

ကောင်းစုသည် ထိုလူရွယ်ကို ကြည့်ရင်း အလိုလို ခင်မင်ရင်းနှီးလိုစိတ်များ ဖြစ်ပေါ်လာ၏။

တစ်ဆက်တည်းပင်....

'သူ့ကို ကြည့်ရတာ ငါ့အသက်နဲ့ မတိမ်းမယိမ်းဘဲ၊ ဝမ်းလိ မဖြစ်နိုင်ဘူး'

ဟူ၍ စိတ်ထဲ တွေးမိသည်။

ထိုစဉ်....

ပလွေမှုတ်နေသော လူရွယ်က ပလွေကို ကိုင်၍ ထရပ်လိုက်သည်။

ကောင်းစုကို လက်နှစ်ဖက်ဆုပ်၍ ဦး ညွှတ်လိုက်ပြီး....

'ညစာစားဖို့ ကြွပါဗျ'

ဖိတ်ခေါ်လာသည်။

သူ၏ စကားသံမှာ အလွန်သာယာ နာပျော်ဖွယ်ကောင်းသည်ဟု ထင်ရ၏။

ကောင်းစုတာ....

Scanned with ACE Scanner

'ခင်....ခင်ဗျားကု....'

စကား အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေ၏။

လူရွယ်က တည်ကြည်သော မျက်နှာဖြင့်....

'မိတ်ဆွေအပေါ် လိမ်ညာဝှံတာ စိတ်မကောင်းပါဘူးဗျာ၊ ကျုပ်အပေါ် နားလည် ခွင့်လွှတ်နိုင်မယ် ထင်ပါတယ်'

ထိုစကားကြားလျှင် ကောင်းစုံ မျက်လုံး ပြူးသွားမိလေသည်။

သူသည် သိုင်းလောကဌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့် မဲစပါရဂူ ဝမ်းလိနှင့် ရင်ဆိုင်တွေ့ဆုံရပြီ မဟုတ်ပါလား၊

'အိမ်ထဲကြွပါဗျာ'.

ဝမ်းလိက ဖိတ်ခေါ်လိုက်၏။

ကောင်းစုံသည် လေ့ကားထစ်များကို မည်သို့မည်ပုံ ဖြတ်ကျော်၍ အိမ်ထဲသို့ ရောက်သွားသည်ကိုပင် မသိနိုင်ပါတော့ချေ။

* * *

ဝါးအိမ်ကလေးမှာ သပ်သပ်ရပ်ရပ် ရှိလှသည်။

လူ့အသုံးအဆောင် ပရိဘောဂပစ္စည်းများ အားလုံး ဝါးဖြင့် ပြုလုပ်ထား၏။

ဧည့်ခန်းအတွင်းရှိ ထမင်းဝိုင်းတွင် လူနှစ်ယောက်စာ ပြင်ထားလေသည်။

'ထိုင်ပါဗျာ'

ဝမ်းလိက နေရာထိုင်ခင်း ပေးသည်။

ကောင်းစုဓာ ထိုင်လိုက်သည်။

နှစ်ယောက်သား မျက်နှာချင်းဆိုင် ထိုင်မိကြလျှင် ဝမ်းလိက ခူးခပ် ကျွေးမွေး၍ ဧည့်ဝတ်ပြုသည်။

ထမင်းဝိုင်း၌....

ဝမ်းလိသည် သက်သတ်လွတ် ပဲပြားဟင်းကို နှစ်သက်စွာ စားနေသည်ကို တွေ့ရသည်။

• • •

Scanned with ACE Scanner

တစ်စထက်တစ်စ ညဉ့်နက်လာပြီဖြစ်သည်။

မအားမြသော ညဉ့်ငှက်လေများ တိုက်ခတ်လာ၏။

ညံ၏ ပိုးတောင်လေးများ အော်မြည်သံများမှာလည်း တိုမှ ညံမှ လွှက်မပေါ်နေ၏။

လဝန်း ထိန်ထိန်သာနေဆဲ။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

ဝမ်းလိသည် ဝါးအိမ်လေးရှေ့ မြေကွက်လပ်တွင် ရပ်၍ ကောင်းကင်ပေါ်မှ လဝန်းကို မော့မော၍ကြည့်နေ၏။

သူနှင့် မလှမ်းမကမ်းတွင် ကောင်းစုရပ်နေ၏။

ရုတ်တရက်....

ဝမ်းလိက စာကဗျာတစ်ပုဒ် ရွတ်လိုက်သည်။

ငယ်စဉ်ကလေးဘဝက လရောင်အောက်ဘွင် လွတ်လပ်ပျော်ရွှင်စွာ ပြေးလွှားဆော့ကစားကြပုံ သီကုံးရေးဖွဲ့ထားသည့် ကဗျာတိုလေး ဖြစ်သည်။

ကောင်းစု ချက်မှောင်ကြုတ်သွား၏။

ဝမ်းလိသည် အသေးအမွှားတစ်ယောက် ဖြစ်နေသည်ဟု ပင် တွေးမိလိုက်၏။

သူက မတားကဗျာရွတ်ဆိုပြီးလျှင် ကောင်းစုဘက် လှည့်လာ....

'ကလေးဘဝမှာ လွတ်လပ်တယ်၊ ပျော်ရွှင်တယ်၊ ပျော်ရာကောင်းတယ်၊ ပူပင်သောကဆိုတာ မရှိဘူး။ ကျုပ်ပြောတာ ခင်ဗျားလက်ခံနိုင်သလား။'

ကောင်းစု ခေါင်းညိတ်လိုက်သည်။

'လက်ခံနိုင်ပါတယ်ဗျာ'

ဝမ်းလီ ကျေနပ်သွားသည်။

'ကျေးဇူးတင်ပါတယ်ဗျာ၊ တကယ်လို့သာ ဖြူစင်တဲ့နှလုံးသားတွေကို လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အရောင်တွေ မဆိုးခဲ့ကြဘူးဆိုရင် လူကြီးဖြစ်လာတဲ့ဘဝမှာလဲ လွတ်လပ်ပျော်ရွှင်ခြင်းရဲ့အရသာကို ခံစားရလိမ့်မယ်လို့ ကျုပ်ယုံကြည်ထားတယ်'

ကောင်းစု သက်ပြင်းချလိုက်၏။

'ခင်ဗျား ပြောစရာကုန်ပြီဆိုရင် ကျုပ်ပြောပါရစေဗျာ'

ထူက ဝမ်လီနှင့် ယှဉ်ပြိုင်ဖို့ကလွဲ၍ ရှည်ရှည်ဝေးဝေးကို စဉ်းစားမနေချင်တော့။

ဝမ်လီ လက်ကာပြလိုက်သည်။

'ကျုပ်တစ်ခု ပြောချင်ပါသေးတယ်'

ကောင်းစု ခေါင်းညိတ်လိုက်၏၊

'ပြောပါ'

ဝမ်းလီသည် သက်ပြင်းတစ်ချက်ချကာ....

'ကျုပ်နဲ့အတူတူ ဆယ်ရက်လောက်နေပြီးမှ ခင်ဗျားပြောချင်တဲ့စကားကိုပြောဖို့ တောင်းပန်ပါတယ်ဗျာ'

ကောင်းစု ပါးစပ်ပိတ်ထားလိုက်ရတော့သည်။

• • •

ဆယ်ရက်။

ဆယ်ရက်အတွင်း ကောင်းစုသည် ဝမ်းလိနှင့်အတူ နေထိုင်ခဲ့လေသည်။

သူတို့သည် အတူအိပ်ကြသည်။

အတူစားကြသည်။

ကဗျာလင်္ကာများအကြောင်း ပြောဆိုကြသည်။

စစ်တုရင် ထိုးကြသည်။

ဤသို့ဖြင့်....

ဆယ်ရက်ဟူသောအချိန် ကုန်ဆုံးသွားခဲ့လေသည်။

* * *

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီ ဖြစ်ပါ၏။

ကောင်းစုသည် ထွက်ပေါ်လာသော နေဝန်းကြီးအား ငေးမော၍ကြည့်နေရာမှ ဝမ်းလိဘက် လှည့်လိုက်၏။

ဝမ်းလိက ပြုံးလိုက်ပြီး....

'နေလုံးကြီး တဖြည်းဖြည်း ငုတ်လျှိုးကွယ်ပျောက်သွားတာ တဖြည်းဖြည်း ထွက်ပေါ်လာတာတွေကို ဂရုစိုက်ပြီးကြည့်မိတဲ့လူ ဘယ်လောက်များလဲ'

ကောင်းစု ခေါင်းခါယမ်းလိုက်၏။

'မျှော်မယ်မထင်ဘူး'

'လူ့ဘဝဟာ အင်မတန်မှ တိုတောင်းတယ်ဗျ၊ ရတုန်းရခိုက်အချိန်လေးမှာ တန်ဖိုးရှိအောင် နေသွားနိုင်ကြဖို့ထက် အရေးကြီးတာ ဘာမှမရှိတော့ပါဘူးဗျာ'

ကောင်းစု သက်ပြင်းချလိုက်သည်။

ဆယ်ရှစ်မျှ အတူနေပြီးနောက် ဝမ်းလီသည် ဟန်ဆောင်ပရိယာယ်ကင်းပြီး ဖြူစင်သော စိတ်ထားဖြင့် အေးချမ်းစွာ နေလိုသည်ဖြစ်ကြောင်း သိခဲ့ရပြီဖြစ်၏။

သူသည် ဘာကိုမှမာနမလျှော့ဘဲ အရာရာကိုသတိထားပြီး ဘဝကို အလေးအနက်ထားသူ ဖြစ်ကြောင်းကိုလည်း သိခဲ့ရလေသည်။

အမှန်အတိုင်းဆိုလျှင် ဝမ်းလီအား မိတ်ဆွေတစ်ဦးမှာ ရင်းနှီးနေပြီ ဖြစ်သည်။

သို့သော်....

ကောင်းစု ပင့်သက်ရှိုက်လိုက်သည်။

ဝမ်းလီ ပြုံးလိုက်သည်။

'ဟာ...ခင်ဗျား ပြောချင်တဲ့စကားကို ပြောနိုင်ပါပြီဗျာ'

ကောင်းစု ရုတ်တရက် ပြောမထွက်တော့ပါ။

ဝမ်းလီကို ငေးကြည့်နေမိသည်။

'ခင်ဗျားက ကျုပ်နဲ့ယှဉ်ပြိုင်ဖို့ လွှတ်ခဲ့တာမဟုတ်လား'

ဝမ်းလီက မေးလေ၏။

ကောင်းစု ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

သူ၏ အသံ ခြောက်သွေ့ အက်ကွဲနေသည်။

ဝမ်းလိက ဗင့်သတ်ရှိုက်လိုက်ပြီး....

'တစ်ယောက်နဲ့ တစ်ယောက် ယှဉ်ပြိုင်ကြတယ် ဆိုတာ ဘယ်လို အဓိပ္ပာယ်ရှိသလဲ၊ ခင်ဗျား နားလည်ပါတယ်နော်'

ကောင်းစု သက်ပြင်းချလိုက်၏။

'ဘာပဲဖြစ်ဖြစ် ကျုပ်က ယှဉ်ပြိုင်ရမှာပဲလေ'

သူက ဇွတ်မှိတ်၍ ပြောလိုက်သည်။

ဝမ် လိ ခေါင်းခါယမ်းမိ၏။

'ယှဉ်ပြိုင်စရာ မလိုတော့ပါဘူးဗျာ'

'ဘာဖြစ်လို့လဲ'

ဝမ်းလိက ကောင်းစုကို အကဲခတ် ကြည့်လိုက်ပြီး တည်ငြိမ်သော လေသံဖြင့် ပြောလာ၏။

'ကျုပ်က ခင်ဗျားကို အရှုံးပေးလိုက်မှာမို့ပါ'

'ဟာ'

မမျှော်လင့်သောစကားကြားလိုက်ရသောကြောင့်ကောင်းစု မျက်လုံးပြူးသွားသည်။

* * *

ငှမ်းနည်းမှု

---

လေငွေ့ယမ်း တိုက်ခတ်နေသည်။

ရောင်စုံ တောပန်းရနံ့လေးများက လေနှင့်အတူ လွင့်ပျံ့နေ၏။

ကျေးငှက်သာရကာ မျိုးစုံတို့သည်လည်း တေးသီကျူးနေကြသည်။

သာယာဖွယ် ကောင်းသော မနက်ခင်း တစ်နေ့ပင် ဖြစ်ပေသည်။

ကျယ်ပြန့်သော မြေကွက်လပ်ရှေ့တွင် လူနှစ်ယောက် ရပ်နေကြ၏။

လေအငွေ့တွင် သူတို့၏ အဝတ်အစားများ တဖျပ်ဖျပ်လူးလွင့်သွားသည်။

Scanned with ACE Scanner

ထိုလူနှစ်ယောက်ကား....

*　　*　　*

ကောင်းစုက ပြူးကျယ်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်ရင်း ဝှမ်းလိကို မေးလိုက်၏။

'ခင်....ခင်ဗျားက အရှုံးပေးလိုက်မယ်ဟုတ်လား'

ဝမ်းလိ ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ဗျာ'

ကောင်းစု ခေါင်းတွင်တွင် ခါယမ်းလိုက်၏။

'မဖြစ်ဘူး....မဖြစ်ဘူး'

သူက ကပျာကယာ ငြင်းဆန်လိုက်သည်။

ဝမ်းလိ မျက်မှောင်ကုတ်မိ၏။

'ဘာဖြစ်လို့လဲဗျ ခင်ဗျားက အနိုင်ယူချင်လို့ ယှဉ်ပြိုင်ချင်တာ မဟုတ်လား၊ ခင်ဗျား အနိုင်ရသွားရင် ပြီးရော မဟုတ်လားဗျ'

သူ၏ မျက်နှာ တင်းမာသွားသည်။

'ကျုပ်က အရှက်မရှိတဲ့လူမှ မဟုတ်ဘာ'

'ဟင်'

'ကျုပ်က ခင်ဗျားနဲ့ ဘယ်သူသာသလဲဆိုတာ လက်တွေ့ ရင်ဆိုင်ပြီးမှ အနိုင်ယူမှာ'

ဝမ်းလီသည်. သူ၏ စကားကို ကောင်းစုံ နားမလည်နိုင်သည့်အပြင် အစီမွှာစယ်ကောက် လွှဲသွားသဖြင့် စိတ်မကောင်းဖြစ်သွား၏။

ကောင်းစုက ဝမ်းလီကို စေ့စေ့ကြည့်ပြီး....

'ကျုပ်က ခင်ဗျားကို မိတ်ဆွေတစ်ယောက်လို ခင်ပါတယ်၊ ဒါပေမယ့်... ယှဉ်ပြိုင်ရမှ ဖြစ်မယ်'

သူက ပြတ်သားစွာ ပြောသည်။

ဝမ်းလီ ရွေးစရာ လမ်းမရှိတော့ပါ။

ထို့ကြောင့်....

သဘောတူလိုက်သည်။

'ကောင်းပြီလေ....ယှဉ်ကြတာပေါ့'

ကောင်းစု ကျေနပ်သွားသည်၊

'ချွမ်း'

ဓားကို ဆွဲထုတ်လိုက်၏။

ထို့နောက်....

ဝမ်းလီအား ကြည့်လိုက်ပြီး....

'ကဲ... ခင်ဗျား ဓားထုတ်ပေတော့'

ဝမ်းလီက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် ဓားထုတ်စရာ မလိုဘူး'

ကောင်းစု ဒေါပွသွား၏,

'ဘာ....ခင်ဗျားက ကျုပ်ကို အထင်သေးတာလား'

ဝမ်းလိ ကပျာကယာ လက်ကာပြသည်။

'ဟာ…ဒီသဘောမျိုး မဟုတ်ပါဘူးဗျာ'

'ဒါဖြင့်…ခင်ဗျားက ဘာလို့ ဓားမထုတ်ထားလဲ'

ဝမ်းလိ သက်ပြင်းချလိုက်၏။

ထို့နောက်…

တစ်လုံးချင်း ပြောလိုက်၏။

'ကျုပ်ရဲ့ဓားက စိတ်ထဲမှာပဲ ရှိနေလို့ပါ'

'ဟင်'

ကောင်စု အံ့သြသွားရသည်။

ဓား…

ဓားတစ်လက်ကို လက်ထဲမထားဘဲ စိတ်ထဲ၌ ထားသည် ဆိုပါလျှင်…

သူ၏ စိတ်ထဲရှိသမျှ အရာဝတ္ထု အားလုံးကို ဓားအဖြစ် ပြောင်းလဲပစ်နိုင်သည် မဟုတ်ပါလော။

ဥပမာ…

လက်ချောင်းကလေးများ၊ ခြေထောက်၊ မြက်ပင်၊ သစ်ကိုင်း အရာရာ အားလုံးသည် ဓားတစ်လက်ပမာ ထက်မြက်လာလိမ့်မည် ဖြစ်သည်။

* * *

ဝမ်းလိက ခါးမကိုင်ပါ။

သို့သော်....

ကောင်းစုက ခါးကိုင်ရမည်ဟု အတင်းအကြပ်တောင်းဆိုလာသဖြင့် ခါးတစ်လက်ကိုင်လိုက်ရသည်။

ကောင်းစု၏ခါးသည် နာမည်ကျော်မိုးကြိုးခါးဖြစ်လေသည်။

ကျောက်တုံး၊ ကျောက်ခဲ၊ သံတုံး၊ သံခဲများကိုပင် ခုတ်ပစ်နိုင်သော ခါးကောင်းတစ်လက်ဖြစ်၏။

သို့သော်....

ဝမ်းလိကိုင်ဆောင်ထားသော ခါးမှာမူ သာမန်မြက်ခုတ်ခါးတစ်လက်ဖြစ်၍ နေသည်။

• • •

နေရောင်ခြည်အောက်တွင်....

ကောင်းစုနှင့် ဝမ်းလိတို့မျက်နှာချင်းဆိုင် ရပ်နေကြလေသည်။

ကောင်းစုသည် ခါးတစ်လက် ထောင်ထားသကဲ့သို့ မာမားမတ်မတ်ရပ်နေ၏။

သူ၏ခန္ဓာကိုယ်မှ ဒေါသစက်သော အငွေ့အသက်များ ထွက်ပေါ်နေသည်။

ဝမ်းလိက ဖြစ်သလို ရပ်နေ၏။

လေပြင်းပြင်း တိုးခတ်လိုက်လျှင် လဲ့ကျသွားတော့မည့် အသွင် ရှိလေသည်။

သူ၏လက်ထဲ၌ မြက်ခုတ်ဓားကို ဖြစ်သလိုကိုင်ထား၏။

ကောင်းစုသည် ဝမ်းလိနှင့် ယှဉ်ပြိုင်ရန် ဆုံးဖြတ်ပြီးသော အခါ မိတ်ဆွေဆိုသည့် ဝေါဟာရကို မေ့ထားလိုက်၏။

ပြိုင်ဘက်တစ်ယောက်ဟု နှလုံးသွင်းလိုက်သည်။

ထို့ကြောင့်....

'ယား'

ညာသံပေး၍ စတင်တိုက်ခိုက်လိုက်၏။

သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ရာ ကောင်းလောက် အောင် အရှိန်အဟုန်ပြင်းထန်နေ၏။

'ဝှစ် ဝှစ် ဝှစ်'

'ချွမ်း ချွမ်း ချွမ်း'

ဓားရိပ်များသည် လျှပ်ပြက်သလို ထွက်ပေါ်လာ၏။

မြေလိမ်မြွေကောက်ပမာ လူးလွန့်လှုပ်ရှားသွားသည်။

လှိုင်းထမ်းပိုးများ ရိုက်ခတ်သလို ပြင်းထန်သည်။

ရေတံခွန်စီးကျလာသလို တိုးဝင်လာသည်။

လေပွေတိုက်ခတ်သည့်ပမာ ဝေ့ကာ ဝဲထားဖြင့် မွှေနှောက် သွားသည်။

ကောင်းစုံတတ်မြောက်ထားသည့် ဓားပညာကို အိတ်သွန်ဖာမှောက် ထုတ်ဖော်အသုံးပြုလိုက်လေသည်။

* * *

ဝမ်းလီ၏ ဓားကွက်များသည် အားမာန်ကင်းမဲ့နေလေသည်။

သူ၏ လှုပ်ရှားမှုသည် ခြေလက်မသယ်နိုင်သော လူမမာတစ်ယောက်နှင့်တူနေသည်။

ခန္ဓာကိုယ်မှာလည်း အရက်မူးသမားတစ်ယောက်နှင့် တူနေသည်။

ဓားပညာလုံးဝမတတ်ဘဲ ဓားကိုင်ထားသူတစ်ယောက်နှင့် ပို၍တူနေသည်။

* * *

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာသည်။

အပြုံးရောင် မိုးကုတ်စက်ဝိုင်းပေါ် တစ်စတစ်စဖြင့် တက်လာသည်။

တဖြည်းဖြည်းနိမ့်ဆင်းသွားသော အနောက်ဘက်၌ ငုပ်လျှိုး ကွယ်ပျောက်သွားသည်။

* * *

နေခြည်ပျောက်သွားသောအခါ လဆန်းထွက်ပေါ်လာ လာသည်။

ဝိုင်းဝန်းသော လဝန်းကြီးလည်း ကမ္ဘာမြေတလွှားကို အေးမြသော အလင်းရောင်ပေးစွမ်းကာ တဖြည်းဖြည်း ရွေ့လျားသွားသည်။

ဝါးအိမ်လေး....

ဝါးအိမ်လေးရှေ့တွင် ကြေကွဲဖွယ်ရာဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့၏။

ဝမ်းလိုသည့် ကျောက်ရုပ် တင်ရုပ်ပမာ ကောင်းစု၏ အလောင်းဘေး၌ ဒူးထောက်ယင်း ရီဝေသောမျက်လုံးများဖြင့် ငေးကြည့်နေ၏။

သေဆုံးသွားသူ တစ်ယောက်သည် ဘယ်သော အခါမှ အသက်ပြန်ရှင်သန်လာနိုင်တော့မည် မဟုတ်ပေ။

ဝမ်းလိသည် ကော်ဂင်းစု၏ အလောင်းကို ကြည့်ရင်း ရုတ်တရက် တစ်ချိန်ကသူနေထိုင်ခဲ့သော ဂေဟာ၏ ဧည့်ခန်းကြီး နံရံပေါ်၌ ရေးသားသော စာလုံးများကို မြင်ယောင်လာသည်။

ထိုစာလုံးများမှာ သူ၏သစ္စာစကားများဖြစ်သည်။

သူ၏သစ္စာစကားမှာ....

'ကျွန်ုပ်၏ဓားဖြင့် မည်သူမျှ အသက်မသေစေရပါ'

ဟူ၍ ဖြစ်သည်။

ရုတ်တရက်....

ဝမ်းလိမျက်ဝန်းအစုံမှ မျက်ရည်များစီးကျလာလေတော့သည်။

• • •

နေဝန်းနီမှာ အခနေခက်ဘက်တွင် ငုတ်လျှိုး ပျောက်ကွယ်သွားတော့မည်ဖြစ်သည်။

နွားကျောင်းသားအချို့သည် နွားများကို အော်ဝေါ်ကာ မောင်းနှင်လာနေကြသည်။

ပြေးလွှား သွားသော နွားများကြောင့် ဖုန်တထောင်းထောင်းထသွားလေသည်။

အာဝေးမှခေတးသံများ ကြားလိုက်ရသည်။

ကျင်းကျင်းက အဝေးဆီသို့ ငေးမော ကြည့်နေသောသားဖြစ်သူ ကောင်းဖုး၏ပခုံးကိုသိုင်းဖက်လိုက်သည်။

'မိုးချုပ်ခတော့မယ် မေမေတို့ပြန်ကြပါစို့'

ကောင်းဖုးက မိခင်ဖြစ်သူကိုမော့ကြည့်လာသည်။

'မေမေ'

'ဟင်'

'ဖေဖေ ဘယ်တော့ပြန်လာမှာလဲဟင်'

ကျင်းကျင်းပြုံးလိုက်သည်။

'ပြန်လာမှာပေါ့သားရယ်'

'ဖေဖေသွားတာ ကြာပြီနော်'

'ဩော်...သားရယ်'

'ဖေဖေက ဘာကြောင့် ဒီလောက်အကြာကြီး သွားရတာလဲဟင်'

ကျင်းကျင်း မသိမသာသက်ပြင်းချလိုက်၏။

'အလုပ်ကိစ္စရှိလို့ပေါ့ သားရယ် ကိစ္စပြီးတာနဲ့ ပြန်လာမှာပါ၊ မေမေတို့ဆီကို ဆက်ဆက်ရောက်အောင် ပြန်လာ ပါ့မယ်လို့

သနားဖေဖေက ကတိပေးသွားခဲ့တယ်ဆိုလေ၊ ကဲ....မှောင်လာပြီ မေမေတို့အိမ်ပြန်ကြစို့နော်'

ကောင်းဖုန်းခေါင်းညိတ်လိုက်သည်။

သား၊အမိနှစ်ယောက်မှာ အဝင်လမ်းကိုကျောခိုင်းလိုက်ကြသည်။

သူမတို့၏အိမ်ကလေးဆီသို့ ဦးတည်လိုက်ကြသည်။

တစ်ယောက်သတ် တစ်ယောက်ဆွဲကာ ကမ္ဘာ့ရွှေ့ ထွေ့ ခွာသွားကြသည်။

တကယ်၍....

ကောင်းစုသည် သူတို့ထံသို့ ဘယ်သောအခါမှ ပြန်လာနိုင်တော့မည်မဟုတ်ကြောင်း သိခဲ့ကြမည် ဆိုပါလျှင်....

* * *

Scanned with ACE Scanner

မြေဘီလူး

---

ရွှေနဂါးစားတော်ဆက်....

ရွှေနဂါးစားတော်ဆက်သည် အလွန် နာမည်ကြီးသော စားတော်ဆက်တစ်ခုဖြစ်သည်။

အကောင်းစား ဟင်းလျာများ၊ ထိတ်တန်း အရက်များ ရနိုင်သည့်အပြင်....

ချောမောလှပသော မိန်းကလေး များ၏ ပြုစုယုယမှုဖြင့် အရသာခံကာ စားသောက်နိုင်သောသဖြင့် ငွေကိုရေလိုသုံးနိုင်သူများ ကြားတွင် ထင်ရှား ကျော်ကြားနေခြင်း ဖြစ်လေသည်။

ယနေ့....

Scanned with ACE Scanner

ရွှေနဂါးစားတော်ဆက်သို့ အပြာရောင် ပိုးဖဲအင်္ကျီ ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် ရောက်ရှိ လာလေတော့သည်။

ထိုလူရွယ်ကို မြင်လျှင် ဆိုင်လုလင်များသည် လာနေကျဖောက်သည်မဟုတ်ဘဲ သူစိမ်းဧည့်သည် ဖြစ်ကြောင်း၊ ငွေတတ်နိုင်သူဖြစ်ကြောင်း အကဲခတ်မိလိုက်သည်။

လူငယ်ကလည်း ဈေးအကြီး၊ဆုံး ဟင်းလျာ ဆယ်မျိုးနှင့် ထိပ်တန်းအရက်များမှာကြားသည်။

သူ့အား လိုလေသေးမရှိဘဲ ပြုစုနေကြသည့် ဆိုင်လုလင်များကို ဆုငွေပေးလေသည်။

ယခုနှုအဖို့....

လူရွယ်သည် ရွှေနဂါးစားသောက်ဆိုင်အတွက် အကောင်းဆုံး ဧည့်သည်ဖြစ်သွားလေသည်။

ဆိုင်လုလင်များ၏ လမ်းညွှန်မှုဖြင့် မိန်းမချော လေးများရောက်ရှိလာကြသည်။

လူရွယ်အနီးဦး ဝိုင်း၊ဖွဲ့ထိုင်ကာ ပြုစုယုယ ကြသည်။

လူရွယ်မှာ သူ့အားဂရုစိုက်ပြီး ပြုစုယုယသည်ကို အလွန်သဘောကျပုံရလေသည်။

ငွေကို နှမြောတွန့်တိုခြင်း မရှိဘဲ အထပ်လိုက် အထပ်လိုက်ထုတ်ကာ ဆုငွေအဖြစ်ပေးကမ်းသည်။

လူရွယ်သုံးဖြုန်းပုံကိုမြင်လျှင် ဆိုင်ရှင်က ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ တီးတိုးပြောလိုက်သည်။

'မြေခွ ရှိချိဆီကိုသွား၊ လူနှစ်ယောက်လောက်လွှတ်လိုက်ပါလို့ ပြောလိုက်'

ဆိုင်လုလင်သည် မိန်းကလေးများက ပြုစုယုယမှုကို ခံယူကာ ပျော်တပြုံးပြုံးဖြစ်နေသော လူရွယ်ကို လှမ်းကြည့်လိုက်ပြီး ဆိုင်ထဲမှ ခပ်သုတ်သုတ်ထွက်သွားလိုက်လေသည်။

* * *

ညဉ့်နက်ပြီဖြစ်သည်။

လမ်းပေါ်တွင် လူသွားလူလာရှင်းသွားသည်။

ရွှေနဂါးစားသောက်ဆိုင်၌လည်း ဆိုင်ထဲဝင်သူ မရှိမဟုတ်ဘဲ ဆိုင်ထဲမှ ထွက်လာသူများသာ တွေ့ရသည်။

ရွှေနဂါးစားသောက်ဆိုင်နှင့် မလှမ်းမကမ်းရှိအမှောင်ရိပ်ဖြစ်နေရာ၌လူနှစ်ယောက် ရှိနေကြပါသည်။

ထိုလူနှစ်ယောက်သည်....

ခန္ဓာကိုယ် သန်မာထွားကြိုင်းလှသည့် လူသန်ကြီးများဖြစ်ကြသည်။

မျက်လုံးပေါက်ကျဉ်းကျဉ်း၊ မျက်ခုံးတောင်ခမုံးခမုံး၊ မျက်နှာထူအမ်းအမ်းဖြင့်....

ကောက်ကျစ်စဉ်းလဲကာ ရက်စက် ကြမ်းကြုတ်မည့် သူ

များဖြစ်ကြောင်းဆင်ရှားနေသည်။

ထိုလူနှစ်ယောက်မှာ လူဆိုးလူမိုက်ခေါင်းဆောင်မြေခွေး ရှိချီ၏လူများဖြစ်ကြသည်။

မြေခွေးရှိချီနှင့်ရွှေနဂါးစားသောက်ဆိုင်ပိုင်ရှင်တို့သည် နက် ဆပင်အဆက်အသွယ်ရှိကြသည်။

လာစားသောက်ပြီး ငွေကိုရေလိုသုံးနိုင်သူ မျက်နှာ စိမ်းများတွေ့ပါက ဆိုင်ရှင်က မြေခွေးရှိချီကို တိတ်တဆိတ် အကြောင်းကြားသည်။

မြေခွေးရှိချီက သူ၏လူများကိုလွှတ်ကာ လုယက်ခိုင်းလေ့ ရှိသည်။

လုယက်၍ ရသည့် ငွေထဲမှ ဆိုင်ရှင်ကို ဝေစု ခွဲပေးရလေ့ ရှိသည်။

သူတို့ ထိုသို့ မကြာခဏပြုလုပ်ခဲ့ကြ ဖူးလေသည်။

ယနေ့လည်း....

ငွေသုံးနိုင်သည့် မျက်နှာစိမ်း လူငယ်အကြောင်းကိုဆိုင်ရှင် က သတင်းပေးသဖြင့်....

လုယက်ဖို့ မြေခွေးရှိချီ၏လူများဖြစ်ကြသော လူသန်ကြီး နှစ်ယောက်တို့ လာရောက်စောင့်ဆိုင်း နေကြခြင်း ဖြစ်လေ သည်။

မကြာပါချေ။

လူရွယ်သည် ဆိုင်ထဲမှ ဒယီးဒယိုင်ဖြင့်ထွက်လာသည်ကို တွေ့ရလေသည်။

လူသန်ကြီးနှစ်ယောက် စောင့်ကြည့်နေကြသည်။

လူရွယ်က တေးသီချင်းတစ်ပုဒ်ကိုညည်း၍ လှမ်းလာရင်း လူသန်ကြီးနှစ်ယောက်အနီးသို့ ရောက်လာ၏။

လူသန်ကြီးနှစ်ယောက်က အမှောင်ရိပ်ထဲမှ ခုန်ထွက်လာကြသည်။

လူရွယ်၏ ဝဲယာတစ်ဖက်တစ်ချက်မှ နေရာယူလိုက်ကြပြီး နောက်....

'မင်းကိုကြည့်ရတာ တော်တော်ပျော်သာပုံ ရတယ်'

လူရွယ် ရယ်မောလိုက်သည်။

'ဟုတ်လိုက်လေဗျာ၊ အရက်ကလဲကောင်း၊ စားစရာအလဲ ကောင်း၊ မိန်းကလေးတွေကလဲ ချောချောလေးတွေဆိုတော့ ဘာပြောကောင်းပါမလဲဗျာ'

လူသန်ကြီးတစ်ယောက်က....

'ဘာပဲပြောပြော.... မင်းရဲ့ငွေ အတော်ကုန်သွားခဲ့တာပဲ မဟုတ်လား'

လူငယ်က ပေါ့ပျက်ပျက်လေသံဖြင့်....

'ငွေကုန်တာ မျှား ဘာဆန်းလို့လဲဗျာ၊ ငွေဆိုတာ သုံး ဖြုန်းပစ်ဖို့ပဲ မဟုတ်လားဗျ'

'သိပ်မှန်တာပေါ့၊ ကဲ.... မင်းအိတ်ထဲမှာ ပါသမျှထုတ် လိုက်စမ်း'

လူရွယ်က အရယ်မပျက်ဘဲ....

'ကျုပ်ဆီက လုယူကြမလို့လားဗျ'

လူသန်ကြီးတစ်ယောက်က....

'အော…ကောင်းကောင်း ပေးချင်ရင် ပေး၊ သေသွားမယ်၊ ဘာစမှတ်သလဲ'

လူရှယ်က ကြောက်ရွံ့သောဟန်ဖြင့်…

'အမလေး…ကြောက်စရာကြီးပါလား'

လူသန်ကြီးက သဘောကျစွာဖြင့်…

'ပေးရင်ပေး၊ မပေးရင် သတ်ပစ်မယ်၊ ကဲ…မြန်မြန်ထုတ်စမ်း'

လူရှယ် ခေါင်းညိတ်လိုက်၏။

'ပေးပါတယ်၊ ရပါတယ်'

ပြောရင်း အင်္ကျီသတ်ထဲ လက်နှိုက်လိုက်သည်။

လက်ကို ပြန်၍ထုတ်လိုက်သောအခါ…

ငွေပါလာသော လက်သီးဆုပ်လျက်သား ပါလာပြီး လူသန်ကြီး နှစ်ယောက်၏မျက်နှာကို ပင့်ထိုးလိုက်၏။

'ခွပ်ခွပ်'

လူသန်ကြီးနှစ်ယောက် ပက်လက်လန်သွားသည်။

'တောက်'

'မင်းကများ ငါတို့ကိုထိုးရဲတယ် ဟုတ်လား'

လူသန်ကြီးနှစ်ယောက် ဒေါသတကြီးကြုံးဝါး၍ လူးလိမ့်ထလိုက်ကြ၏။

လူရှယ်ကို စိစိညက်ညက် အမှုန့်ချေပစ်ရန် ဟန်ပြင်လိုက်ကြသည်။

သို့သော်

သူတို့လဲကျသွားပြီး ပြန်ထလိုက်ကြသည့် ယစ်ဒဂ်အချိန် အတွင်း၌ လူရှယ်မှာ ပျောက်ချင်းမလှ ပျောက်ကွယ်သွား၏။

လူသန်ကြီး နှစ်ယောက် မျက်လုံးပြူးသွားကြ၏။

'ဒီကောင် ဘယ်ရောက်သွားတာလဲ'

ပတ်ဝန်းကျင်၌ ရှာကြည့်လိုက်သည်။

လူရှယ်၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ပါ။

လူရှယ်သည် မျက်လှည့်ပြလိုက်သလို ပျောက်ဆုံးသွားပြီ ဖြစ်လေသည်။

လူသန်ကြီးနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လှည့်ကြည့်လိုက်ကြ၏။

ထို့နောက်....

ဟိုကြည့်သည်ကြည့် အူကြောင်ကြောင်ဖြင့် ထွက်ခွာသွားကြလေတော့သည်။

* * *

မြို့စွန်တွင် အဆောက်အဦးကြီးတစ်ခု ရှိသည်။

ထိုအဆောက်အဦးကြီးမှာ မြေခွေး ရှိချိဆိုသူ ပိုင်ဆိုင်သည့် အဆောက်အဦး ဖြစ်လေသည်။

မြေခွေးရှိချိသည် လူဆိုးလူမိုက်ခေါင်းဆောင် ဖြစ်သည်နှင့်အညီ တပည့်တပန်းပေါများပြီး အလွန်ဆိုးမိုက်သူ ဖြစ်လေသည်။

မည်မျှ ဆိုးမိုက်သနည်းဆိုလျှင် သူ၏ခန္ဓာကိုယ်ပေါ်တွင် လက်ညှိုးထိုး မလွဲအောင်ရှိနေသည့် အမာရွတ်များက သက်သေခံလျက် ဌ၏။

မြေခွေးရှိချိ၏ အဆောက်အဦးရှေ့ကို လူသန်ကြီး နှစ်ယောက် ရောက်ရှိလာသည်။

သူတို့သည် သစ်ပင် တစ်ပင်အောက်မှ ဖြတ်ကျော်လိုက်သောအခါ....

'ရပ်လိုက်၊ ဘယ်သူလဲ'

မေးမြန်းသံ ထွက်ပေါ်လာသည်။

လူသန်ကြီးတစ်ယောက်က....

'ဟေ့ကောင်တွေ....ငါတို့ပါကွ၊ ဒီလောက်ကိုယ်လုံးကြီးတွေ မြင်ရတာတောင် မမှတ်မိတော့ဘူးလား'

အမှောင်ထဲမှ ခေါးကိုင်ထားသူသုံးယောက် ထွက်လာကြပြီး....

'လက်စသပ်တော့ ကျွဲညီနောင်တို့ကိုး၊ ဘယ်လိုလဲကွ အဆင်ပြေလာကြတယ် မဟုတ်လား'

ခေးသမားတစ်ယောက်က မေး၏။

ကျွဲညီနေခင်ဆိုသည့် လူသန်ကြီးနှစ်ယောက်မှာ ရွှေနဂါးစခန်းသောက်ဆိုင်သို့ ရောက်နေသည့် မျက်နှာစိမ်းတစ်ကောက်အား သွားရောက် လုယက်ခဲ့ခြင်းဖြစ်ကြောင်း မြေခွေးရိုချို၏ လူအားလုံးက သိထားကြလေ၏။

ကျွဲညီနေခင်အနက် အကြီးဖြစ်သူက....

'အဆင်ပြေတာ မပြောနဲ့၊ ကံကောင်းလို့ အသက်ပါလာတာ၊ ထွီ....လျှင်လိုက်တဲ့ကောင်'

ဟူ၍ မကျေမနပ်နှင့် ပြောလာ၏။

ခေါင်းကိုင်ထားသူ တစ်ယောက်က....

'ဒါဆို မင်းတို့ ခံလာရပြီးပေါ့'

ကျွဲလေး ခေါင်းညိတ်လိုက်၏။

'အေး....ဟုတ်တယ်၊ အဲ့ဒါ ဘာဖြစ်သလဲ'

သူက ဒေါသတကြီးဖြင့် ပြန်မေးလိုက်၏။

ခေါင်းကိုင်ထားသူ ပြုံးလိုက်၏။

'ဘာမှမဖြစ်ပါဘူးကွာ၊ ဆရာကြီးက မင်းတို့ကိုစောင့်နေတယ်၊ သွားတွေ့လိုက်၏။

ထိုညီနောင်က ကပျာကယာ အဆောက်အဦးအတွင်းသို့ ဝင်သွားဦး'

အဆောက်အဦးအတွင်းတွင် ကျန်သည့် အခန်းများမှာ အမှောင် ချထားသော်သည်း အခန်းတစ်ခုက မီးလင်းနေပါသည်။

မြေခွေးရိုချို၏ အခန်းဖြစ်၏။

ထိုညီနောင်မှာ မဝံ့မရဲဖြင့် ခေါင်းငုံ့ကာ အခန်းတွင်းသို့ ဝင်သွားကြသည်။

အခန်းထဲ ရောက်သည်နှင့်....

'ဘာလိုလဲဟေ့၊ အဆင်ပြေစေကြလား'

မေးသံပေါ်လာ၏။

မြေခွေးရှိုချီ၏ အသံဖြစ်သည်။

ထိုညီနောင်မှာ ခံလာရသဖြင့် ခေါင်းမဖော်ဝံ့ကြချေ။

မြေခွေးရှိုချီက....

'ဟေ့ကောင်တွေ ငါမေးနေတယ်လေ အဆင်ပြေလာကြတယ်မဟုတ်လား'

ကျွဲကြီးက အလစ်ယစ် အငေါ့ငေါ့ဖြင့်....

'မ....မပြေပါဘူးဆရာ'

'ဘာကွ'

မြေခွေးရှိုချီ ဒေါသတကြီး အော်လိုက်၏။

သူက မဝံ့မရဲဖြင့်....

'ဒီကောင် မခံဘူး'

'မင်းတို့ ခံလာရပြီပေါ့ ဟုတ်လား'

'ဟုတ်...ဟုတ်ပါတယ်'

'နေစမ်းပါဦး၊ မင်းတို့နှစ်ယောက်က ဘာမဟုတ်တဲ့ လူတစ်ယောက်ကိုတောင် မနိုင်တော့ဘူးလား'

ကျွဲလေးက....

'ဒီကောင်လေးက ဘာမဟုတ်တဲ့ကောင်လေး မဟုတ်ပါဘူး၊ အတော်ဟုတ်တဲ့ကောင်လေးပါ'

သူကလည်း....

'ဟုတ်ပါတယ်၊ ကျုပ်တို့ကို ထိုးကြိတ်ပြီး ဘယ်ရောက်သွားမှန်း မသိတော့ပါဘူး၊ မှင်စာလေးတစ်ကောင်လို တောင်ထင်ရတယ်'

ဟူ၍ ဆော့တ်ခံပြောဆိုလာသည်၊

သူတို့သည် လူကောင်ကြီးပြီး ဥာဏ်မရှိသော လူ့ဗလံများဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါသည်၊

ထိုစဉ်....

'ဟား ဟား ဟား'

ရယ်မောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရယ်သံကြောင့် သူတို့ညီနေစဉ် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်၊

ထိုရယ်သံမျိုး သူတို့ကြားဖူးထားကြသည် မဟုတ်ပါလား။

ချက်ချင်း ခေါင်းမော့ကြည့်ကြ၏၊

ထိုအခါ....

မြေခွေးရိုးချို ထိုင်နေကျထိုင်ခုံတွင် အခန့်သား ထိုင်နေသူကိုတွေ့ရသည်၊

ထိုလူမှာ သူတို့ကို ထိုးကြိတ်သွားသော လူရွယ်ပင်ဖြစ်ပါတော့သည်၊

လူ သန်ကြီးနှစ်ယောက် ဒေါသထွက်သွားကြ၏၊

'ဟင်၊ မင်း....မင်း'

'မင်းက ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာလဲ'

ဟုရေရွတ်လိုက်ကြသလို ချက်ချင်းဟိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

မြေးခွေးရိုချိုက....

'မင်းတို့နှစ်ယောက် ဘာဖြစ်နေကြတာလဲ၊ သေချင်ကြဖို့ထင်တယ်'

ဟုအော်ငေါက်လိုက်မှ ကိုယ်ရှိန်သတ်ကြသည်။

လူရွယ်က ပြုံးလိုက်ပြီး....

'သူတို့က ကျုပ်ကို စားသောက်ဆိုင်အထွက်မှ လုယက်ဖို့ကြိုးစားခဲ့ကြတာပေါ့'

'ဟင်'

မြေခွေးရိုချို တအံ့တဩဖြစ်သွားသည်။

ပြီးမှ....

သဘောကျစွာ ရယ်မောလိုက်လေ၏။

'ဟား၊ ဟား ဟား၊ ဖြစ်မှဖြစ်ရပေတယ် ဒီလိုဗျ'

ဆိုင်ပိုင်ရှင် အကြောင်းကြားသဖြင့် ငွေကို ရေလိုဖြုန်းနိုင်သူ မျက်နှာစိမ်းလူရွယ်တစ်ယောက်ကို လုယက်ဖို့ မိမိက သူတို့ညီနောင်အား လွှတ်လိုက်သည့်အကြောင်း ရှင်းပြလိုက်လေသည်။

လူရွယ်က....

'ဒါဖြင့် ကျုပ်ကလက်သီးတစ်ချက်စီထိုးပြီး ဆုံးမမိတာပဲ ကံမကောင်းတယ်၊ နို့မဟုတ်ရင် ခင်ဗျားလူနှစ်ယောက် မလွယ်ဘူး'

ထိုစကားကြောင့် လူသန်ကြီးနှစ်ယောက် ခံပြင်းသွားကြပြန်သည်။

သူတို့၏ခေါင်းဆောင် မြေခွေးရိုချိုနှင့် ထိုလူရွယ် မည်သို့ ပတ်သက်နေသည်ကိုလည်း စဉ်းစားမရကြချေ။

'ကျညှိနောင် သူ့ကိုအရိုအသေပြုကြစမ်း'

ဟူ၍ အမိန့်ပေးလိုက်လေသည်။

သူတို့ညီနောင်ပို၍ မကျေမနပ်ဖြစ်သွား၏။

သူက မင်းတို့ကိုညွှာလိုတ်လို့ အသက်ချမ်းသာရ ရနေ တာ ဘာမှတ်သလဲ'

မြေခွေးရိုချိုက အော်ငေါက်လိုက်သည်။

လူရွယ်က သဘောကျစွာဖြင့်....

'ကျုပ်ကို လာပြီး လုယက်ကတည်းက ဒီမြို့မှာဆိုရင် ခင်ဗျားလူတွေပဲ ဖြစ်နိုင်တယ်ဆိုတာတွေးပြီး တမင်ညှာလိုက် တာဘဲဗျာ'

စကားဆုံးလျှင် ရယ်မောနေပြန်သည်။

သူတို့ညီနောင် ဝေခွဲမရဖြစ်နေစဉ် မြေခွေးရိုချို၏ အော် ငေါက်သံ ထွက်ပေါ်လာသည်။

'ဟေ ....မင်းတို့ညီနောင် ဘာလုပ်နေကြသလဲ၊ မြေဘီလူး ကို ဂါရဝပြုလိုက်လေ'

သူတို့ညီနောင်၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။

ယခု....

သူတို့ညီနောင်သည် အခြေအနေမှန်ကို သဘောပေါက် သွားကြပုံဖြစ်၏။

Scanned with ACE Scanner

သိုင်းမသာကတွင် စင်ကျန်နယ်မှ ဘီလူးလေးဖော်သည် အလွန်ကျော်ကြားလျက်ရှိကြပေသည်။

ယူတို့ထက်ပို၍ သိုင်းပညာတော်သော ပို၍မိုက်မဲ့ပြီး ရက်စက်ကြမ်းကြုတ်သော မြေဘီလူးနှင့်မှ ကြုံတွေ့ရသည်မဟုတ်ပါလား'

သူတို့ညီနောင် တုံ့ဆိုင်းမနေဝံ့ကြတော့ပါ။

ချက်ချင်းပင် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ယင်း....

'မြေဘီလူးကို ဂါရပြုပါတယ်'

ဟူ၍ ပြောလိုက်၏။

လူရှည်(၁၁) မြေဘီလူးကား သဘောကျစွာရယ်မောနေ၏။

မြေခွေးရှိချီ လက်ဝှေ့ယမ်းပြလိုက်၏။

'မင်းတို့သွားကြတော့'

အမိန့်ပေးလိုက်လျှင် သူတို့ညီနောင်မှာ ဒရောသောပါး ထွက်သွားကြတော့သည်။

*  *  *

Scanned with ACE Scanner

သဟာင်း

---

ကျွဲညီနောင်ထွက်သွားကြပြီဖြစ်သည်။

အခန်းတွင်း၌ မြဘဇီလူးနှင့်မြေးခွေးရိုချိုတို့နှစ်ယောက်သာလျှင် ကျန်ရစ်ခဲ့သသည်။

ထိုအခါ၌

'မြဘဇီလူး ခင်ဗျား၊ ကျုပ်ဆီလာခဲ့တာ အကြောင်းရှိမယ်ထင်တယ်'

ရိုချိုက သွားတိုးစမ်းသလိုမေး၏။

မြဘဇီလူး ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ရိုချို အံ့သြဟန်ဖြင့်

'ဘယ်လို အကြောင်းတွေများလဲ ပြောပါဦးဗျာ'

မြေဘီလူးက

'စစ်ကျန်နယ်မှ ဘီလူးလေးဖော်ရှိတယ်ဆိုတာ ခင်ဗျား သိတယ်နော်'

ရိုချီ ခေါင်းညိတ်လိုက်၏။

'သိတာပေါ့ဗျာ ကျုပ်အပြင် သိုင်းလောကက တစ်ခုလုံးလဲ သိကြတာပါပဲဗျာ'

မြေဘီလူး သက်ပြင်းတစ်ချက်ချကာ

'ကျုပ်တို့ လေးယောက်ထဲက အငယ်ဆုံးဖြစ်တဲ့ သွေးဘီလူးက ပြည်မကိုထွက်လာပြီး ဘာသတင်းမှမကြားရပဲပျောက်ဆုံးနေတယ်'

'ဟင်'

ရိုချီ အံ့ဩသွား၏။

ဘီလူးလေးဖော်သည် သိုင်းပညာတော်သလို ကြောက်စရာကောင်းသူများလည်းဖြစ်ကြ၏။

မြေဘီလူးက ရိုချီကိုကြည့်ကာ

'ကျုပ်က သွေးဘီလူး အကြောင်းစုံစမ်းဖို့ လိုက်လာခဲ့တာပါ'

ရိုချီ ရင်ထိတ်သွား၏။

သွေးဘီလူးပျောက်ဆုံးနေပြီး စုံစမ်းရန် မြေဘီလူးက သူ့ထံသို့ ရောက်လာ၏။

ထိုကိစ္စသည် ဝမ်းသာစရာကောင်းသော ကိစ္စတစ်ခုမဟုတ်ကြောင်း နားလည်ထား၏။

Scanned with ACE Scanner

ရှိချိက မြေဘဝီလူးကို အကဲခတ်ကြည့်လိုက်ပြီး ပွင့်ပွင့်လင်းလင်းပြောလိုက်၏။

'ဒီကိစ္စ ကျုပ်နဲ့ ဘယ်လိုမှ မပတ်သက်ဘူးထင်တယ်'

သူက ဘဝီလူးလေးဖော်နှင့် ပြဿနာဖြစ်ဖို့ ဘယ်တုန်းကမှ စိတ်မကူးသူဖြစ်၏။

မြေဘဝီသူး ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ် မပတ်သက်ပါဘူး၊ ဒါပေမယ့် ပတ်သက်နေသူ တစ်ယောက်အကြောင်း စုံစမ်းချင်လို့ ခင်ဗျား ဆီကို လာခဲ့တာပါ'

ရှိချိ မျက်ခမှေ့င်ကုတ်လိုက်၏။

'ဘယ်သူကများ ပတ်သက်နေလို့လဲ'

မြေဘဝီလူးက

'မုတ်ဆိတ်ပါ'

'ဗြော်'

'ခင်ဗျားက သူ့ကိုသိတယ် မဟုတ်လား'

ရှိချိ ခေါင်းညိတ်လိုက်၏။

'သိပါတယ်၊ နေရာတယ်ဝင်ရှုပ်တဲ့ လူပေါ့ ဘာသတ္တိမှ မရှိဘဲ လူမိုက်လုပ်ချင်တဲ့ သူပေါ့'

သူက ပြုံးလိုက်၏။

'မုတ်ဆိတ်ဟာ ကျုပ်ညီ သေ့ဘဝီလူးရယ်၊ ကျဳီကန်းရယ် သူတို့နှစ်ယောက်ကို အလုပ်ကြီးတစ်ခု လုပ်စရာ ရှိတယ် ဆိုပြီး ခေါ်သွားသယ်လို့ သတင်းရလို့ ကျုပ်က မုတ်ဆိတ်

နဲ့ တွေ့ချင်တယ်၊ အဲ့ဒါ ခင်ဗျားဆီမှာ အကူအညီလာခွင့်တောင်းတာပါ'

ရိုချီမျက်နှာ ပြုံးရွှင်သွား၏။

မြေဘာလူးကိုစွသည် သူနှင့်စို စဉ်းမျှပတ်သက်နေခြင်း မရှိသဖြင့် စိုးရိမ်ပူပန်စရာမလိုတော့ချေ။

လူက အကူအညီပေးနိုင်လျှင် မျက်နှာရဦးမည် ဖြစ်လေသည်။

ထို့ကြောင့်....

'ကျုပ်မှာ အဆက်အသွယ်တွေရှိပါတယ်၊ သုံးရက်အချိန်ပေးပါ၊ မုတ်ဆိတ်ဘယ်မှာရှိဘယ်ဆိုတာ ရအောင်စုံစမ်းပေးပါ့မယ်'

မြေဘာလူးက

'သုံးရက်တောင် စောင့်ရမယ်ဟုတ်လား'

စိတ်ပျက်လို ညည်းညူလိုက်၏၊

ရိုချီက

'ကျုပ်ယ သေချာအောင် ပြောတာပါ၊ ဒီထက်စောချင်လဲ စောပါလိမ့်မယ်၊ ခင်ဗျားစောင့်နေရတဲ့ ရက်တွေမှာ မပျင်းမရိရအောင် ရွှေနဂါးစားသောက်ဆိုင်ပိုင်ရှင်ကို ကျုပ် မြှောထားလိုက်ပါ့မယ်'

ဟု ပြောလိုက်၏။

ရွှေနဂါးစားသောက်ဆိုင်ဟူသော အမည်ကို ကြားရလျှင် မြေဘာလူး၏ မျက်နှာပြုံးရွှင်သွား၏။

'အင်း ဒါဆိုယင်တော့မဆိုးဘူး၊ အဲဒီဆိုင်က မိန်းမလေး တွေက အတော်ကို ချောလှတာပဲဗျ'

ရှိချီ ရယ်မောလိုက်၏။

'စိတ်ချ ခင်ဗျားစိတ်တိုင်းကျဖြစ်စေရမယ်'

ဆုံးသွမ်းလှသော ဘဝလူးလေးဖော်တွင် သွေးဘဝလူး သည် ငွေမက်သူဖြစ်၏။

မြေဘဝလူးမှာ မိန်းမပွေသူဖြစ်၏။

* * *

ရှိချီက ကတိတည်ပေသည်။

မြေဘဝလူးသည် ရှေနေ၁ါးစားသောက်ဆိုင်အပေါ်ထပ်ရှိ အခန်းတစ်ခန်းတွင် တည်းခိုနေထိုင်ခဲ့လေ၏။

သူ့အတွက် အရက်၊ စားသောက်ဖွယ်ရာများနှင့် ပြုစုယုယ မည့် မိန်းမချောလေးများမှအစ လိုလေသေးမရှိ ပြည့်စုံနေခဲ့ သည်။

ထို့ကြောင့်....

သုံးရက်ဟူသော အချိန်မည်သို့ ကုန်ဆုံးသွားသည် ကိုပင် မြေဘဝလူးမသိလိုက်တော့ချေ။

မည်သို့ဆိုစေ

သုံးရက်ပြည့်သောနေ့တွင် ရှိချိထံသို့ရောက်သွားလေ သည်။

* * *

မြဘာမီလူးရောက်လာသောအခါ ရှိချိက ဆီးကြိုနေခဲ့လေ သည်။

မြဘာမီလူးက....

'အခြေအနေဘယ်လိုလဲ'

ဟူ၍ မေးလိုက်၏။

ရှိချိ ခေါင်းညိတ်လိုက်၏။

'သတင်းရထားပြီးပါပြီ'

မြဘာမီလူး မျက်လုံးများတောက်ပလာ၏။

'ပြောပါဦး'

'မှတ်ဆိတ်ဟာ တစ်ခုခုကို ကြောက်လန့်ပြီး ပုန်းနေတယ် သူဟာ ပွဲပေါက် တိုးထားတဲ့ ပုံလဲရတယ်၊ ခိုးရာပါ ပစ္စည်း တစ်ချို့လာရောင်းလို့ ခြေရာခံမိတာပါ'

မြဘာမီလူး ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

Scanned with ACE Scanner

'ကျုပ်ညီ အကြောင်းကော ဘာများ ကြားသေးသလဲ' ရှိချီ ခေါင်းခါယမ်းလိုက်၏၊

'ဘာမှ မကြားပါဘူး'

'ကောင်းပြီ၊ အခုမုတ်ဆိတ်ဘယ်မှာရှိတယ်ဆိုတာကိုသာ ပြောပါ'

'သူဟာ'

ရှိချီက မုတ်ဆိတ်ဒိုအောင်းနေသည့် နေရာကို ပြောပြလိုက်သည်။

* * *

မီးခိုးကြွက်သွေးခက်

---

သုသာန်မြေ....

သုသာန်မြေမှာ တိတ်ဆိတ်ခြောက်သွေ့၍ နေသည်၊ မြေပုံမှတ်တိုင်များ ဟိုတစ်စု သည်တစ်စု ထိုးထိုးထောင်ထောင် ရှိနေသည်။

သုသာန်အလယ်မှ ဇရပ်ပျက်မှာ လေတိုက်ခတ်လာလျှင် တဂျွိကျွိ မြည်သံများ ထွက်ပေါ်လာ၏။

လူရှယ်တစ်ယောက်သည် လက်နှစ်ဖက်ကို နောက်ပစ်ကာ သုသာန်မြေထဲသို့ ဝင်ရောက်လာသည်။

ထိုလူရှယ်သည် ရှိချိုထံမှ ထွက်လာခဲ့သော မြေဘီလူးငယ် ဖြစ်၏။

မြေဘီလူးသည် ကျက်သရေမင်္ဂလာ ကင်းမဲ့လှလေသော သုသာန်မြေအတွင်းသို့ အေးအေးလူလူ ဝင်လာခြင်း ဖြစ်၏။

သူ၏အသွင်က အေးအေးဆေးဆေး ရှိနေသော်လည်း။ သူ၏မျက်လုံးများမှာ မတည်ငြိမ်ဘဲ ပတ်ဝန်းကျင်ကို အကဲခတ်၍ ကြည့်နေ၏။

မကြာပါချေ။

သုသာန်မြေ၏ အနောက်ဘက်မှ သစ်ပင်ကြီးတစ်ပင်ဆီသို့ အကြည့်ရောက်သွား၏။

ထိုသစ်ပင်ကြီးအောက်တွင် အိမ်တစ်လုံး ရှိနေလေသည်။

သုဘရာဇာနေထိုင်သော အိမ်ဖြစ်သည်။

မြေဘီလူးက ထိုအိမ်ကလေးဆီသို့ ခပ်သွက်သွက်လှမ်း၍ သွားလိုက်၏။

မြေဘီလူးသည် အိမ်ရှေ့သို့ရောက်လျှင်....

'အိမ်ရှင်တို့....အိမ်ရှင်တို့'

ဟူ၍ အသံပြုလိုက်၏။

သူ့အသံ ထွက်ပေါ်လာပြီး မကြာမမြင့်မှာ အိမ်ထဲမှ အသံဗလံအချို့ ကြားလိုက်ရလေသည်။

မြေဘီလူး နှုတ်ဆိတ်ထောင်လိုက်ပြီး သဘောပေါက်သွားဟန် ပြုံးလိုက်သည်။

ထိုစဉ်....

'ဘယ်သူလဲ'

အိမ်ထဲမှ အဘိုးအိုတစ်ယောက် ထွက်လာသည်ကို တွေ့ရလေသည်။

မြေဘီလူးက....

'ဒီလောင်းတစ်လောင်း မြေမြှုပ်ဖို့ မြေကျင်းတစ်ကျင်းလောက် တူးပေးနိုင်မလားဗျာ'

အဘိုးအိုက....

'ဘယ်တော့ မြှုပ်မှာလဲ'

မြေဘီလူးက....

'အခု'

အဘိုးအို လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

'ဟာ....အခုချက်ချင်းကြီးတော့'

အဘိုးအို၏ စကားမဆုံးမီ မြေဘီလူးက ငွေစက္ကူများကို အထပ်လိုက် ထုတ်ယူကာ....!

'ကျေးဇူးပြုပြီး တူးပေးပါဗျာ'

အဘိုးအိုအနီးသို့ ချဉ်းသွားကာ အဘိုးအို၏လက်ထဲသို့ ငွေစက္ကူများ ထည့်ပေးလိုက်၏။

အဘိုးအို မငြင်းနိုင်တော့ပါ။

'ကောင်းပြီလေ၊ တူးပေးရမှာပေါ့'

ချက်ချင်းပင်....

ပေါက်တူးနှင့် ဂေါ်ပြားများကို ယူလိုက်လေသည်။

မြေဘီလူးက....

'သင့်လျော်တဲ့နေရာသာ ရွေးတူးပါ၊ ရပါတယ်၊ ကျွန်တော် ဒီမှာအနားယူနေပါတယ်၊ ကျင်းတူးပြီးရင် ခေါ်လိုက်ပေါ့၊ လိုက်ကြည့်ပါ့မယ်'

အဘိုးအိုက....

'ရပါတယ်… ရပါတယ်'

ဟု ပြောကာ ခပ်သွက်သွက်ပင် ထွက်သွားလေသည်။

အမှန်တကယ်လည်း ထိုကိစ္စသည် အပန်းကြီးသောကိစ္စမျိုး မဟုတ်ပေ။

လုပ်ပေးရသည့် အလုပ်ဆက် အဆပေါင်းများစွာသော ငွေများရလိုက်သည် မဟုတ်ပါလား။

ထို့ကြောင့်

ငွေပေးသူကျေနပ်အောင် လိုက်လျောရဦးမည် ဖြစ်သည်။

အိမ်ထဲ၌ တိတ်တိတ်ဆိတ်ဆိတ် ရှိနေသည်။

ပျဉ်ချပ်အရှည်များ၊ အတိုများ၊ အခေါင်းများဖြင့် ရှုပ်ပွနေသည်။

အတိုးအိုမှာ အခေါင်းများလည်း ပြုလုပ်သူဖြစ်ကြောင်း ထင်ရှားနေပါသည်။

အိမ်ထဲ၌ အသင့်ပြုလုပ်ပြီးသား အခေါင်းသုံးလေးလုံးမျှ ရှိနေပါသည်။

တူများ၊ လွှများ၊ ဆောက်များနှင့် သံမှိုများကိုလည်း တွေ့ရသည်။

မြေဘီလူးက သံမှိုအချို့နှင့် တူတစ်လက်ကို ယူလိုက်၏။

အခေါင်းများကိုကြည့်ပြီး….

'လက်ရာမြောက်လိုက်တဲ့ အခေါင်းတွေ'

ဟု ရေရွတ်လိုက်၏။

ပြီးလျှင်….

အဖုံးဖုံးထားသော အခေါင်းတစ်လုံးအနီး ချဉ်းကပ်သွားလိုက်သည်။

'ဒီအခေါင်းက အကောင်းဆုံးပဲ'

တစ်ကိုယ်တည်း ရေရွတ်လိုက်၏။

အခေါင်းမှာ အသစ်စက်စက် ဖြစ်သည်။

အဖုံး ဖုံးထားသော်လည်း သံမှိုရိုက်ကာ မပိတ်ရသေးပါချေ။

မြေဘီလူးက....

'အခေါင်းတစ်လုံးကို သံမှိုရိုက်ပြီးပိတ်ရတာ မခက်ဘူးထင်တယ်'

ပြောပြောဆိုဆို အခေါင်းအဖုံးပေါ်သို့ သံမှိုများအား ထပ်၍ ရိုက်ချလိုက်၏။

'ဒုန်း....ဒုန်း....ဒုန်း'

ကျယ်လောင်သော မြည်သံများ ထွက်ပေါ်လာသည်၊

တစ်ခဏအတွင်းမှာပင်....

အခေါင်း၏အဖုံးကို ပိတ်ပြီးသား ဖြစ်သွားလေတော့သည်။

မြေဘီလူးက တူကိုကြမ်းပြင်ပေါ် ပစ်ချလိုက်၏။

ထို့နောက်....

'အဘိုးကြီးပြန်ရောက်လာရင် ဒီအခေါင်းကို အရင်ဆုံးမြေမြှုပ်ခိုင်းရမယ်'

ဟု ပြောလိုက်၏။

ဤတွင်....

'ဗုန်း....ဗုန်း....ဗုန်း'

အခေါင်းဖုံးကို ထုရိုက်သံနှင့်အတူ....

'ဟေ ....အခေါင်းဖုံး ဖွင့်ခဲ့ပေး'

အခေါင်းထဲမှ အောင်ပြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟား....ဟား....ဟား'

မြေဘီလူးက သဘောကျစွာ ရယ်မောလိုက်၏။

ထို့နောက်....

အခေါင်းပေါ် တက်ထိုင်လိုက်လေသည်။

'ဗုန်း... ဗုန်း'

'လာ....အခေါင်းတံခါးဖွင့်စမ်း'

အခေါင်းထဲမှာ အောင်ဟစ်သံများ ထွက်ပေါ် လာလေသည်။

'ဟား....ဟား....ဟား'

မြေဘီလူး အူလှိုက်သည်းလှိုက် ရယ်မော လိုက်လေတော့သည်။

'မုတ်ဆိတ် မင်း၏အခေါင်းထဲမှာ ဝင်ပုန်း နေတာလား ကွ....'

ဟူ၍ ပြောလိုက်သည်။

အခေါင်းထဲမှ....

'ခင်ဗျား ဘယ်သူလဲ'

အထိတ်တလန့် မေးမြန်းသံ ထွက်ပေါ်လာသည်။

မြွေဘီလူးက....

'ကျုပ်က မြွေဘီလူးပေါ့'

'ဘာဗျ'

'မင်းခေါ်သွားတဲ့ သေ့ဘီလူးရဲ့ အစ်ကိုလေ၊ ကဲ... အခေါင်းအဖုံးကို ငါဖွင့်ပေးမယ် မင်းထွက်ပြေးမလား'

'မပြေးပါဘူးဗျာ'

'ကောင်းပြီ'

မြွေဘီလူးက အခေါင်း အဖုံးပေါ်မှ ဆင်းလိုက်သည်။

တစ်ဆက်တည်းပင်....

အခေါင်းအဖုံးကို လက်ဖြင့် ဆွဲခွာလိုက်သည်။

'ချပ်'

အခေါင်းအဖုံး ပွင့်သွား၏။

ရုတ်တရက်....

အခေါင်းထဲမှ လူတစ်ယောက် ခုန်ထွက်လာ၏။

ထိုလူမှာ မုတ်ဆိတ်ပင် ဖြစ်လေတော့သည်။

* * *

မုတ်ဆိတ်မျက်စိပျက် မျက်နှာပျက်နေသည်။

သူတာ မြေဘီလူးအား လှည့်စား၍မရနိုင်၊ ကောင်းစွာ သဘောပေါက်လိုက်သည်။

မုတ်ဆိတ်ကိုကြည့်ကာ....

'ဟား....ဟား....ဟား'

မြေဘီလူးဟားတိုက်ရယ်မောလိုက်သည်။

မုတ်ဆိတ်က လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ် လိုက်လေ သည်။

'ကျုပ်တို့က အချင်းချင်းတွေပဲဗျာ လေးစားပါတယ်'

သူက ချိုသာသောလေသံဖြင့် ပြောလိုက်သည်။

မြေဘီလူးက....

'မင်းက ကျုပ်ကိုအချင်းချင်းလို့ သဘောထားမယ် ဆိုရင် ကျုပ်ရဲ့ညီ သေ့ဘီလူး ဘယ်မှာ ရှိတယ်ဆိုတာ ပြောပြရင် ကောင်းမယ်'

သူက အေးစက်စွာဖြင့် ပြောလိုက်သည်။

မုတ်ဆိတ်မျက်နှာပျက်သွား၏။

သို့သော်....

ချက်ချင်း ဣန္ဒြေဆယ်ကာ ခေါင်းခါယမ်း ပြလိုက်လေ သည်။

'ကျုပ် မသိပါဘူးဗျာ'

'ဘာကွ'

မြေဘီလူး ဒေါပွသွားသည်။

မုတ်ဆိတ်ငင့်သက်ရှိုက်လိုက်ပြီး....

'သူက ကျိုးကန်းနဲ့အတူ ကျုပ်နောက်ကို လိုက်လာတာ မှန်တယ် ပြည်မကိုရောက်တော့ စိတ်ပြောင်းပြီး ကျုပ်နဲ့လမ်းခွဲ သွားခဲ့ကြတယ်ဗျာ'

မြေဘီလူးက....

'သူတို့ ဘယ်ကိုသွားကြတာလဲ'

မုတ်ဆိတ် ခေါင်းခါ ယမ်းလိုက်သည်။

'ဒါတော့ ကျုပ်လဲမသိဘူး'

မြေဘီလူး မသိမသာ ပြုံးလိုက်သည်။

'သူတို့ ဘယ်သွားကြတတ်ဆိုတာ မင်းမသိပေမယ့် သူတို့ကိုတော့ မင်းသိမှာပေါ့'

'ဗျာ....'

မုတ်ဆိတ်ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

မြေဘီလူး မဲ့ပြုံးပြုံးလိုက်သည်။

'မင်းက သူတော်ဆီကို သွားတယ်ဆိုတော့ ပွ ပေါက်တစ်ခု တိုးနေပြီဆိုတာထင်ရှားပါပေါ့'

မုတ်ဆိတ်မျက်လုံးပြူးသွား၏။

'ကျုပ် ကျုပ်'

မုတ်ဆိတ်မည်သို့ ပြောရမှန်းမသိဖြစ်သွား၏။

မြေဘီလူး၏မျက်နှာ တည်ကြည်လေးနက်သွားလေတော့ သည်။

မုတ်ဆိတ်ကိုစိုက်ကြည့်လိုက်၏။

'မင်းငါ့ကို အမှန်အတိုင်းပြောပြရင်ကောင်းမယ်'

'ကျုပ်'

မုတ်ဆိတ် ထစ်ထစ်ငေါ့ငေါ့ဖြစ်နေ၏။

မြေဘီလူးက ပြောလိုက်၏။

'ကျုပ်ဘာကြောင့် ခုလောက်ထိစိတ်ရှည်နေရတာလဲဆိုတာ ကျုပ်ကိုကျုပ်တောင် အံ့သြနေတယ်'

မုတ်ဆိတ်သကဲပြင်းချလိုက်သည်။

'ကျုပ် အမှန်အတိုင်း ပြောပြပါ့မယ်ဗျာ'

'ဒီလိုမပေါ့'

မြေဘီလူးကျေနပ်သွား၏။

'ကောင်းပြီ ပြောပါ'

မုတ်ဆိတ်ကပြော၏။

'ဩဟာ'

ထို့နောက်....

မုတ်ဆိတ်က သွေးဘီလူးကြုံခဲ့ရပုံများကို ပြောပြလိုက်လေတော့သည်။

* * *

Scanned with ACE Scanner

'ခရေရှာသူကြီးက ကျုပ်အကြောင်းကို ရတနာခေါးမုယုဆီ မှာသွားပြီး တိုင်ပြောခဲ့ပါတယ်၊ ဒါကြောင့် ရတနာခေါးမုယု ကိုရှင်းပစ်ပြီးတဲ့အချိန်မှာ ကျုပ်တို့က ခရေရှာမှာသွားပြီး ထင်တိုင်ကျွခဲ့တာပဲဗျ....

'ရှင်းရှင်းပြောရမယ်ဆိုရင် တစ်ရွာလုံးကိုသတ်ပစ်ဖို့တောင် အစီအစဉ်ရှိခဲ့တယ်၊ ဒါပေမယ့် ရတနာခေါးမုယုရဲ့ သွေး သောက်ညီအစ်ကို ကောင်းစုရောက်လာလို့ အားလုံးဒုက္ခ ရောက်ခဲ့ကြရတာပါဘဲ'

မုတ်ဆိတ်က မကျေမနပ်ဖြင့်ပြော၏။

မြေဘီလူးက မုတ်ဆိတ်ကိုကြည့်ပြီး....

'ကျုပ်ညီကို ကောင်းစုက ဓားနဲ့ထောက်ပြီး သွေးကြော ပိတ်ပစ်ခဲ့တယ် ဟုတ်လား'

မေးလိုက်၏။

မုတ်ဆိတ်က ခေါင်းညိတ်လိုက်၏၊

'ဟုတ်တယ်'

မြေဘီလူးက....

'သွေးကြောပိတ်ခံထားရတဲ့ ကျုပ်ညီလေးဟာ ဒေါသ ထွက်နေကြတဲ့ ရွာသူရွာသားတွေရဲ့ လက်ထဲမှာဘဲ ကျရှော် သွားခဲ့ရတာပေါ့ ဟုတ်လား'

မေးလိုက်ပြန်၏။

'ဟုတ်....ဟုတ်တယ်'

မုတ်ဆိတ်သည် သွေးဘီလူး၏အဖြစ်ဆိုးကို မြင်ယောင်လာ ပြီး မျက်နှာပျက်သွားရလေ၏။

ရှစ်သူရှာသားများသည် သွေးဘီလူးကိုဝိုင်းပြီး အမဲဖျက်လိုက်ကြသည် မဟုတ်ပါလား'

'ဟူး'

စိတ်မသက်မသာဖြင့် လေပူတစ်ချက်မှုတ်ထုတ်လိုက်၏၊

သူသာ သွေးဘီလူးကဲ့သို့ကြုံတွေ့ခဲ့ရလျှင်ဟူသော အတွေးဖြင့် စိတ်မသက်မသာဖြစ်သွားခြင်းပင်၊

မြေဘီလူးက ရေရွတ်လိုက်၏၊

'ကျုပ်ညီရဲ့အဖြစ်က တွေးဝံ့စရာတောင် မရှိပါလားကွ'

မုတ်ဆိတ် ခေါင်းညိတ်လိုက်၏။

'ကျုပ်တို့အားလုံး ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးသွားခဲ့ကြပေမယ့် ကျန်ကျန်းနဲ့ သွေးဘီလူးတို့ကတော့ ကံဆိုးသွားပါတယ်ဗျာ'

ဟု ပြောလိုက်၏၊

မြေဘီလူးက မုတ်ဆိတ်အား အေးစက်စွာစိုက်ကြည့်လိုက်လေ၏။

'မင်းကတော့ ကံကောင်းသွားတယ်ပေါ့'

ဟု ပြောလေ၏၊

'ကျုပ်'

မုတ်ဆိတ်က ဆက်မပြောနိုင်အောင်ဖြစ်သွား၏၊

မြေဘီလူးက ဆက်ပြော၏၊

'ရတနာစေ့မယ့်ကို လုပ်ကြံမယ်ဆိုရင် သူ့မှာ သွေးသောက်မိတ်ဆွေ ကောင်းစွာရှိသေးတယ်ဆိုတာ ကြိုပြီးတွက်ထားရမှာပေါ့'

မုတ်ဆိတ်ကလည်းပြော၏။

'ကောင်းစု ရတနာခေါ်မုယုနဲ့လမ်းခွဲခဲ့တာကြာပြီ၊ မြေစတ်ပိုင်းမှာ အိမ်ထောင်ကျပြီး ကလေးတစ်ယောက်တောင်ရနေပြီး သိုင်းလောကထဲ မဆင်းတော့ဘူးလို့ ကျုပ်ကတွေ့ရမိလို့ဗျ'

မြေဘီလူးကမေး၏။

'မနောက်ဆုံးတော့ မင်းတို့မမျှော်လင့်တဲ့ ကောင်းစုရောက်လာလို့ အားလုံး ဒုက္ခရောက်သွားကြတာပေါ့ ဟုတ်လား'

မုတ်ဆိတ်က ခေါင်းညိတ်လိုက်၏။

'ဒီကိစ္စမှာ ကောင်းစုက တရားခံအစစ်ပေါ့ဗျာ'

မုတ်ဆိတ်က ကောင်းစုအပေါ် အတင်းအကြပ်အပြစ်ပုံချနေ၏။

မြေဘီလူး ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ဒီကိစ္စမှာ ကောင်းစုက အဓိက တရားခံပါအဲ'

'သူ့ကို သတ်ပစ်လိုက်မှပေါ့ဗျာ'

မုတ်ဆိတ်က တိုက်တွန်းလိုက်၏။

သူက မဲ့ပြုံးပြုံးလိုက်၏။

မုတ်ဆိတ်အား ကြည့်လိုက်၏။

'စိတ်ချ သူ့ကြောင့် ကျုပ်ညီလေးသေသွားရတော့ ကျုပ်က သူ့ကို ဘယ်တော့မှ ခွင့်မလွှတ်ပါဘူး'

မုတ်ဆိတ်က အားတက်သရောပြော၏။

Scanned with ACE Scanner

'သူ့ကို သုတ်သင်ပစ်မယ်ဆိုရင်ကျုပ်လဲ့ကူညီနိုင်သခလောက်ကူညီပါမယ်'

သူက မျက်ခမှောင်ကြုတ်သွား၏။

'မင်းက ဘာကူညီနိုင်လို့လဲ'

'သူ ဘယ်မှာနေတယ်ဆိုတာ ကျုပ်သိတယ်ဗျ'

သူက....

'ဒါဖြင့် ပြောစမ်းပါဦး'

မုတ်ဆိတ်က ကောင်းစုံနှင့်သည့် ရွာအကြောင်းကို ပြောပြလိုက်၏။

သူက ခေါင်းညိတ်လိုက်၏။

'ကောင်းတယ်၊ အခု ကောင်းစုဘယ်မှာလဲ'

'သူ့ရွာကို ပြန်သွားပြီထင်တယ်'

'အင်းလေ၊ ကျုပ်လိုက်သွားရမှာပေါ့'

သူက မုတ်ဆိတ်စိုက်ကြည့်လိုက်၏။

မွှဲပြုံးပြုံးကာ ပြောလိုက်၏။

'မင်းသာ အကယ်လို့ ကျုပ်ညီကို လာမခေါ်သွားဘူးဆိုရင် ဒီလိုအဖြစ်မျိုး ကြုံရပါ့မလား'

'ဗျာ'

မုတ်ဆိတ်ရင်ထိတ်သွား၏

သူက....

'ဒီကိစ္စမှာ မင်းကပါးရားခံပဲလို့ ကျုပ်ထင်တယ်၊ မင်းဘာပြောမလဲ'

'ကျုပ်'

မုတ်ဆိတ် အထစ်ထစ်အငေါ့ငေါ့ဖြစ်နေ၏။

သူက ဆက်ပြော၏။

'မင်းသာမခေါ်ဘူးဆိုရင် ကျုပ်ညီ ဒုက္ခရောက်သွားစရာ အကြောင်းမရှိဘူး'

မုတ်ဆိတ်က ကပျာကယာ ထက်ကာပြောလိုက်သည်။

'ဟာ....ဒီလိုမထင်ပါနဲ့ကွာ၊ ကောင်းစုက မဒမျှော်လင့်ဘဲ လစ်ဝင်ရှုပ်လို့ပါ'

သူက....

'မင်းဆင်ခြေပေးနေလို့ အပိုပဲကွ၊ ငါ့ညီ ဒုက္ခရောက်တာကို မင်းတွေ့တယ်၊ ဒါပေမယ့် မင်းက ကိုယ်လွတ်ရုံးပြီး ထွက်ပြေးသွားတယ်၊ ကဲ....မင်းဘာပြောချင်သေးလဲ'

မုတ်ဆိတ် ခေါင်းခါယမ်းလိုက်၏။

'ဒါတော့ ခင်ဗျားက ကျုပ်ကို တမင်သက်သက် အပြစ်တင်နေတာပဲဗျ'

မြေဘီလူးက ခေါင်းခါယမ်းလိုက်သည်။

'မင်းကိုအပြစ်တင်နေတာ မဟုတ်ဘူး၊ မင်း အပြစ် မင်းသိအောင်ပြောပြနေတာ'

မုတ်ဆိတ် ဒေါပွသွား၏။

ဒေါသဝင်ကြီး၊ အော်ပြောလိုက်၏။

'ကျုပ်မှာဘာအပြစ်မှ မရှိဘူး'

မြေဘီလူးက....

Scanned with ACE Scanner

'ကျုပ်ကတော့ မင်းကိုဘယ်လိုမှ ခွင့်မလွှတ်နိုင်တဲ့အပြစ်ကို ကျူးလွန်ထားတယ်လို့ ယူဆတယ်'

'ဒါတော့ ကျုပ်ကိုသက်သက်မဲ့ ....'

မုတ်ဆိတ်မှာ စကားကိုဆုံးအောင် မပြောလိုက်ရပါ။

အကြောင်းမှာ....

မြေဘီလူး၏ အင်္ကျီလက်အိုးထဲမှ ဓားမြှောင် တစ်လက် ဝင်လွင့်လာပြီး သူ၏ဝမ်းဗိုက်ကို စိုက်ဝင် သွားခြင်းကြောင့် ဖြစ်သည်။

'ဝုံစ်'

'အင့်'

မုတ်ဆိတ် မသဲမကွဲညည်းညူလိုက်၏။

မြေဘီလူးကမုတ်ဆိတ်အနားသို့ လျှပ်တစ်ပြက်ရောက်သွားပြီးသွေးကြောများကိုပိတ်လိုက်၏။

မုတ်ဆိတ် ဒဏ်ရာရသွားသည် ဖြစ်သော်လည်း သေသည့်ထိ တော့မဟုတ်ပါ။

မြေဘီလူးက အခေါင်းကို ပခုံးပေါ်ထမ်းလိုက်သည်။

ထိုစဉ်....

အဘိုးအိုက အိမ်အတွင်းသို့ ဝင်လာ၏။

မြေဘီလူးက ပြုံးပြလိုက်သည်။

'မြေတွင်းတူးပြီးပြီလား'

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

'တူးပြီးပါပြီ ဒါထက်အခေါင်းကို ဘာကြောင့်'

သူ၏ စကားမဆုံးမီမြေဘီလူးက ကြားဖြတ် ပြောလိုက်သည်။

'ကျုပ်က လူဘစ်ယောက်ကို ဒီနေ့ မြေမြှုပ် သင်္ဂြိုဟ်မှာ မို့ပါ'

'အခေါင်းထဲက'

'မှတ်ဆိတ်လေ'

'ဟင်'

အဘိုးအို လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

မြေဘီလူးက....

'မှတ်ဆိတ်မှာ လုယက်တိုက်ခိုက်လို့ရတဲ့ ပစ္စည်းတွေ ပါလာတယ်၊ သူသေစ်နေရာရာမှာ ဝှက်ထားလိမ့်မယ်၊ ခင်ဗျား ရှာကြည့်ရင် တွေ့ပါလိမ့်မယ်'

မြေဘီလူးက အခေါင်းကို ထမ်းပြီးထွက်သွားသည်။

လူဆိုးခါးပြဟူသော်ကား အမှန်တရားကိုကျောခိုင်းထားကြသူများဖြစ်ပေသည်။

မြေဘီလူးသည်မြဲ့ပွေ့သည့် အပြင် အလွန် ရက်စက်ကြမ်းကြုတ်သောသူဖြစ်လေသည်။

* * *

## အကြေး

သိုင်းလောကဌ် ထူးခြားသောသတင်းတစ်ပုဒ် ထွက်ပေါ်လာခဲ့၏။

ထိုသတင်းကို ကြားရသူတိုင်းက တအံ့တသြ ဖြစ်ကြလေသည်။

သိုင်းလောကဌ် ဇာတ်မြှုပ်နေခဲ့သောမိုးကြိုးခါးကောင်းစိုးသည်ဓားပါရဂူနှင့်သွားရောက်ယှဉ်ပြိုင်ခဲ့၏။

ပြိုင်ပွဲအပြီးတွင် ကောင်းစိုးသည် ဓားပါရဂူ၏ လက်ချက်ဖြင့်သေဆုံးသွားသည် ဆိုသောသတင်းပင် ဖြစ်သည်။

‘ကျွန်ုပ်၏ဓားဖြင့် မည်သူမျှမသေစေရ’

ဟူသော ဓားပါရဂူ၏ သစ္စာစကားကို သိရှိထားကြသူများအားလုံး ကောင်းစိုးသေဆုံးသွားသည် ဆိုသောသတင်း

ကြောင့် တအံ့တသြဖြစ်ကြသည်မှာ ထူးဆန်းသည် မဆိုနိုင်တော့ချေ။

* * *

နေဝန်းနီမှာ အနောက်ဘက်သို့ ငုတ်လျှိုးကွယ်ပျောက်သွား တော့မည်ဖြစ်လေ၏။

ကောင်းဖုံးသည် ရွာအဝင်လမ်းလေးဆီသို့ မျှော်ကြည့်နေ သည်။

သူ၏ဖြူစင်သန့်ရှင်းသော မျက်နှာလေးတွင် စိတ်ညစ်ညူး သည့်အသွင်ပေါ်လွင်နေလေ၏။

'သား၊ မိုးချုပ်တော့မယ် မေမေတို့ အိမ်ပြန်ကြစို့ဗေ'

မိခင်ဖြစ်သူ ကျင်းကျင်း၏ စကားသံ ထွက်ပေါ် လာမှ ကောင်းဖုံးက မိခင်ဖြစ်သူကို လှည့်ကြည့်လေသည်။

'မေမေ ဖေဖေသွားတာ ကြာပြီနော်'

သူမ ခေါင်းညိတ်လိုက်၏။

ကောင်းဖုံးက မေးသည်။

'မေမေ....ဖေဖေ ဘယ်တော့ ပြန်လာမှာလဲဟင်'

ရုတ်တရက်....

Scanned with ACE Scanner

သူမ၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ပြည့်လျှံလာသည်။

လွန်ခဲ့သော သုံးရက်က....

သူမသည် သခင်ဖြစ်သူကိုခေါ်ကာ ဆယ်မိုင်မျှဝေးသော မြို့လေးသို့သွားကာ လိုအပ်သည့် ပစ္စည်းပစ္စယများကို ဝယ်ယူခဲ့သည်။

ထိုမြို့လေးတွင်....

ကုန်သည်ပွဲစားများ ဝင်ရောက် သွားလာကြပြီး သိုင်းလောကသားများလည်း ရောက်လာလေ့ရှိသည်။

လူပျော်ကြီးသည် ခရီးသွားများ၊ ကုန်သည်ပွဲစားများနှင့် ဆက်ဆံသည့် ကုန်သည်တစ်ဦး ဖြစ်၏။

လူပျော်ကြီးသည် သိုင်းလောက၏ သတင်းထူးများအား ကြားနေတတ်သည်။

ကျင်းကျင်းသည် လူပျော်ကြီးနှင့် သွားရောက်တွေ့ဆုံပြီး သတင်းထူးတစ်ခု ကြားရ၏။

သူမနှင့် တိုက်ရိုက်ပတ်သက်နေသော သတင်းတစ်ခု ဖြစ်ကြောင်း နောက်မှ သိလိုက်ရလေ၏။

သိုင်းလောက၏ သတင်းသည် မြောက်ပိုင်း နယ်သို့တိုင် လွင့်ပျံ့ရောက်ရှိလာခြင်း ဖြစ်သည်။

ထိုသတင်းကို သိရပြီးနောက်....

ကောင်းဖုံက ရေရွတ်လိုက်၏။

'မြန်မြန်လာပါတော့ ဖေဖေရယ်၊ သားလွမ်းလှပါပြီ'

ကျင်းကျင်းက မျက်နှာကို တစ်ချက်လွှဲလိုက်၏။

Scanned with ACE Scanner

သူမ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်ကို မတွေ့မမြင်စေလိုပါ၊

အကယ်၍....

ဖခင်ဖြစ်သော ကောင်းစု ဘည်သောအခါမှ ပြန်လာနိုင်တော့မှာ မဟုတ်ကြောင်း၊ ကောင်းဖုံ သိနိုင်မည် ဆိုပါလျှင်...

* * *

'ဟား ဟား၊ ဟား'

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်၊

မြေဘီလူးက ဟားတိုက်ရယ်မောလိုက်ခြင်းဖြစ်၏၊

မြေခွေးရိုချိုက မေးလိုက်၏၊

'မြေဘီလူးဟာ မုဆိုးဆီက တစ်ခုခုရခဲ့ပြီ ထင်တယ်'

မြေဘီလူး ခေါင်းညိတ်လိုက်၏၊

'ဟုတ်တယ်၊ ကျုပ်ညီအကြောင်းကို သိခဲ့ရပါတယ်ဗျာ'

'မြေဘီလူးရဲ့ညီ သေးဘီလူးဟာ'

'သူသေသွားပါပြီ'

'ဗျာ'

မြေခွေးရိုချို လှုပ်လှုပ်ရှားရှားဖြစ်သွား၏၊

ဘိလူးလေးဖော်သည် အလွန်ကြောက်စရာ ကောင်းသူများအဖြစ် ကျော်ကြားနေကြသူများ ဖြစ်လေသည်။

ယခု....

ဘေးဘီလူးသေဆုံးသွားပြီဟု သိလိုက်ရသည်။

ထို့ကြောင့်....

ကျန်ဘီလူးသုံး ဖော်သည် မည်သည့်နည်းနှင့်မျှ လက်ပိုက်ကြည့်နေကြမည် မဟုတ်ပါ။

သိုင်းလောကတွင် ပြဿနာ ပေါ်ပေါက်လာတော့မည်ဟု မြေခွေးရှိချိ နားလည်လိုက်၏။

မြေဘီလူးကိုကြည့်ကာ မေးလိုက်၏။

'ဘယ်သူ့လက်ချက်လဲဗျ'

မြေဘီလူးက ပြော၏။

'မိုးကြိုးမြားကောင်းစုရဲ့ လက်ချက်ပဲ'

မြေခွေးရှိချိ မျက်နှာပျက်သွား၏။

ပါးစပ်ပိတ်ထားပြီး ထပ်မမေးတော့ပါ။

မိုးကြိုးမြား ကောင်းစုသည် ပို၍ကြောက်စရာကောင်းသူဖြစ်ကြောင်း သဘောပေါက်ထားသည် မဟုတ်ပါလား။

မြေဘီလူးက ပြော၏။

'ကောင်းစုက မြောက်ပိုင်းကိုပြန်သွားတယ်လို့ သိရပါတယ်၊ ဒါ့ကြောင့် ကျုပ်က မြောက်ပိုင်းကိုလိုက်သွားဖို့ စိတ်ကူးထားတယ်'

ရှိချိက....

'ကျုပ်က'

'ခင်ဗျားလဲ လိုက်ခဲ့ရမယ်'

'ကျုပ်'

မြေဘဝလူက ပြုံးလိုက်၏။

'မြေဇာပိုင်းဒေသကိုသွားရတာ ပျော်စရာကောင်းမှာပါဗျာ၊ တောတောင်ရေမြေနဲ့ သဘာဝအလှအပတွေ သိပ်ပေါများတယ် ဆိုပဲဗျ'

ရှီချိက ဘာမျှမပြောနိုင်ချေ။

အမှန်အတိုင်း ဝန်ခံရလျှင် မိုးကြိုးခဲအောင်းစုံနှင့် ရင်ဆိုင်ရမည်ကို စန်လေးနေသည်။

မိုးကြိုးခဲအောင်းစုသည် သိုင်းပညာအလွန်တော်သူဖြစ်ကြောင်း သိထား၍ဖြစ်သည်-

ထိုစဉ်....

'ဒေါက်....ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာ၏။

ရှီချိက ပြောလိုက်၏။

'ဝင်ခဲ့ပါ'

တံခါးပွင့်သွားပြီး လူတစ်ယောက်ဝင်လာသည်။

ရှီချိ၏ တပည့်တစ်ယောက်ဖြစ်၏။

ရှီချိက မေးလိုက်၏။

'ဘာကိစ္စလဲဟေ့'

ထိုလူက....

'သိုင်းလောကမှာ ထူးခြားတဲ့သတင်းတစ်ခု ထွက်ပေါ်လာလို့ လာပြောတာပါ'

ရှိခိုး မျက်မှောင်ကုပ်သွား၏။

မြေဘိလူးက စိတ်ဝင်စားစွာ နားစွင့်နေလိုက်သည်။

သတင်းလာပို့သူက....

'မကြာသေးခင်က သတင်းတစ်ခု ထွက်လာခဲ့ပါတယ်၊ မိုးကြိုးခါးကျောင်းစုဟာ သူ့ရဲ့သေးသောထိမိတ်ဆွေ ရတနာ ဓားမှုယူ အရေးနိမ့်သွားတာကို မကျေနပ်လို့ ဓားပါရဂူနဲ့ ထွေးပြီး ယှဉ်ပြိုင်ခဲ့ပါတယ်'

'ဟင်'

မိုးကြိုးခါး ကျောင်းစု၏အမည် ပါလာသဖြင့် မြေဘိလူး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'ဘယ်တုန်းကလဲ'

သတင်းလာပို့သူက....

'သိပ်မကြာသေးပါဘူး'

'သူတို့ ယှဉ်ပြိုင်ခဲ့ကြတယ် မဟုတ်လား'

သတင်းပို့သူက ခေါင်းညိတ်၏။

'ကျောင်းစုဟာ ဇာတ်မြုပ်နေရှာင်တိမ်းနေတဲ့ ဓားပါရဂူကို တွေ့အောင် ရှာနိုင်ခဲ့ပါတယ်၊ သူတို့ ယှဉ်ပြိုင်ခဲ့ကြပါတယ်၊ နောက်ဆုံး ကျောင်းစု ရှုံးနိမ့်သွားပါတယ်'

မြေဘိလူးမျက်နှာ ရှုံ့မဲ့သွား၏။

သတင်းလာပို့သူက ဆက်ပြောလေ၏။

'ဓားပါရဂူရဲ့ ဆက်ချက်ကြောင့် ကျောင်းစုံသေဆုံးသွား ခဲ့ပါတယ်'

သူ၏စကားဆုံးလျှင်....

'ဘာ'

မြဘဝိလှူး၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏၊ ထိုသူ၏အင်္ကျီရင်ဘတ်ကို ဖျတ်ခနဲ ဆောင့်ဆွဲလိုက်ရင်း....

'ဘာပြောတယ်၊ ခေးပါဂူရဲ့သက်ချက်ကြောင့် ကောင်းစုသေဆုံးသွားပြီ ဟုတ်လား'

ဟု မေးလိုက်၏။

ထိုလူက မကျေမနပ်ဖြစ်သွားသော်လည်း မြဘဝိလှူးကို ပြန်မပြောဘဲ ငြိမ်နေလိုက်၏၊

မြဘဝိလှူးက....

'ငါမေးနေတာကို ပြောစမ်းပါဦး၊ ကောင်းစုသေသွားပြီ ဟုတ်လား'

ထိုသူက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

'မင်းလိမ်ပြောတာ'

'ဗျာ'

ထိုသူ ကြောင်အမ်းအမ်းဖြစ်သွား၏။

'ခေးပါရဂူရဲ့ သစ္စာစကားကို သိုင်းလောကတစ်ခုလုံးက သိထားကြတယ်ကွ'

ထိုလူကရှင်းပြ၏။

'ဟုတ်ပါတယ်....ဒါပေမယ့် ပြိုင်ပွဲမှာ သူ့အသက် ကိုယ့်အသက်လုကြတာမို့ ခေးပါရဂူက သတ်ပစ်လိုက်သလို ဖြစ်သွားလို့ သိရပါတယ်'

'မတာက်'

Scanned with ACE Scanner

မြဘီလူး ဒေါသတကြီး တောက်ခေါက်လိုက်၏၊
ထိုလူကို ဆောင့်တွန်းလိုက်ပြီး....
'ငါကိုယ်တိုင် စုံစမ်းကြည့်မယ်၊ မင်းသတင်းမှားနေမယ်ဆိုရင် သေဖို့သာပြင်ထား'
ငေါက်လိုက်သည်၊
ထို့နောက်....
ခြေသံပြင်းပြင်းနှင့်ကား အခန်းတွင်းမှ ထွက်သွားတော့သည်။
မြေးခွေးရှိခိုက မြဘီလူးထွက်သွားခြင်းသည် အပြီးတိုင် ထွက်သွားခြင်းဖြစ်ပါစေဟု ဆုတောင်း နေမိလေတော့သည်။

မြေဘီလူးသည် ကြားရသေးသတင်းကို မယုံကြည်နိုင်ပါချေ။

ထို့ကြောင့်....

သိုင်းလောကသို့ ဆင်းတော့ ကိုယ်တိုင်စုံစမ်းသည်။

ထိုအခါ ကြားရသောသတင်းမှာ မှန်ကန်နေကြောင်းသိလိုက်ရလေသည်။

မဲစားပါရဂူ၏လက်ချက်ဖြင့် မိုးကြိုးဓားကောင်းစုသေဆုံးသွားပြီဆိုသောသတင်းသည် ဟိုးလေးတကျော်ကျော်ဖြစ်နေသည်ကို သိလိုက်ရလေသည်။

မြေဘီလူးသည် ကောင်းစုံသေဆုံးသွားပြီဟု သိရလျှင် ဒေါသချောင်းချောင်း ထွက်သွားလေသည်။

* * *

မိုးကြိုးခေါးကောင်းစု သေဆုံးသွားပြီဖြစ်သည်၊

မြေဘာဝိလူးသည် သွေးဘာဝိလူးအတွက် ကောင်းစုအပေါ် မကျေမနပ် အခဲမကျေဖြစ်နေသည်။

သို့သော်....

ကောင်းစုသေသွားပြီတု သိလိုက်ရသောအခါ အားမလို အားမရ ဖြစ်သွားရလေသည်။

သူက ကောင်းစုကို မည်သည့်နည်းနှင့်မျှ ရင်ဆိုင်နိုင်တော့မည်မဟုတ်ပါချေ။

ကောင်းစုနှင့်ရင့်ဆိုင်လိုပါက တမလွန်ဘဝသို့ လိုက်သွားဖို့သာရှိပေတော့သည်၊

'တောက်'

မြေဘာဝိလူး ဒေါသတကြီး တက်ခေါက်လိုက်၏၊

ရှိချိုက စိတ်သက်သာရာရသွားသလို သက်ပြင်း ချလိုက်သည်။

ကောင်းစုသေဆုံးသွားပြီဖြစ်၍ မြောက်ပိုင်းသို့ လိုက်သွားစရာမလိုတော့ပါချေ။

အန္တရာယ်တစ်ခု လွတ်မြောက်သွားပြီ မဟုတ်ပါလား။

ထို့စဉ်....

မြေဘာဝိလူး မျက်မှောင်ကြုတ်လိုက်၏၊

'ခေးပါရဂူမှာ သစ္စာစကားတစ်ခွန်းရှိတယ်မဟုတ်လား၊ သိုင်းလောကတစ်ခုလုံး သိကြတာဘဲ'

ရှိချိုက ခေါင်းညိတ်လေ၏၊

'ဟုတ်တယ်၊ ကောင်းစုက သူ့လက်ချက်နဲ့သေသွားခဲ့ပြီ'

Scanned with ACE Scanner

မောင်စင်းစု သေဆုံးသွားရသည့်ကိစ္စမှာ အံ့သြစရာကောင်း၊ သောကိစ္စဖြစ်နေသည်။

မြေဘိုလူးက ထင်မြင်ချက်ဖြင့် ပြော၏။

'ဒီကိစ္စ မရိုးသားဘူးလို့ ကျုပ်ထင်တယ်'

ရိုချီ ဘာမှမပြောဘဲ နေလိုက်သည်။

မောင်စင်းစုနှင့် ခါးပါရဂူတို့ မည်သို့ ဖြစ်ပျက်ခဲ့သည်ကို မြေဘိုလူးက စုံစမ်းတော့မည်မှာ သေချာနေပါသည်။

ဤတွင်....

သူလည်း တန့်လန့်၊ တန့်လန့်ဖြင့် ပါဝင်နေရဦးမည်မှာ သေချာမနေပြီ မဟုတ်ပါလော။

ထိုသို့တွေးမိလျှင် ရိုချီရင်ထဲ တင်းကြပ်လာပြီး....

'ခါးပါရဂူနဲ့ပတ်သက်ပြီး ထွက်ပေါ်လာတဲ့သတင်းတွေ တာ ဘယ်တုန်းကမှ မှားယွင်းခဲ့တယ်လို့ မရှိခဲ့ပါဘူးဗျာ'

ပြောလိုက်၏။

မြေဘိုလူးက....

'ဒါတော့....ခါးပါရဂူနဲ့တွေ့မှ ပြောလို့ရလိမ့်မယ်၊ ကျုပ်ကတော့ သူများပြောအောာ သိပ်ပြီးမယုံချင်ဘူးဗျ'

ရိုချီက ပြန်ပြော၏။

'တကယ်လို့ ဒီသတင်းက မှန်ကန်နေရင်တော့ဗျာ'

မေးလိုက်ပြီး....

မြေဘိုလူးက ရုတ်တရက်အဖြေမပေးနိုင်ပဲဖြစ်သွား၏၊

ရိုချီက သူ့ကို အကဲခတ်ကြည့်နေသည်။

အတန်ကလေးကြာမှ သူသက်ပြင်းချလိုက်၏။

Scanned with ACE Scanner

'ဒါဆိုရင်တော့ ခင်ဗျားက ကျုပ်အတွက် လုပ်ပေးစရာ ကိစ္စတစ်ခုပဲ ရှိတော့မှာဗျ'

'ဘယ်လိုကိစ္စမျိုးလဲဗျ'

မြေဘိလူးက ပြောလိုက်၏။

'မြောက်ပိုင်းကိုသွားပြီး ကောင်းစုရဲ့မိသားစုကို ခေါ်လာဖို့ပါပဲ'

မြေခွေးရိုခါ အံ့အားသင့်စွာဖြင့် မြေဘိလူးကိုလှမ်းကြည့်လိုက်၏။

မြေဘိလူးသည် အငြိုးကြီးသူဖြစ်ကြောင်းကို သဘောပေါက်သွားလေသည်။

• * •

သိုင်းလောကတစ်ခုလုံးသိထားကြသည့် ဓားပါဂူ၏သစ္စာ
စကားတစ်ခွန်းရှိ၏။

ထိုသစ္စာစကားမှာ....

'ကျွန်ုပ်၏ဓားဖြင့်မည်သူမျှမသေစေရ'

'ဟူ၍ဖြစ်ပါသည်။

* * *

လေဝေ ယမ်းတိုက်ခတ်လာသည်။

ရွှဆီခြေထောက်များသည် တဖြည်းဖြည်း ကြွေကျလာကြ
သည်။

တောင်ကုန်းလေးပေါ်၌ ဝါးရုံပင်များ ရှိနေ၏။

ဝါးရုံပင်များရှေ့တွင် အုတ်ဂူတစ်လုံးရှိနေ၏။

ထိုအုတ်ဂူ၏ရှေ့တွင်ယခင်က....

ဓားပါရဂူ၏အုတ်ဂူ....

ဟူ၍ ရေးသားထားသော ဆေးမှည်းကျောက်စာတိုင်ရှိလေ
သည်။

ယခု....

တမွံညီးကျောဆစ်စတိုင်ပေါ်မှ စာများပြောင်းလဲသွားပြီ ဖြစ်လေသည်။

ပြောင်းလဲရေးသားထားသော စာများမှာ....

'မိုးကြိုးခေါ်ကောင်းစု'

ဟူ၍ဖြစ်ပါသည်။

မိုးကြိုးခွဲကောင်းစု သေဆုံးသွားပြီ ဖြစ်ပါသည်။

ထို့ကြောင့်....

ခေါ်ပါရဂူက ကောင်းစုံအား ဆောင်းမွန်စွာပင် မြှုပ်နှံ ပေးလိုက်သည်။

ကောင်းစုမှာ သူ့လက်ချက်ဖြင့် ပထမဆုံးသေဆုံး သွားသူ ပင်ဖြစ်သည်။

ခေါ်ပါရဂူဝမ်းလီသည် အုတ်ဂူရှေ့တွင် ဒူးထောက်ရှိနေ သည်။

ကောင်းစု၏အုတ်ဂူ၌ အမွှေးတိုင်၊ ဖယောင်းတိုင်များရှိ၏။

ဝမ်းလီ၏မျက်နှာမှာ ဖြူဖပ်ဖြူလျော်ဖြစ်နေသကဲ့သို့မျက်တွင်း အစုံမှာ ရီဝေနေ၏။

ကောင်းစု၏ အုတ်ဂူကိုအတန်ကြာ ငေးစိုက်ကြည့်နေပြီးမှ တစ်လုံးချင်းပြောလိုက်၏။

'ဒီတစ်သက်မှာ ကျုပ်ခံစားမကိုင်တော့ဘူးလို့ ကတိပေး ပါတယ် ပြီးတော့....'

ခမ်းနည်းကြေကွဲဖွယ်သည့် အလွမ်း သွားအသံက တဖြည်း ဖြည်းတိမ်ဝင်သွား၏။

သူသည် ကောင်းစု၏ အုတ်ဂူရှေ့တွင် ထိုင်ကာ ပြောဆိုလိုက်လေသည်။

သူ၏ဘဝသည် ကောင်းစုနှင့် တွေ့လိုက်ရသဖြင့် များစွာ ပြောင်းလဲသွားလေသည်။

ထိုပြောင်းလဲမှုသည်။

• • •

ဒုက္ခပင်လယ်

---

မြောက်ပိုင်းဒေသ....

မြောက်ပိုင်းဒေသည် အေးချမ်းသာယာသည့် ရိုးသားပွင့်လင်းသူများ၊ စိတ်ထား ဖြူစင်သူများသာ နေထိုင်ကြသည့် အရပ်ဒေသဖြစ်ပေသည်။

ကျင်းကျင်းနှင့် ကောင်းဖုတို့ သားအမိသည်လည်း ထိုအရပ်ဒေသတွင် နေထိုင်ကြသူများထဲမှာ အပါအဝင် ဖြစ်ပေသည်။

Scanned with ACE Scanner

နေဝန်းနီမှာ အနောက်ဘက်သို့ ငုတ်လျှိုး ပျောက်ကွယ်သွားတော့မည်ဖြစ်သည်။

ကျေးငှက်ကလေးများက အိပ်တန်းဝင်ရန် ပျံသန်းနေကြသည်။

ဆည်ဆာရောင်ခြည်အောက်တွင် ဝန်းကျင် တစ်ခုလုံးမှာ သာယာလှပနေသည်။

ကုန်းကမူလေးပေါ်တွင် ကောင်းဖုံးက မလှုပ်မယှက်ရပ်နေသည်။

သူ၏ မျက်နှာလေးမှာ ပကတိ ချစ်စဖွယ် ကောင်းလှပေသည်။

သို့သော်....

သူ၏မျက်နှာလေးမှာ ညှိုးငယ်၍နေသည်။

မျက်လုံးအစုံမှာ ရီဝေနေပြီး အဝေးတစ်နေရာသို့ လှမ်းမျှော်ကြည့်နေသည်။

ကျင်းကျင်းသည် သားဖြစ်သူကိုကြည့်ကာ မျက်ရည်များ စီးကျလာသည်။

ကောင်းဖုံးက သူ၏ဖခင်ဖြစ်သူ ကောင်းစု ပြန်ရောက်လာချိန်ကို စောင့်မျှော်နေခြင်းပင်ဖြစ်ပါသည်။

ကောင်းစု ထွက်သွားသည်မှာ အတော်ကြာသွားပြီ ဖြစ်သည်။

ယခုတိုင်....

ရောက်မလာသေးပါ။

Scanned with ACE Scanner

ကောင်းစုံ ဘယ်သောအခါမှ ပြန်ရောက် လာနိုင်တော့ မည်မဟုတ်ကြောင်း ကျင်းကျင်းမှာ နားလည်လိုက်လေတော့ သည်။

မကြာသေးမီက....

မြို့သို့ တက်ပြီး သတင်းစုံစမ်းခဲ့ရာတွင် သိုင်းလောကနှင့် အဆက်အသွယ်ရှိသော လူပျော်ကြီး ဆိုသူထံတွင် ကောင်းစုံ မှာသေဆုံးသွားပြီဟူသော သတင်းရခဲ့သည်မဟုတ်လား။

ကျင်းကျင်းမှာ ပထမဆုံးလုံးဝမယုံကြည်နိုင်အောင် ဖြစ်ခဲ့ ရပါသည်။

သို့သော်....

ကောင်းစုံ လုံးဝ ပြန်ရောက်လာခြင်း မရှိတော့သော ကြောင့် တစ်စထက်တစ်စ ယုံကြည်လက်ခံရမလိုပင် ဖြစ်လာ သည်။

'ဟုတ်ပါပြီ အစ်ကိုကောင်းစုံသေဆုံးသွားပြီလို့ လူပျော် ကြီးက ပြောတာတကယ်ပဲ ဖြစ်မှာပါလေ'

ကျင်းကျင်းဆောက်တည်ရာမရနိုင်တော့ပါ။

မျက်နှာလွှဲကာ ငိုကြွေးလိုက်၏။

ထိုစဉ်....

ကောင်းဖုံသည် မိခင်ဘက်သို့ ပြန်လှည့်လာပြီးလျှင် မေး လိုက်သည်။

'အမေ၊ အဖေဘယ်တော့လောက် ပြန်လာမှာလဲဟင်'

ကျင်းကျင်းက မျက်ရည်များကို ကပျာကယာသုတ်၍ပြော သည်၊

'အမေလဲ မပြောတတ်ပါဘူး သားရယ်၊ ပြန်လာတော့မှပါ'

သားဖြစ်သူ ကောင်းဖုံကို အားပေး နှစ်သိမ့် လိုက်လေသည်။

သူက....

'ရွာထဲက အရက်သမားကြီး အာစီးပြောတာများ မှန်နေပြီလားဟင်'

ဟု ပြောလာ၏။

'ဟင်'

ကျင်းကျင်း အံ့သြသွား၏။

ကောင်းဖုံကို စိုက်ကြည့်လိုက်၏။

'အာစီးက သားကို ဘာတွေ ပြောထားလို့ လဲသားရဲ့'

မေးလိုက်၏။

သူက မိခင်ဖြစ်သူကို ကြည့်လိုက်၏။

ပြီးမှ....

'ဦးလေးအာစီးက ပြောတယ်၊ အဖေက သားတို့ သားအမိကို ထားပစ်ခဲ့ပြီးတော့ ပြည်မကို ပြန်သွားပြီတဲ့၊ ပြီးတော့'

သူ၏ စကား တစ်ဝက်တစ်ပြက်ဖြစ်သွား၏။

ကျင်းကျင်းက အလျင်စလိုမေးလိုက်၏။

'ပြီးတော့ ဘာဖြစ်လဲ၊ ဘာဖြစ်လဲ'

သူက....

'အဖေက အစာဝလို့ ပြန်တာတဲ့'

'ဘာ'

ကျင်းကျင်း၏ အသံကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မျက်လုံးများမှာ ဒေါသကြောင့်နီနေ၏။

သူ ထိတ်လန့်သွား၏။

ကပျာကယာနောက်ဆုတ်လိုက်၏။

ထို့နောက်....

သူ၏ မိခင်ကို အထိတ်တလန့်ကြည့်နေလေ၏။

သူ၏မိခင်မှာ ယခုလို ဒေါသ ထွက်နေသည်ကို တစ်ကြိမ်တစ်ခါမျှ သူ မတွေ့ဘူးပေ။

မမြင်ဘူးပါချေ။

ကျင်းကျင်းသည် သားဖြစ်သူ ကောင်းဖုံကို စိုက်ကြည့်လိုက်၏။

ပြီးနောက်

'အော် သားက ဒီအရက်သမားအာစီးဆိုတဲ့လူနဲ့သွားပြီးတော့ အပေါင်းအသင်းလုပ်အယ်ပေါ့လေ ဟုတ်လား'

မေးလိုက်၏။

သူ ခေါင်းခါ၏။

'မဟုတ်ပါဘူး အမေ သားရွာလယ်ပိုင်းကို သွားတုန်းကသူနဲ့ လမ်းမှာ တွေ့ရတာပေါ့၊ သူက ဘာမှမပူပါနဲ့တဲ့ ကျွန်တော်တို့ သားအမိကို ဆွစောင့်ရှောက်မယ်လို့ တောင်မှ ပြောလိုက်ပါသေးတယ်'

'ဟင်'

ကျင်းကျင်း နှာခေါင်းရှုံ့လိုက်၏။

'သူလိုလူစားမျိုးကို ဘယ်တုန်းကမှ စိတ်မကူးခဲ့ဘူးဆိုတာ ကို သူမသိဘူးလား၊ ကဲ လာ လာ အိမ်ပြန်ကြစို့.'

သူ ခေါင်းညိတ်လိုက်၏။

'ဟုတ် ဟုတ်ကဲ့ အမေ'

ကျင်းကျင်းထာ သားဖြစ်သူ၏ လက်ကိုဆွဲ၍ ခေါ်သွားလေ သည်။

* * *

သူတို့သည် ရွာထဲသို့ပြန်ဝင်လာခဲ့ကြပြီး တောင်ဘက်ပိုင်း သို့ဦးတည်လျှောက်လာခဲ့ကြလေသည်။

ရွာကလေးသည် တောင်ပေါ်တွင် တည်ထားသော ရွာ ကလေးတစ်ရွာဖြစ်၏။

တောင်ပေါ်တွင် မြေကွက်လပ်၌ အိမ်ခြေများ စုံစုံရုံးရုံး ဖြစ်နေသလို တောင်ကမ္ဘာလ၊ မျှားပေါ်တွင် ဆောက်လုပ် ထားသော အိမ်ကလေးများတည်ရှိနေ၏။

အချို့က သစ်ပင်များကြား၌ ခုတ်ထွင်ရှင်းလင်းကာ အိမ် ဆောက်ထားကြသည်၊

ကျင်းကျင်းတို့ အိမ်ကလေးမှာ ရွာတောင်ဘက် အစွန်ရှိ ရှိတောင်ကုန်းလေး တစ်ခုပေါ်၌ သီးသန့်ဆောက်လုပ်ထား သော အိမ်ကလေးဖြစ်သည်။

တောင်ကုန်းလေး ပေါ်တွင် သီးပင်များ၊ စိုက်မျိုးထား သလို ကြက်၊ ဘဲ၊ ဝက် တိရစ္ဆာန်များလည်း မွေးမြူထားသေး သည်။

ဤအည်မှာ

ဆောင်းစုံ၏ လက်ရာပင်ဖြစ်သည်။

ကျင်းကျင်းတို့ စကားတပြောပြောဖြင့် အိမ်သို့ပြန်လာခဲ့ ရာ ရွာထဲမှ အိမ်များကို ဖြတ်သန်းပြီး တောင်ကုန်းလေး ခြေရင်းသို့ ရောက်လာကြသည်။

ထိုစဉ်....

'ညီမကျင်း၊ ညီမကျင်း'

အဝေးမှ ခေါ်သံထွက်ပေါ်လာသည်ကိုကြားလိုက်ရသေး သည်။

သူမ၏ ခြေလှမ်းများတုန့်ခနဲပင်ရပ်တန့်သွား၏၊

နောက်သို့လှည့်ကြည့်လိုက်၏။

ထိုအခါ

ခြေလှမ်းဒယီးဒယိုင်ဖြင့် လာနေသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရ၏။

သူမ မျက်နှာတင်းမာခက်ထန်သွားသည်၊

နှာခေါင်းဘစ်ချက်ရှုံ့လိုက်သည်၊

'အနှောင့်အယှက်ပဲ'

Scanned with ACE Scanner

ရေရွတ်လိုက်သည်
တောင်းဖုံကလည်း
'ဟင် ဦးလေးအာစီး'
လွှတ်ခနဲအော်လိုက်သည်။

* * *

အာစီး....

အာစီးသည် ကျောင်းကျောင်းတို့ရွာမှ အရက်သမားတစ်ဦးပင် ဖြစ်သည်။

မိဘများက ချမ်းသာကြွယ်ဝသောကြောင့် အလုပ်အကိုင် မယ်မယ်ရရ မလုပ်ပေ။

သောက်စားမူးယစ်ကာ ရွာထဲ၌ ရမ်းကားနေသူတစ်ဦး ဖြစ်၏။

ကျောင်းကျောင်းကို အပျိုဘဝကတည်းက ကြိတ်ပိုးခဲ့သူလည်း ဖြစ်၏။

ကျောင်းကျောင်းသည် မိဘများ ကွယ်လွန်သွားပြီ ဖြစ်သောကြောင့် ဦးလေးဖြစ်သူနှင့် နေထိုင်ခဲ့ရသူဖြစ်သည်။

သူ၏ဦးလေး လက်ထဲ၌ပင် ကောင်းစုနှင့် အကြောင်းပါခဲ့ခြင်း ဖြစ်၏။

တို့နောက်....

ကောင်းစုက ကျင်းကျင်းနှင့် အတူနေပြီး ပြည်မသို့မပြန်တော့ခြင်း ဖြစ်၏။

ယခု....

ကောင်းစု မရှိတော့သဖြင့် အာစီးက ကျင်းကျင်းအား နှောင့်ယှက်လာခြင်း ဖြစ်ပေတော့သည်။

* * *

အာစီးသည် ကျင်းကျင်းတို့ သွားရာလမ်းကို ပိတ်ထားလိုက်၏။

'ညီမကျင်းကျင်း....ဘယ်ကပြန်လာကြလဲ'

မေးလာ၏။

'ကျွန်မဘာသာ ဘယ်ကပဲပြန်လာလာ၊ ရှင့်အပူမပါဘူး'

ဘုဆတ်ဆတ် ပြောလိုက်၏။

အာစီးက မဲ့ပြုံးပြုံးဖြင့် ပြောလိုက်၏။

Scanned with ACE Scanner

'ညီမကျောင်းကျောင်းက ပုတ်ရှာသံစာကို အခုထိစောင့်မျှော်နေတုန်းပဲကိုးကွယ်၊ သူဆာတော့ ညီမကို သတိမရတဲ့အပြင် ကလေးတစ်ယောက်နဲ့ ထားခဲ့ပြီး ထွက်ပြေးသွားပြီဆိုတာကို မသိဘူးလား'

'ဘာရှင့်'

ကျောင်းကျောင်း ဒေါသထွက်သွားလေသည်။

အာကိုတင်းတင်း ကြိုတ်ထားလိုက်၏။

အာစီးက ပြောပြန်၏။

'ညီမကျောင်းကျောင်း အခုလို ဒုက္ခရောက်နေတာကို အစ်ကိုတာ မကြည့်ရက်ပါဘူးကွယ်၊ အစ်ကိုက ညီမကိုတကယ်ချစ်တာပါ၊ ညီမကို စောင့်ရှောက်ပါရစေလား'

သူမက ဒေါသတကြီးပြော၏။

'ဘာ....ဘာပြောတယ်၊ ရှင်တော်တော် မိုက်ရိုင်းလှချည်လား'

အာစီးက ရယ်ကျဲကျဲဖြင့် ပြော၏။

'ဟဲ့....ဟဲ၊ ကျုပ်က ညီမကျောင်းကျောင်းအပေါ်မှာ တကယ်ချစ်တာပါ၊ မေတ္တာလွဲ မပျက်ပျက်ပါဘူး၊ ညီမ ကျောင်းကျောင်းကိုလေ'

'ရှင် လူပါးဝလှချည်လား'

သူမ ဒေါသမထိန်းနိုင်တော့ပါ။

'ဖြန်း'

အာစီးကို ပါးရိုက်ချလိုက်၏။

'ဟင်'

အာစီး ဇပျှာကယာ နောက်ဆုတ်လိုက်၏။
အာစီး၏ပါးတစ်ဖက်မှာ နီရဲသွားလေ၏။
ကျင်းကျင်းက ဂရုမစိုက်ပါချေ၊
ကောင်းဖု၏ လက်ကိုဆွဲလာ....
'လာ....သွားစို့'
ကောင်းဖုကိုခေါ်ကာ တောင်ကုန်းပေါ် တက်သွားလေသည်။
အာစီးက ကျင်းကျင်းတို့အား အတန်ကြာသည်အထိပင် စိုက်ကြည့်နေ၏။
မြို့မှ....
'တစ်နေ့ တွေ့ကြဦးမှာပေါ့ ကျင်းကျင်းရယ်'
ကြုံး၀ါးကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

* * *

ညံ....
ကောင်းကင်ပေါ်တွင် လ၀န်းထိန်ထိန် သာနေပါတော့သည်။

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေပေသည်၊

ညဥ့်နက်ပြီဖြစ်၏၊

တောင်းဖုံ အိပ်ပျော်သွားပြီ ဖြစ်သည်။

ကျော်းကျော်းမှာ သားဖြစ်သူ၏နဖူးအား နမ်းကာ အိမ်ရှေ့သို့ ထွက်လာ၏၊

အိမ်ရှေ့ရှိ သစ်ပင်ကြီးအောက်၌ ခုံတန်းလျားတစ်ခုရှိနေသည်၊

ထိုတန်းလျားတွင် လသာသောညများ၌ ကျော်းကျော်းနှင့်တောင်းစုတို့ အတူထိုင်ကာ

ဘဝရှေ့ရေးအတွက် တိုင်ပင်ပြောဆိုခဲ့ကြပုံများကို ကျော်းကျော်းမှာ ပြန်လည်မြင်ယောင်လာ၏။

ထိုသို့ တွေးမိသည်နှင့်....

ကျော်းကျော်း၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာတော့သည်၊

တောင်းစု ပြန်ရောက်မလာခြင်းမှာ အမှန်ပင်ဖြစ်ပါသေးသည်၊

သို့သော်....

သေဆုံးသွားသည် ဆိုသည်ကိုမူ ကျော်းကျော်းမှာ လက်မခံနိုင်ပါချေ၊

ယုံကြည်နိုင်အောင်လည်း ဖြစ်နေပါသည်၊

သူမက အရှုံးသဖွယ် ခေါင်းကိုခါယမ်းလိုက်၏၊

'အစ်ကို မသေသေးပါဘူး၊'

တတွတ်တွတ် ရေရွတ်နေ၏။

ကောင်းစုသာ အသက်ထင်ရှား ရှိနေပါလျှင် ကျိန်းသေ ပြန်လာရမည် ဖြစ်သည်။

ယခုမူ....

